# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇွေန် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏၊ သူတော်ကောင်းတို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက်မွေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**ဆရာတော်ကြီး၏ ခိုင်မြဲတည်ကြည်သည့် စာပေကျေးဇူးသည် မြန်မာစာပေသမိုင်းအတွက် တုနှိုင်း၍မရနိုင်ဘဲ အလင်္ကာပန်းရနံ့ပမာ ယနေ့ထက်တိုင် သင်းပျံ့နေဆဲဖြစ်**

နေပြည်တော် စက်တင်ဘာ ၂၃

စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် ဆောင်ရွက်ကြမည့် ပညာရှင်များ၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်ပြခန်းအတွင်း ကြည့်ရှုလေ့လာစဉ်။




ကြေးမုံ

# ကျေးလက်လူမှုစီးပွားကူညီ၍ နိုင်ငံမြှင့်တင်

နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် မြို့ပြများ၌ လူဦးရေထူထပ်များပြားပြီး လူမှုစီးပွားဘဝများမြင့်မားတိုးတက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ မြို့ပြများတွင် လူဦးရေထူထပ်သော်လည်း များသောအားဖြင့် ကျေးလက်နေပြည်သူများ၏ လူဦးရေမှာ ပိုမိုများပြားပေသည်။ လူဦးရေကွာခြားမှုအရ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်မည်ဆိုလျှင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်သည်ဟု ဆိုနိုင်မည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများကို ကြည့်မည်ဆိုလျှင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းပြည်ခေါင်းဆောင်၏ အမြော်အမြင်ကြီးမားမှု၊ အစိုးရအဖွဲ့၏ စနစ်တကျစီမံခန့်ခွဲမှုနှင့် ကျေးလက်နေပြည်သူများ၏ နိုးကြားတက်ကြွစွာ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်မှုတို့သည် အဓိကကျကြောင်း တွေ့ရမည်ဖြစ်သည်။ တိုင်းပြည်ခေါင်းဆောင်က အမြော်အမြင်ကြီးမားသော်လည်း စီမံခန့်ခွဲမှုအားနည်းလျှင် အောင်မြင်မှုရရှိမည်မဟုတ်ပေ။ စီမံခန့်ခွဲမှုကောင်းသော်လည်း ကျေးလက်လူထု တက်ကြွစွာပါဝင်ဆောင်ရွက်မှုမရှိက အောင်မြင်မှုရရှိလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် အားလုံးတက်ညီလက်ညီဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုကို ယူကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိပြီး နိုင်ငံလူဦးရေ၏ ၇၀ ဒသမ ၄ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများဖြစ်သည်။ မြန်မာ့နေထိုင်မှုစစ်တမ်း ၂၀၁၇ အရ ကျေးလက်လူဦးရေ၏ ၃၀ ဒသမ ၂ ရာခိုင်နှုန်းဖြစ်သော လူဦးရေ ၁၁ ဒသမ ၂ သန်းခန့်သည် ဆင်းရဲနွမ်းပါးသူများဖြစ်ကြသည်။ ကျေးလက်ပြည်သူ ၇၀ ရာခိုင်နှုန်းနီးပါးသည် အသင့်အတင့်နှင့်ပြည့်စုံကြသူများဖြစ်ကြသည်။ မည်သို့ပင်ဖြစ်စေ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဆင်းရဲနွမ်းပါးမှုမြင့်မားနေဆဲဖြစ်သည်။ လူတိုင်းလူတိုင်း ဆင်းရဲနွမ်းပါးမှုမှလွတ်မြောက်၍ လူမှုစီးပွား မျှတစေရန်အတွက် အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေးအပြင် မိသားစုဝင်ငွေတိုးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးပါ ဆောင်ရွက်ရန်လိုအပ်သည်။

ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ရှုထောင့်အဖုံဖုံ၊ ကဏ္ဍအစုံစုံတို့တွင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်နေပြည်သူများ၏ စီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးဖြစ်၍ နိုင်ငံအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အားပေးကူညီလျက်ရှိသည်။ ကျေးလက်ဝင်ငွေတိုးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်ပြီး အကောင်အထည်ဖော်လျက်ရှိရာ အရင်းမပျောက်မတည်ငွေများကို ကယား၊ ချင်း၊ ရခိုင်ပြည်နယ်တို့တွင် ငွေကျပ် ၁၀ ဘီလီယံစီဖြင့် ဘီလီယံ ၃၀၊ ကချင်၊ ကရင်၊ မွန်၊ ရှမ်း၊ တနင်္သာရီအတွက် ငွေကျပ်ရှစ်ဘီလီယံစီဖြင့် ဘီလီယံ ၄၀၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးခြောက်ခုအတွက် ငွေကျပ်ငါးဘီလီယံစီဖြင့် ဘီလီယံ ၃၀ စုစုပေါင်း ငွေကျပ်ဘီလီယံ ၁၀၀ ကို ထောက်ပံ့ပေးခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် အဓိကအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးသာမက ကျေးလက်လူမှုစီးပွား ဟန်ချက်ညီဖွံ့ဖြိုးစေရန်အတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အထောက်အကူပြုရေးစီမံကိန်းများကိုပါ တွဲဖက်အကောင်အထည်ဖော်နေသဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။ နိုင်ငံတော်က စဉ်ဆက်မပြတ် ထောက်ပံ့ကူညီမှုများနှင့် စေတနာရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများက ထောက်ပံ့ကူညီမှုတို့ပေါင်းစပ်လျှင် အနာဂတ်တွင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီတစ်ခုဖြစ်သည့် အရှေ့အာရှဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစံပြစီမံကိန်းသည် အထောက်အပံ့ကောင်းတစ်ခုဖြစ်သည်။

စီမံကိန်းကျေးရွာနှစ်ရွာမှစတင်ခဲ့သည့် ပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံကောင်းများသည် ယခုအခါ ရလဒ်ကောင်းများရရှိနေပြီဖြစ်သည်။ ၁၀ နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သောအတွေ့အကြုံများကို အခြေခံပြီး ၂၀၂၁-၂၀၂၂ ခုနှစ်တွင် မြို့နယ်သုံးမြို့နယ်၌ စံပြကျေးရွာတစ်ရွာစီစတင်ခဲ့ရာ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျေးရွာ ၈၈ ရွာအထိ တိုးမြှင့်အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော အဆိုပါစီမံကိန်းသည် ဝန်ထမ်းများ၏ စည်းရုံးဆောင်ရွက်မှု၊ ကျေးရွာသူ ကျေးရွာသားများ၏ ညီညွတ်စွာပူးပေါင်းဆောင်ရွက်မှုကြောင့် ကျေးရွာရန်ပုံငွေထူထောင်နိုင်ခြင်း၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာများကို သင်ကြားဖြန့်ဝေနိုင်ခြင်းနှင့် မိသားစုဝင်ငွေများ တိုးတက်ရရှိလာပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အထောက်အကူပြုနိုင်ခဲ့သည်။

သို့ဖြစ်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဦးစားပေးဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ကူညီမှု၊ မိတ်ဆွေနိုင်ငံများ၏ ကူညီဆောင်ရွက်ပေးမှုများနှင့် ကျေးလက်ပြည်သူများ နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်မှုကြောင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမျှော်လင့်ချက်များ လင်းလက်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုနေပြီဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)က သက်ကြီးသမားတော်ကြီးများအား ပူဇော်ကန်တော့



**ရန်ကုန် စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)က သက်ကြီးသမားတော်ကြီးများအား ပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ ဆရာကြီးဦးခင်မောင်ဝင်း(ရွှေမန်းတောင်)က "ယနေ့ကျင်းပတဲ့ အခမ်းအနားဟာ ပူဇော်ထိုက်သူကို ပူဇော်ခြင်းဆိုတဲ့ မင်္ဂလာတရားတော်နဲ့ အညီ ဂါရဝပြုအပ်သော ပုဂ္ဂိုလ်ဖြစ်တဲ့ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ ကတညုတဆိုတဲ့ ကျေးဇူးတရားကို သိတတ်ခြင်းဆိုတဲ့ မင်္ဂလာတရားတော်နဲ့အညီ ကျင်းပတဲ့ပွဲဖြစ်ပါတယ်။ ရှေးယခင်ကာလက စပြီး ယနေ့အထိ ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ နဝရတ်ကတိသစ္စာကို ဦးထိပ်ပန်ဆင်လျက် နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၊ ပဥ္စဓာတု ငြိမ်းဝပ်မှုသာ ဆေးမည်ရ၏လို့ သတ်မှတ်ကြပြီး ထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြတဲ့ တိုင်းရင်းသမားတော်ကြီးတွေကို ဂါရဝပြုတဲ့ပွဲဖြစ်ပါတယ်"ဟု အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သက်ကြီးသမားတော်ကြီးများအား ပူဇော်ကန်တော့ငွေများ ပေးအပ်လှူဒါန်း၍ ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြရာ သက်ကြီးသမားတော်ကြီးများကိုယ်စား ဒေါက်တာအောင်နိုင်က ဩဝါဒစကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ - ကိုထက်



မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် (၅၉) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကိုကို၊ စခန်းမှူး ဒုတိယရဲမှူး မျိုးလွင်နှင့် တပ်ဖွဲ့ဝင် ၄၀ တို့က စည်းကျစ်တောင်ဘုရားစေတီတော်မြတ်ကြီးအတွင်း စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ဝင်းအိမွန်(ပြန်/ဆက်)


## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။



ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ကပြဖျော်ဖြေတင်ဆက်ကြသည့် “ကျေးဇူးသစ္စာ ပန်းအလင်္ကာ” ဂုဏ်ပြုတေးဂီတ ကဇာတ်ကို ကြည့်ရှုအားပေးကြစဉ်။

❂ ရှေ့ဖုံးမှ

စာတမ်းရှင်များ၊ ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် အခမ်းအနားသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်၍ စာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ ဘဝမှတ်တမ်းများ၊ မှတ်တမ်းဓာတ်ပုံများ၊ ရေးသားပြုစုတော်မူခဲ့သည့် စာပေနှင့် ပေကျမ်းများ၊ ခေတ်ပြိုင်စာဆိုတော်များ၊ စာဆိုတော် ရှင်မဟာရဋ္ဌသာရကို ဂုဏ်ပြုရေးသားထားသည့် ဆောင်းပါးများ ခင်းကျင်းပြသထားရှိမှုကို စိတ်ဝင်တစားကြည့်ရှုလေ့လာပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပြန်လည်ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ပြခန်းအတွင်း ကြည့်ရှုလေ့လာစဉ်။

### ရှင်းလင်းတင်ပြ

ထို့နောက် စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများသည် စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ကပြဖျော်ဖြေတင်ဆက်ကြသည့် **“ကျေးဇူးသစ္စာ ပန်းအလင်္ကာ”** ဂုဏ်ပြုတေးဂီတ ကဇာတ် (ပထမပိုင်း)ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက်မွေးနေ့ အထိမ်းအမှတ်စာတမ်းဖတ်ပွဲကို စတင်ကျင်းပပြုလုပ်ရာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာလဲ့လဲ့ဝင်းက ရှင်မဟာရဋ္ဌသာရ (သမိုင်းအမြင်ဖြင့် လေ့လာခြင်း) စာတမ်းကိုလည်းကောင်း၊ ဦးအမ်းယုမောင် (မောင်လူမွှေး-မြန်မာမှု) က သံဝရပျို့မှ သင်ပုန်းကြီးရေးထုံးသင်ရိုးနှင့် သတ်ပုံရေးထုံးစာတမ်းကိုလည်းကောင်း၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းထွန်းဦးက မြန်မာလူမျိုးတို့ လိုက်နာကျင့်သုံးရသော ကျင့်ဝတ်တရားတို့မှ မင်းတို့ကျင့်ရာသောတရားများ စာတမ်းကိုလည်းကောင်း ဖတ်ကြားကြပြီး ပြင်ပပညာရှင် ဦးသူရဇော်က ရဟန်းစာဆို ရှင်မဟာရဋ္ဌသာရကို ကဗျာ၊ လင်္ကာရှုထောင့်မှ ဖတ်ရှုပူဇော်သည်။

### ပြန်လည်ရှင်းလင်းဆွေးနွေး

စာတမ်းများ ဖတ်ကြားမှုအပြီးတွင် တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **“ကျေးဇူးသစ္စာ ပန်းအလင်္ကာ”** ဂုဏ်ပြုတေးဂီတ ကဇာတ်(ဒုတိယပိုင်း) ဆက်လက်ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ကဇာတ်ဖျော်ဖြေ တင်ဆက်မှုများအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည့် ပညာရှင်ကြီးများနှင့် စာတမ်းရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၄ သို့ ❂



စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်စာတမ်းဖတ်ပွဲ ကျင်းပစဉ်။

**☆ စာဆိုတော် ရှင်မဟာရဋ္ဌသာရသည် စံထားလောက်သည့် ဂန္ထဝင်မြောက် ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်း၊ တောလား အစရှိသည့် မြန်မာစာပေ၏ ကြွယ်ဝလှသည့် စာပေပုံသဏ္ဌာန်မျိုးစုံကို လောကကြောင်း၊ ဓမ္မကြောင်းများနှင့်ယှဉ်၍ ရေးသားစပ်ဆိုခဲ့သည့် စာဆိုတော်ကြီးတစ်ပါးလည်းဖြစ်ပြီး စာဆိုတော် ရှင်မဟာရဋ္ဌသာရ ရေးသားခဲ့သည့် ကဗျာလင်္ကာများအနက် မြန်မာနိုင်ငံ စာပေသင်ကြားမှုသမိုင်းတွင် အထင်ကရရှိခဲ့သည့် သင်ကြားမှုနည်းစနစ်တစ်ခုမှာ “သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ” “အက္ခရာစွဲသုံး ဤရှစ်လုံးကို သီကုံးပန်းသွင် နေ့တိုင်းဆင်လော့”ဟူသည့် ဆုံးမစာလင်္ကာ သွားပင်ဖြစ်၍ ယနေ့အထိလည်း ခေတ်မီနေဆဲပင်ဖြစ်**

✪ စာမျက်နှာ ၃ မှ

မြန်မာတို့၏ စာပေသမိုင်းတွင် ယနေ့ထက်တိုင် အမြတ်တနိုးတန်ဖိုးထား၍ လေ့လာဖတ်ရှုပြီး အတုယူစံထားရသည့် စာပေပညာရှင်များ အမြောက်အမြား ပေါ်ထွန်းခဲ့ပြီး မြန်မာစာပေသည် ထေရဝါဒ ဗုဒ္ဓသာသနာဆိုင်ရာ စာပေကျမ်းဂန်များနှင့် ယှဉ်တွဲ ပေါ်ထွန်းလာခဲ့သကဲ့သို့ စာပေပညာရှင်စာဆိုတော်ကြီးများတွင် ရဟန်းပညာရှင်၊ လူပညာရှိ၊ မင်းမှုထမ်း၊ နန်းတွင်းသူနှင့် သာမန်အရပ်သူအရပ်သားများလည်း ပါဝင်ခဲ့ကာ ယင်းစာပေပညာရှင်များအနက် အင်းဝခေတ် သက္ကရာဇ်(၈၃၀)က ပေါ်ထွန်းခဲ့သည့် ရှင်မဟာရဋ္ဌသာရသည်လည်း တစ်ပါးအပါအဝင် ဖြစ်သည်။

စာဆိုတော် ရှင်မဟာရဋ္ဌသာရသည် စံထားလောက်သည့် ဂန္ထဝင်မြောက် ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်း၊ တောလား အစရှိသည့် မြန်မာစာပေ၏ ကြွယ်ဝလှသည့် စာပေပုံသဏ္ဍာန်မျိုးစုံကို လောကကြောင်း၊ ဓမ္မကြောင်းများနှင့်ယှဉ်၍ ရေးသားစပ်ဆိုခဲ့သည့် စာဆိုတော်ကြီးတစ်ပါးလည်းဖြစ်ပြီး စာဆိုတော်ရှင်မဟာရဋ္ဌသာရ ရေးသားခဲ့သည့် ကဗျာလင်္ကာများအနက် မြန်မာနိုင်ငံ စာပေသင်ကြားမှုသမိုင်းတွင် အထင်ကရရှိခဲ့သည့် သင်ကြားမှုနည်းစနစ်တစ်ခုမှာ **“သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ” “အက္ခရာစွဲသုံး ဤရှစ်လုံးကို သီကုံးပန်းသွင် နေ့တိုင်းဆင်လော့”**ဟူသည့် ဆုံးမစာ လင်္ကာသွားပင်ဖြစ်၍ ယနေ့အထိလည်း ခေတ်မီနေဆဲပင်ဖြစ်သည်။ သုနေယျ- ကြားနာခြင်း၊ စိန္တေယျ- ကြံဆခြင်း၊ ပုစ္ဆေယျ- မေးမြန်းခြင်း၊ ဘာသေယျ- ပြောဆိုဆွေးနွေးခြင်း၊ ဝိစာယေယျ- စူးစမ်းဆင်ခြင်ခြင်း၊ လိခေယျ- ရေးမှတ်ခြင်း၊ သိက္ခေယျ- လေ့ကျင့်ခြင်း၊ ဓာရေယျ- နှုတ်တက်အာဂုံဆောင်ခြင်းတို့ပင်ဖြစ်ကာ စာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ သမိုင်းကြောင်းများကို အခြေခံ၍ ဆရာတော်ကြီး၏ ဘဝတစ်ဆစ်တစ်ရစ်ကောက်ကြောင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ သဘင်တင်ဆက်မှုအသွင်သဏ္ဌာန်ဖြင့် ယနေ့တွင် ဂါရဝထားဂုဏ်ပြုကာ ကြိုးပမ်းတင်ဆက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆရာတော်ကြီး၏ ခိုင်မြဲတည်ကြည်သည့် စာပေကျေးဇူးသည် မြန်မာစာပေသမိုင်းအတွက် တုန္နိုင်း၍မရနိုင်ဘဲ အလင်္ကာပန်းရနံ့ပမာ ယနေ့ထက်တိုင် သင်းပျံ့နေဆဲဖြစ်သည့်အတွက် **“ကျေးဇူးသစ္စာ ပန်းအလင်္ကာ”** ဟူသည့် ဂုဏ်ပြုတေးဂီတ ကဇာတ်ဖြင့် တင်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး Global Sustainable Transport Forum သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Li Xiaopeng ၏ ဖိတ်ကြားမှုအရ စက်တင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် Global Sustainable Transport Forum သို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

ခရီးစဉ်တွင်ဒုတိယဝန်ကြီးချုပ်နှင့်အတူ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့မီးရထားတို့မှ ဌာနအကြီးအကဲများနှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြကြောင်း သိရသည်။

**သတင်းစဉ်**



# (၇)ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက် သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ၏ အစည်းအဝေး($7^{th}$ AMRI+3)သို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်

**ဒါနန်း စက်တင်ဘာ ၂၃**

(၇)ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက် သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ၏ အစည်းအဝေး($7^{th}$ AMRI+3)ကို ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ယနေ့တွင် ကျင်းပရာ အာဆီယံနိုင်ငံများနှင့် မိတ်ဖက် သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်၍ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် AMRI ဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Nguyen Manh Hung၊ ပူးတွဲဥက္ကဋ္ဌများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စီ ပြန်ကြားရေးဝန်ကြီး Mr. SUN YELI၊ ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Nomura Eigo နှင့် ကိုရီးယားသမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး Mr. Nam Chanwoo တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်ပြီး အိမ်ရှင်ဗီယက်နမ်နိုင်ငံက သတင်းအချက်အလက်နှင့် မီဒီယာများမှတစ်ဆင့် အာဆီယံ + ၃ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး လုပ်ငန်းစီမံချက် ၂၀၁၈-၂၀၂၃ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို တင်ပြရာ အဆိုပါ လုပ်ငန်းစီမံချက်များအား ၂၀၂၅ ခုနှစ်အထိ သက်တမ်းတိုးနိုင်ရန် တက်ရောက်လာသည့် အာဆီယံနှင့် မိတ်ဖက် သုံးနိုင်ငံမှ ဝန်ကြီးများက ဆွေးနွေးသဘောတူခဲ့ကြသည်။



ထို့နောက် (၁၆)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ(AMRI)၏ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများနှင့် ပတ်သက်သည့် ပူးတွဲမီဒီယာထုတ်ပြန်ချက်မူကြမ်းနှင့် အထွေထွေကိစ္စရပ်များအပေါ် သဘောတူခဲ့ကြသည်။

အာဆီယံဒေသတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးများမြှင့်တင်ပေးရန်၊ မီဒီယာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရန်နှင့် New Media အပါအဝင် မီဒီယာကွန်ရက်ချိတ်ဆက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်တို့အတွက် မဟာဗျူဟာများချမှတ်၍ လက်ရှိလုပ်ငန်းစီမံချက်အား ၂၀၂၅ အထိ သက်တမ်းတိုးရန် အတည်ပြုကြသည်။

**အသိပေးတင်ပြ**

ဆက်လက်ပြီး အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ဘရူနိုင်းနိုင်ငံက (၈)ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက် သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ၏ အစည်းအဝေး($8^{th}$ AMRI+3) ကျင်းပမည့် နေ့ရက်နှင့်အချိန်အား အသိပေးတင်ပြပြီး အခမ်းအနားကို အောင်မြင်စွာကျင်းပပြီးစီးသည်။

ခရီးစဉ်အတွင်း အိမ်ရှင်ဗီယက်နမ်နိုင်ငံ၏ စီစဉ်ပေးမှုဖြင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ဒါနန်းမြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၄၀ အကွာတွင်ရှိသော BaNa တောင်ပေါ်သို့ မီတာ ၅၈၀၀ ကျော်ရှည်လျားသည့် ကေဘယ်လ်ကားဖြင့် သွားရောက်လည်ပတ်ခဲ့သည်။ တောင်အောက်ခြေမှ အမြင့် ၁၃၆၈ မီတာအထိ တက်နိုင်သဖြင့် အမြင့်ဆုံးတက်နိုင်သည့် ကေဘယ်လ်ကားလည်းဖြစ်သည်။ BaNa တောင်ပေါ်တွင် ပြင်သစ်ဘုရင်မကြီး၏ နွေရာသီစံအိမ်အဖြစ် အသုံးပြုခဲ့သောနေရာဖြစ်သည့် Old French Villas အား ဒေသခံခရီးသွားအဖွဲ့အစည်းမှ ခရီးသွားများ လည်ပတ်စရာနေရာအဖြစ် သတ်မှတ်ပေးခဲ့သည်။ ယခုအခါ တောင်ပေါ်အပန်းဖြေစခန်းအဖြစ် လည်းကောင်း၊ ဟိုတယ်အဖြစ်လည်းကောင်း ဖွင့်လှစ်ထားရှိပြီး အေးမြသည့်ရာသီဥတုကိုခံစားရင်း ရဲတိုက်အဆောက်အအုံများ၊ ပန်းခင်းများဖြင့် ပုံဖော်စိုက်ပျိုးထားသည့် သာယာလှပသောရှုခင်းများနှင့် အတူ ဓာတ်ပုံရိုက်ကူးနိုင်သည့်အပြင် အလှဓာတ်ပုံများရိုက်ရန် အကောင်းဆုံးနေရာလည်းဖြစ်သော မီတာ ၁၅၀ ရှည်လျားသည့် Golden Bridge(ခေါ်) လက်ချောင်းတံတားနှင့် ပန်းဥယျာဉ်သို့ လေ့လာရေးခရီး သွားရောက်လည်ပတ်ခဲ့သည်။ ဒါနန်းမြို့သို့ လာရောက်လည်ပတ်သည့် ပြည်တွင်း ပြည်ပ ခရီးသွားများ သွားရောက်လေ့လာလေ့ရှိသည့် အထင်ကရ နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် AMRI၊ SOMRI နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာကြသည့် အာဆီယံကိုယ်စားလှယ်များအား ဒါနန်းမြို့ အုပ်ချုပ်ရေးအဖွဲ့က နှုတ်ဆက်ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့နယ် ဖန်လုံမြို့ရှိ ကျင်းဆာရဲတပ်ဖွဲ့စခန်းသို့ သွားရောက်

## China Resident ID ကတ်ထုတ်ပေးရေးလုပ်ငန်းစဉ်များ လှည့်လည်ကြည့်ရှုလေ့လာ



**နေပြည်တော် စက်တင်ဘာ ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အဖွဲ့သည် ကူမင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်နှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ယူနန်ပြည်နယ် ကူမင်းမြို့နယ် ဖန်လုံမြို့ရှိ ကျင်းဆာရဲတပ်ဖွဲ့စခန်းသို့ သွားရောက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှူး ညွှန်ကြားရေးမှူးချုပ် Mr. Hu Xiaoming၊ ယူနန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးဌာန ဒုတိယဌာနမှူး Mr. Jia Dongနှင့် ကျင်းဆာရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှူး ညွှန်ကြားရေးမှူးချုပ်နှင့် စခန်းတာဝန်ခံတို့က ကျင်းဆာရဲတပ်ဖွဲ့စခန်း၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ပြည်သူများအတွက် လိုအပ်သောဝန်ဆောင်မှုများပေးနိုင်ရန် စုံစမ်းရေးနှင့် မှတ်ပုံတင်ရေးသွင်းခြင်းလုပ်ငန်းဆောင်ရွက်မှု၊ ပြည်သူများအနေဖြင့် အမှုအခင်းဖြစ်ပွားခြင်းအတွက် တိုင်ကြားခြင်းလုပ်ငန်းများဆောင်ရွက်မှု၊ နယ်မြေဒေသအတွင်း အိမ်ထောင်စုစာရင်းများဆောင်ရွက်မှုနှင့် မြို့နယ်ကျော်လိပ်စာပြောင်းရန်နှင့် အိမ်ထောင်စုစာရင်း ပြောင်းဝင်/ ပြောင်းထွက်လုပ်ငန်းများ လက်တွေ့ဆောင်ရွက်ပေးနေမှု၊ ယာဉ်မောင်းလိုင်စင်လျှောက်ထားရန်အတွက် လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ Resident ID ကတ်လျှောက်ထားမှုနှင့် ID ကတ်ပျောက်ဆုံးမှုများအတွက် ကာယကံရှင်ကိုယ်တိုင် မိမိ၏ အချက်အလက်များ ဖြည့်သွင်း လျှောက်ထားနိုင်သည့် စက်နှင့်ပတ်သက်သည့် အချက်အလက်များ၊ ကာယကံရှင်၏ အချက်အလက်များ မှန်ကန်မှုရှိ/မရှိ အွန်လိုင်းစနစ်ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကတ်အသစ်ထုတ်ပေးရန် ဆောင်ရွက်သည့် လုပ်ငန်း အခြေအနေများကို လိုက်လံ ရှင်းလင်းပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးပြီး နိုင်ငံတကာ ဆက်ဆံရေးဌာနကြီးမှူး ညွှန်ကြားရေးမှူးချုပ်နှင့် စခန်းမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုအားပေး

**မုံရွာ စက်တင်ဘာ ၂၃**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့(ခုတင်-၅၀၀)ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စုပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသူများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။



ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ (ခုတင် – ၂၀၀)ဆံ့ အမျိုးသမီးသားဖွားမီးယပ်နှင့် ကလေးဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်မှု၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများနှင့် မိသားစုဝင်များအား ဝန်ထမ်းသက်သာချောင်ချိရေးအတွက် တန်ဖိုးသင့်စားသောက်ကုန်များ ရောင်းချနေမှုနှင့် မုံရွာမြို့ ပြည်ထောင်စုဈေးကြီး၌ ပြည်သူများအား အခြေခံစားသောက်ကုန်များ ရောင်းချပေးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

### စုပေါင်းဆောင်ရွက်

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၂၉ မြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၃၅၀၀ ကျော်ဖြင့် ပြည်သူ့ဆေးရုံကြီးများနှင့် မြို့သန့်ရှင်းသပ်ရပ် သာယာရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကိုကို၊ ဒု-မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွန်းနိုင်၊ မြို့မရဲစခန်းမှူး ရဲမှူးညွန့်အောင်တို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများက စက်တင်ဘာ ၂၃ ရက်တွင် မြို့မရပ်ကွက် မင်္ဂလာရာမကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော သမိုင်းဝင်ပုံနှင်းကြီး မင်္ဂလာစေတီတော်မြတ်ကြီး၏ ကျောင်းပရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)




(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက်က စစ်တွေမြို့ (ခုတင် – ၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ အမှတ်(၄)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးအောက်ရှိ ရဲတပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးအောက်ရှိ တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများ၊ စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသွေးလှူဒါန်းစဉ်။ သတင်းစဉ်

# မင်္ဂလာဒုံမြို့နယ် တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၃**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၇ နာရီတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၌ (အင်းစိန်၊ မှော်ဘီ၊ လှည်းကူး) ခရိုင်ရဲတပ်ဖွဲ့ဝင် ၄၃ ဦးတို့က စုပေါင်းလှူဒါန်းကြသည်။

ထိုသို့ လှူဒါန်းရာတွင် အင်းစိန်ခရိုင် ၁၈ ဦး၊ မှော်ဘီခရိုင် ၁၄ ဦး၊ လှည်းကူးခရိုင် ၁၁ ဦး စုစုပေါင်းရဲတပ်ဖွဲ့ဝင် ၄၃ ဦး စုပေါင်းသွေးလှူဒါန်းကြရာ မင်္ဂလာဒုံ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်–၅၀၀) တပ်မှူး ဗိုလ်မှူးချုပ် ကျော်ဇင်ညွန့်နှင့် တပ်ဖွဲ့ဝင်များ၊ အင်းစိန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ငြိမ်းချမ်းအောင်၊ မှော်ဘီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ငွေတင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး သွေးလှူဒါန်းကြသည့် ရဲတပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**



သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

# အာရှနှင့်ပစိဖိတ်ဒေသအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် သက်ရောက်နိုင်မှုအလားအလာများ

**စိုက်ပျိုးရေးသဘာဝအရင်းအမြစ်များလေ့လာရေးဌာနစု**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

### နိဒါန်း


စိုက်ပျိုးရေးလုပ်ငန်းသည် ရာသီဥတုအပေါ်တွင် များစွာမူတည်နေပါသည်။ ကမ္ဘာတစ်ဝန်းတွင် အယ်လ်နီညိုဖြစ်စဉ်နှင့်အတူ ပေါ်ပေါက်လာသော ရာသီဥတုပြောင်းလဲမှုနှင့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များကြောင့် စိုက်ပျိုးရေးလုပ်ငန်းအပေါ်တွင် ထိခိုက်မှုများစွာ ကြုံတွေ့ခဲ့ကြရသည်။ ၂၀၂၃ ခုနှစ် နှောင်းပိုင်းကာလများ၌ အယ်လ်နီညိုရာသီဥတု အခြေအနေပေါ်ပေါက်လာရန်ရှိကြောင်း၊ အယ်လ်နီညိုနှင့်အတူ အပူလှိုင်းများ၏ဒဏ်ကို ၂၀၂၄ ခုနှစ်တွင် မကြုံစဖူးပြင်းထန်စွာ ခံစားကြရဖွယ်ရှိကြောင်း ရာသီဥတုသိပ္ပံပညာရှင်များက သတိပေးထားသည်။

အယ်လ်နီညိုဆိုသည်မှာ ပုံမှန်ထက်ထူးကဲစွာ ပူနွေးလာသည့် အီကွေတာရပ်ဝန်း ပစိဖိတ်သမုဒ္ဒရာရှိ ပင်လယ်ရေပြင်အပူချိန်ကြောင့် သမုဒ္ဒရာရေစီးကြောင်းများ၊ ယင်းနှင့်ဆက်စပ်သော လေထုနှင့် ရေစီးကြောင်းများပြောင်းလဲကာ ပစိဖိတ်သမုဒ္ဒရာဝန်းကျင်ဒေသများအပြင် ယင်းဒေသများနှင့် ထိတွေ့ဆက်စပ်နေသောဒေသများ၏ မိုးလေဝသအခြေအနေ သက်ရောက်သည့်ဖြစ်စဉ်ကိုခေါ်သည်။ ရာသီဥတုပုံစံပြောင်းလဲမှုဖြစ်စဉ် အယ်လ်နီညိုကြောင့် အာရှပစိဖိတ်ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းကို အကျိုးသက်ရောက်မှုဖြစ်စေနိုင်သည်ဟု ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါသည်။

သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ကြရသည့် အယ်လ်နီညိုဖြစ်စဉ်များ၏ အကျိုးသက်ရောက်မှုများမှာ (၁)စားနပ်ရိက္ခာလုံခြုံစိတ်ချရမှု လျော့နည်းခြင်း၊ (၂)ရေရှားပါးမှု အခက်အခဲများ ကြုံတွေ့ရခြင်း၊ (၃)တောမီးလောင်ခြင်း၊ (၄)ပင်လယ်သမုဒ္ဒရာရေအပူချိန်ပြောင်းလဲခြင်း၊ (၅) တုပ်ကွေးနှင့်ငှက်ဖျားရောဂါ ထူပြောခြင်းတို့ဖြစ်ပါသည်။

### အယ်လ်နီညိုဖြစ်စဉ်အတွက် ကြိုတင်ခန့်မှန်း ထုတ်ပြန်ခဲ့သည့်အဖွဲ့အစည်းများ

၂၀၂၃-၂၀၂၄ ခုနှစ်တွင် အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ရမည်ဟု အမျိုးသားသမုဒ္ဒရာနှင့်လေထုဆိုင်ရာကွပ်ကဲရေးအဖွဲ့အစည်း (The National Oceanic and Atmospheric Administration–NOAA)၊ ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်း (The World Meteorological Organization–WMO)၊ အပြည်ပြည်ဆိုင်ရာ ရာသီဥတုနှင့် လူထုဆိုင်ရာသုတေသနဌာန (International Research Institute for Climate and Society–IRI)နှင့် ဩစတြေးလျ မိုးလေဝသဌာန (The Australia Bureau of Meteorology– BOM) တို့မှ မိုးလေဝသပညာရှင်များက ထုတ်ပြန်ခဲ့သည်။




ပုံ(၁)၂၀၂၃ခုနှစ် စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလများအတွင်း ကမ္ဘာတစ်ဝန်း မိုးရွာသွန်းမှုအခြေအနေခန့်မှန်းချက်မြေပုံ (သတင်းရင်းမြစ်-အပြည်ပြည်ဆိုင်ရာ ရာသီဥတုနှင့် လူထုဆိုင်ရာ သုတေသနဌာန(IRI))

ဇယား(၁) အယ်လ်နီညိုနှင့် အာရှပစိဖိတ်ဒေသ စိုက်ပျိုးရေးအပေါ် အကျိုးသက်ရောက်နိုင်မှု အခြေအနေ ခန့်မှန်းချက်

| နိုင်ငံ/ဒေသ | အဓိက စိုက်ပျိုးသည့်သီးနှံ | ရာသီအလိုက်သီးနှံစိုက်ပျိုးချိန် | | | | | | | | | | | | ကြုံတွေ့နိုင်သော အခက်အခဲများ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဇန် | ဖေ | မတ် | ဧ | မေ | ဇွန် | ဇူလိုင် | ဩ | စက် | အောက် | နို | ဒီ | |
| အင်ဒိုနီးရှား | ပထမစပါး | | | | | | | | | | | | | အောက်တိုဘာလမှ စတင်၍ ပူပြင်းခြောက်သွေ့နိုင်သောကြောင့် ဒုတိယစပါးနှင့်တတိယရာသီစပါး ထုတ်လုပ်မှုအပေါ် ထိခိုက်နိုင်ပါသည်။ |
| | ဒုတိယစပါး | | | | | | | | | | | | | |
| | တတိယစပါး | | | | | | | | | | | | | |
| ကမ္ဘောဒီးယား | မိုးစပါး | | | | | | | | | | | | | အောက်တိုဘာလမှ စတင်၍ ပူပြင်းခြောက်သွေ့နိုင်သောကြောင့် နွေစပါး ထုတ်လုပ်မှုအပေါ် ထိခိုက်နိုင်ပါသည်။ |
| | နွေစပါး | | | | | | | | | | | | | |
| တောင်ပစိဖိတ် ကျွန်းနိုင်ငံများ (ဖီဂျီ၊ ဘာနူအာတူ) | အမြစ်စားသီးနှံ (ပိန်းဥ၊ ပီလောပီနံ၊ ကြံနှင့် အုန်းသီးဆန်) | | | | | | သီးနှံများကို သီးလှည့်စိုက်ပျိုးကြသည်။ | | | | | | | မိုးရာသီတွင် အပူချိန်မြင့်သော်လည်း ဆိုင်ကလုန်းမုန်တိုင်း ဖြစ်နိုင်ခြေ ပိုမိုများပြားပါသည်။ |
| မြောက်ပစိဖိတ် ကျွန်းနိုင်ငံများ (တူဗာလူနိုင်ငံနှင့် ခရီဘာတီ နိုင်ငံ) | အမြစ်စားသီးနှံ (ပိန်းဥ၊ ပီလောပီနံနှင့် အုန်းသီးဆန်) | | | | | | သီးနှံများကို သီးလှည့်စိုက်ပျိုးကြသည်။ | | | | | | | လွန်ခဲ့သော (၂)နှစ်ဆက်တိုက် မိုးခေါင်ခဲ့သော ယင်း (၂) နိုင်ငံတွင် ခြောက်သွေ့ရာသီ၌ မိုးရွာသွန်းမှုကြောင့် စိုက်ပျိုးရေးအတွက် အကျိုးကျေးဇူးရနိုင်ပါသည်။ |
| လာအိုနိုင်ငံ | မိုးကောင်းသောက်လယ်စပါး | | | | | | | | | | | | | နွေရာသီတွင် ပူပြင်းခြောက်သွေ့မှုကြောင့် ဆည်ရေသောက်လယ်စပါးစိုက်ပျိုးမှုအပေါ် ထိခိုက်စေနိုင်ပါသည်။ |
| | မိုးကောင်းသောက် ယာစပါး | | | | | | | | | | | | | |
| | ဆည်ရေသောက် လယ်စပါး | | | | | | | | | | | | | |
| ပါပူဝါနယူးဂီနီ | အမြစ်စားသီးနှံ (ပိန်းဥ၊ ပီလောပီနံ၊ အုန်းသီးဆန်နှင့်စပါး)) | | | | | | သီးနှံများကို သီးလှည့်စိုက်ပျိုးကြသည်။ | | | | | | | အောက်တိုဘာလမှစ၍ ခြောက်သွေ့မှုနှင့် နှင်းကျရောက်မှုတို့ကြောင့် စိုက်ပျိုးရေးအတွက် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ |
| ဖိလစ်ပိုင် | နွေစပါး | | | | | | | | | | | | | ပူပြင်းခြောက်သွေ့မှုနှင့်အတူ အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းများ ဝင်ရောက်နိုင်ခြေရှိသောကြောင့် နွေစပါးစိုက်ပျိုးမှုကို ထိခိုက်စေနိုင်ပါသည်။ |
| | မိုးစပါး | | | | | | | | | | | | | |
| သီရိလင်္ကာ | ယာလာစပါး | | | | | | | | | | | | | လာမည့်စပါးအဓိကစိုက်ပျိုးသော ရာသီတွင် မိုးရေရရှိမှုကြောင့် စပါးစိုက်ပျိုးမှုကို အကျိုးဖြစ်ထွန်းစေပါမည်။ သို့သော် မိုးကြီးခြင်း၊ ရေလွှမ်းခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် စောင့်ကြည့်လေ့လာသင့်ပါသည်။ |
| | အဓိက စပါး | | | | | | | | | | | | | |
| အရှေ့တီမော | စပါး (ပင်မရာသီ) | | | | | | | | | | | | | ဒီဇင်ဘာလတွင် စတင်စိုက်ပျိုးမည့် အဓိကစပါးစိုက်ချိန်တွင် ဖြစ်ပေါ်နိုင်သည့် ပူပြင်းခြောက်သွေ့မှုဒဏ်ကြောင့်စပါးထုတ်လုပ်မှုကို ထိခိုက်စေနိုင်ပါသည်။ |
| | စပါး | | | | | | | | | | | | | |
| ဗီယက်နမ် | စပါး | | | | | | | | | | | | | ပူပြင်းခြောက်သွေ့မှုနှင့်အတူ ပြင်းထန်သောတိုင်ဖွန်းမုန်တိုင်းများ မကြာခဏ ဝင်ရောက်ဖွယ်ရှိပါသည်။ |
| | စပါး | | | | | | | | | | | | | |
| မြန်မာ | မိုးစပါး | | | | | | | | | | | | | ပူပြင်းခြောက်သွေ့မှုကြောင့် နွေစပါးစိုက်ပျိုးရန် ရေအခက်အခဲ ကြုံတွေ့ရဖွယ် ရှိပါသည်။ |
| | နွေစပါး | | | | | | | | | | | | | |

ခြောက်သွေ့ကာလ | စိုစွတ်သောကာလ | စိုက်ပျိုးသည့်ကာလ | ကြီးထွားဖြစ်ထွန်းသည့်ကာလ | ရိတ်သိမ်းသည့်ကာလ

### အယ်နီညိုဖြစ်စဉ်နှင့် အကျိုးသက်ရောက်နိုင်မှု အခြေအနေခန့်မှန်းချက်

၂၀၂၃ ခုနှစ်တွင် အစွန်းရောက်ရာသီဥတုဖြစ်စဉ် အယ်လ်နီညိုကြောင့် အာရှနှင့်ပစိဖိတ်ဒေသအပေါ် အကျိုးသက်ရောက်နိုင်မှု အခြေအနေများမှာ (၁)မိုးသည်းထန်ခြင်းနှင့် ရေကြီးခြင်း၊ (၂)ပူပြင်းခြောက်သွေ့ခြင်းနှင့် မိုးရွာသွန်းမှုနည်းပါးခြင်း၊ (၃)လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်းနှင့် ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းများ ဖြစ်ပေါ်ခြင်းတို့ဖြစ်ပါသည်။

### အိန္ဒိယသမုဒ္ဒရာအတွင်း ရာသီဥတုအခြေအနေ (Indian Ocean Dipole– IOD)

အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းနှင့် အနောက်ပိုင်း ပင်လယ်ရေမျက်နှာပြင် အပူချိန်ကွာခြားချက်နှင့် အယ်လ်နီညိုဖြစ်စဉ် ဆက်စပ်လျက်ရှိရာ အပူချိန်ကွာဟမှုများလျှင် (အပေါင်း တန်ဖိုးဆောင်နေလျှင်) အယ်လ်နီညိုအခြေအနေသို့ရောက်ရှိနိုင်ပြီး ကွာဟချက်နည်းလျှင် (အနုတ်တန်ဖိုးဆောင်နေလျှင်) လာနီညာအခြေအနေသို့ ရောက်ရှိနိုင်ပါသည်။

၂၀၂၃ ခုနှစ် ဇူလိုင်လကုန်တွင် အိန္ဒိယသမုဒ္ဒရာတွင်း အစွန်းနှစ်ဖက်၏ အပူချိန်ကွာဟချက်မှာ သာမန်ကြားနေအခြေအနေတွင်ရှိနေပြီး မိုးလေဝသမော်ဒယ်များ၏ ခန့်မှန်းချက်အရ လာမည့်လများတွင် အပေါင်းသဘောဆောင်သည့်အခြေအနေသို့ ဦးတည်နေပါသည်။ အင်ဒိုပစိဖိတ်ဒေသအတွင်း ၂၀၂၃ ခုနှစ် မိုးနှောင်းရာသီနှင့် ၂၀၂၄ ခုနှစ် နွေရာသီတွင် မိုးရရှိမှု လျော့နည်းနိုင်ဖွယ်ရှိပါသည်။ ထိုဥတုအခြေအနေနှင့် အယ်လ်နီညိုဖြစ်စဉ်တို့ကြောင့် ပူပြင်းခြောက်သွေ့မှု ပြင်းထန်စွာ ဖြစ်ပေါ်နိုင်ပါသည် (ပုံ-၁)။

### အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ဖြစ်ပေါ်မည့် အခြေအနေခန့်မှန်းချက်

၂၀၁၅-၂၀၁၆ ခုနှစ် အယ်လ်နီညိုဖြစ်စဉ်သည် ၂၀၁၄ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြင်းထန်ဆုံးအဆင့်သို့ရောက်ရှိခဲ့ကာ ၂၀၁၆ ခုနှစ် မေလတွင် အဆုံးသတ်ခဲ့ပါသည်။ စုစုပေါင်းကြာချိန် ၁၉ လရှိခဲ့ပြီး ယခင်ဖြစ်ပေါ်ခဲ့သော ၁၉၉၇-၁၉၉၈ ခုနှစ်

စာမျက်နှာ ၇ သို့

❒ စာမျက်နှာ ၆ မှ

အခြေအနေထက် ခြောက်လ ပိုမိုကြာရှည်ခဲ့ပြီး သမိုင်းတစ်လျှောက် အပြင်းထန်ဆုံးဖြစ်စဉ်အဖြစ် စံချိန်တင်ခဲ့သည်။ ယခုနှစ် ၂၀၂၃-၂၀၂၄ တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် အောက်ပါအဆင့်များအတိုင်း ဖြစ်ပေါ်ဖွယ်ရာရှိပါသည်။

**(၁) ၂၀၂၃ ခုနှစ် မတ်လမှ ဩဂုတ်လအတွင်း အစပျိုးအဆင့်မှ အားကောင်းသောအဆင့်**

အီကွေတာရပ်ဝန်း ပစိဖိတ်ဒေသတွင် မတ်လမှ ဩဂုတ်လအတွင်း စတင်အစပျိုး အားကောင်းလာလေ့ရှိပြီး ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက်ပို၍ မြင့်တက်လာသည်။

**(၂) ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း အားအကောင်းဆုံးအဆင့်**

ဤအဆင့်ကို နှစ်ကုန်ပိုင်း စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း တွေ့ရလေ့ရှိပြီး အီကွေတာရပ်ဝန်း ပစိဖိတ်ဒေသတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် အမြင့်ဆုံးသို့ ရောက်ရှိလေ့ရှိသည်။

**(၃) ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း အကျိုးသက်ရောက်မှုအဆင့်**

အယ်လ်နီညိုဖြစ်စဉ်ကြောင့် အာရှပစိဖိတ်ဒေသအတွင်း အကျိုးသက်ရောက်မှုများကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှမတ်လအတွင်း ပိုမိုသိသာစွာ ခံစားရမည်ဖြစ်ပါသည်။ သက်ရောက်မှုကာလ ကြာချိန်နှင့် ပြင်းထန်မှုအခြေအနေမှာ ဒေသတစ်ခုနှင့်တစ်ခု ကွာခြားနိုင်ပါသည်။

**အထူးသတိပြုရမည့်နိုင်ငံများ**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုများအတွက် ဦးစားပေးစောင့်ကြည့်ရမည့် အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုပြင်းထန်နိုင်ဖွယ်ရှိသောနိုင်ငံများကို ဖော်ပြရာတွင်-

**(က) ၂၀၂၃ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ** ပူပြင်းခြောက်သွေ့မှုဒဏ်ကို အင်ဒိုနီးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အရှေ့တီမောနိုင်ငံ၊ မာရှယ်ကျွန်းစု၊ ဆာမိုအာနိုင်ငံ၊ ပလာအူနိုင်ငံ၊ တွန်ဂါနိုင်ငံ၊ ဗာနူအာတူနိုင်ငံတို့တွင် ခံစားရမည်ဖြစ်ပြီး စွတ်စိုသောရာသီဥတုအခြေအနေကို တူဗာလူနိုင်ငံနှင့် ခရီဘာတီနိုင်ငံတို့တွင် ကြုံတွေ့ရနိုင်ပါသည်။

**(ခ) ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ** ဖိလစ်ပိုင်နိုင်ငံ၊ မြန်မာနိုင်ငံ၊ ပါပူဝါနယူးဂီနီနိုင်ငံတို့တွင် ပူပြင်းခြောက်သွေ့မှုဒဏ်ကို ခံရနိုင်ပြီး သီရိလင်္ကာနိုင်ငံတွင် မိုးများပြီး စိုစွတ်သောရာသီဥတုဖြစ်ပေါ်နိုင်ပါသည်။ ယခုထုတ်ပြန်ချက်တွင် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ခန့်မှန်းချက်များမှာ လဝေးခန့်မှန်းချက်များဖြစ်သောကြောင့် နိုင်ငံအလိုက် တရားဝင်မိုးလေဝသကြေညာချက်များကို စောင့်ကြည့်လေ့လာပြီး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ကြရန် ကမ္ဘာ့မိုးလေဝသအဖွဲ့အစည်းက နှိုးဆော်ထားပါသည်။

**အာရှနှင့်ပစိဖိတ်ဒေသအတွင်း ရာသီအလိုက်ဖြစ်ပေါ်နိုင်သည့် ပူပြင်းခြောက်သွေ့မှုနှင့် စိုစွတ်မှုအခြေအနေခန့်မှန်းချက်များ**

**(က) ၂၀၂၃ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအထိ**

ယခုလက်ရှိကာလတွင် အင်ဒိုနီးရှားနှင့် အရှေ့တီမောနိုင်ငံများ၌ မိုးရွာသွန်းမှုအခြေအနေမှာ ရွာသွန်းမြဲအောက်ရောက်ရှိနေပြီး ခြောက်သွေ့ရာသီဖြစ်သည်ကိုလည်း တွေ့ရှိရပါသည်။ ပစိဖိတ်ကျွန်းနိုင်ငံများတွင် မိုးရွာသွန်းမှုမှာ အချို့ဒေသများ၌ ပုံမှန်အထက် ရွာသွန်းနိုင်ပြီး အချို့ဒေသများတွင် ပုံမှန်အောက်ရွာသွန်းဖွယ်ရာ တွေ့မြင်ရပါသည်။ ဗီယက်နမ်နိုင်ငံတောင်ပိုင်းတွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်သည်ဟု ခန့်မှန်းရပါသည်။

**(ခ) ၂၀၂၃ ခုနှစ် အောက်တိုဘာလမှဒီဇင်ဘာလအထိ**

အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတောင်ပိုင်းတို့တွင် အပူချိန်မြင့်တက်မှုပြင်းထန်နိုင်ပြီး ပါပူဝါနယူးဂီနီနိုင်ငံ၊ ဖီဂျီနှင့် ဗာနူအာတူနိုင်ငံတို့တွင် မိုးရွာသွန်းမှုလျော့နည်းမည့်အလားအလာရှိပါသည်။ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် ပုံမှန်ရွာသွန်းမြဲထက် မိုးပိုမိုရရှိနိုင်ပါသည်။

**ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က အယ်လ်နီညိုနှင့် အာရှပစိဖိတ်ဒေသ စိုက်ပျိုးရေးအပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေ ခန့်မှန်းချက်ကို ဇယား(၁)အတိုင်း ထုတ်ပြန်ထားပါသည်။**

**အယ်လ်နီညို၏ စိုက်ပျိုးရေးထုတ်ကုန်ဈေးကွက်တွင် အကျိုးသက်ရောက်နိုင်မှု**

ကမ္ဘာ့စပါးထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းနှင့် ဆန်တင်ပို့မှု၏ ၈၀ ရာခိုင်နှုန်းရှိသည့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၌ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ရသောနှစ်များတွင် မိုးရွာသွန်းမှုနည်းပါးပြီး စပါးအထွက်နှုန်း ၄ မှ ၁၁ ရာခိုင်နှုန်းအထိ လျော့ကျခဲ့သည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် စတင်အားကောင်းလာသော အယ်လ်နီညိုဖြစ်စဉ်၏ ပူပြင်းခြောက်သွေ့မှုဒဏ်ကြောင့် အရှေ့တောင်အာရှဒေသတွင်း စပါးထုတ်လုပ်မှုလျော့ကျနိုင်ဖွယ်ရှိပြီး ဆန်ဈေးနှုန်းတက်နိုင်ဖွယ်ရှိပါသည်။ ထို့ကြောင့် ဒေသတွင်းစားသုံးသူများအပေါ် သက်ရောက်မှုရှိနိုင်သည်ဟု နောက်ဆုံးထုတ် စားနပ်ရိက္ခာဖူလုံမှုအစီရင်ခံစာတွင် ဖော်ပြထားပါသည်။

၂၀၂၃ ခုနှစ်တွင် ပြုလုပ်ခဲ့သော သုတေသနအရ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာ့ပျမ်းမျှစပါးအထွက်နှုန်းမှာ ၁ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းနိုင်ကာ စပါးစိုက်ပျိုးရိတ်သိမ်းမှုဧရိယာ၏ ၁၃ ဒသမ ၄ ရာခိုင်နှုန်းလည်း ထိခိုက်ပျက်စီးနိုင်သည်ဟု ခန့်မှန်းရပြီး ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့က ပိုမိုပြင်းထန်စွာ ခံစားရနိုင်သည်ဟု သုတေသနက ဖော်ပြထားပါသည်။ ထို့အတူ ဂျုံနှင့် ပြောင်းဖူးစိုက်ဧရိယာများ၏ ၁၂ ရာခိုင်နှုန်းခန့်မှာ ဆိုးကျိုးခံစားရနိုင်ပြီး ပဲပုပ်စိုက်ဧရိယာမှာ ၈ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်နိုင်သည့်အပြင် ကမ္ဘာ့ပျမ်းမျှ ဂျုံနှင့် ပြောင်းအထွက်နှုန်းမှာ ၁ ဒသမ ၃၂ နှင့် သုည ဒသမ ၃၇ ရာခိုင်နှုန်း ကျဆင်းနိုင်ကာ ပဲပုပ်အထွက်နှုန်းမှာ ၁ ဒသမ ၉ ရာခိုင်နှုန်း တိုးနိုင်သည်ဟု သုံးသပ်ထားပါသည်။ အာဂျင်တီးနားနှင့် အမေရိကန်နိုင်ငံတို့တွင် ရွာသွန်းမြဲမိုးရေချိန်ထက် ပိုမိုရရှိနိုင်သောကြောင့် သီးနှံထုတ်လုပ်မှု ကောင်းမွန်ပြီး ပဲပုပ်၊ ဂျုံနှင့် ပြောင်းအထွက်နှုန်း တိုးနိုင်သည်ဟု မျှော်လင့်ရပါသည်။

ဩစတြေးလျ၊ ဘရာဇီး၊ အိန္ဒိယနှင့် အရှေ့တောင်အာရှဒေသများတွင်လည်း အယ်လ်နီညိုဖြစ်စဉ်နှင့်အတူ ပူပြင်းခြောက်သွေ့သော ရာသီဥတုနှင့် ကြုံတွေ့နိုင်သောကြောင့် နှံစားသီးနှံနှင့် ဆီထွက်သီးနှံများ ဖြစ်ထွန်းအောင်မြင်နိုင်ခြေနည်းပြီး အထွက်နှုန်းလျော့နည်းဖွယ်ရှိကြောင်း ဖော်ပြထားသည်။ ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်မှု၏ ၈၅ ရာခိုင်နှုန်းရှိသော အင်ဒိုနီးရှား နှင့်မလေးရှားနိုင်ငံတို့တွင် အယ်လ်နီညို၏ သက်ရောက်မှုများကြောင့် မိုးရွာသွန်းမှုလျော့နည်းနိုင်ပြီး မလေးရှားနိုင်ငံ၏ ဆီအုန်းထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်သည်ဟု စိုက်ပျိုးရေးဈေးကွက်သတင်းများက ဖော်ပြထားပါသည်။ ၂၀၂၂ ခုနှစ်တွင် ပြည်ပဈေးကွက်များသို့ ပို့ကုန်တင်ပို့မှု ကန့်သတ်ချက်များကြောင့် စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်းများ မြင့်တက်ခဲ့ရသကဲ့သို့ ယခု ၂၀၂၃ ခုနှစ်တွင်လည်း စားသောက်ကုန်ဈေးနှုန်း ၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်နိုင်ပြီး စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှုဆိုင်ရာ ကန့်သတ်မှုများပေါ်ပေါက်လာနိုင်သည်ဟု သုတေသီများက သုံးသပ်ထားကြပါသည်။

**ကြိုတင်လက်ဦးမှု ရယူဆောင်ရွက်သင့်သည့် အချက်များ**

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ စံနှုန်းသတ်မှတ်ချက်များအရ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သော မိုးခေါင်မှု၊ ရေကြီးမှုစသည့် သဘာဝဘေးအန္တရာယ်များကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ထိခိုက်ခံစားရမှုများကို လျော့ပါးသက်သာစေရန်နှင့် ပြည်သူများကို ကာကွယ်ရန်အတွက် ကြိုတင်ပြင်ဆင်သင့်သည့် အချက်များမှာ-

**(၁) မိုးခေါင်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း ပြဿနာများအတွက်** စိုက်ပျိုးရာသီမတိုင်မီ လယ်ယာသုံးစက်ကိရိယာများ၊ မျိုးစေ့များ၊ စိုက်ပျိုးရေးသွင်းအားစုများနှင့် ရေငတ်ဒဏ်ခံ သီးနှံမျိုးစေ့များကို ကြိုတင်ဖြန့်ဝေခြင်း၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဆေးဝါးအထောက်အပံ့များနှင့် အစားအစာရိက္ခာများဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးရေအလုံအလောက်ရရှိနိုင်ရန် ရေတွင်းရေကန်များနှင့် ဆည်များတွင် ရေသိုလှောင်ခြင်း၊ ရေငွေ့ပြန်မှုနည်းစေရန် အဖုံးပိတ်ခြင်း၊ တောင်သူများအား မိုးရေစုဆောင်းခြင်းနည်းစနစ်များ၊ ရေချွေတာသုံးစွဲသည့်နည်းလမ်းများအသုံးပြုနိုင်ရန် အကူအညီပေးခြင်း၊ ဒေသနှင့်ကိုက်ညီသောသီးနှံပုံစံ၊ သီးနှံမျိုးများ ရွေးချယ်စိုက်ပျိုးခြင်း၊ ရာသီဥတု အပြင်းထန်ဆုံးအချိန်နှင့် သီးနှံများ၏ ခံနိုင်ရည်မဲ့သောအဆင့်ကို ရှောင်လွှဲရန် စိုက်ချိန်ကိုထိန်းညှိခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ လေလွင့်ဆုံးရှုံးမှု နည်းစေမည့်နည်းလမ်းများနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများကို စိုက်ပျိုးသူများ ထိရောက်စွာအသုံးချနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ သက်လျင်သီးနှံများစိုက်ပျိုးခြင်း၊ ရေသွင်းကိရိယာများဖြန့်ဝေပေးခြင်း၊ မြေဆီလွှာအစိုဓာတ်ထိန်းသိမ်းနိုင်ပြီး ရေငွေ့ပြန်မှုကိုလျှော့ချနိုင်မည့် မြေလွှာဖုံးနည်းစနစ်များ၊ သဘာဝမြေဆွေးများအသုံးပြုခြင်းတို့ ဆောင်ရွက်ရပါမည်။

(၂) မိုးသည်းထန်ခြင်း၊ ရေကြီးခြင်း၊ ရေလွှမ်းခြင်းပြဿနာများအတွက် လယ်ယာသုံးစက်ကိရိယာများ၊ မျိုးစေ့များ၊ စိုက်ပျိုးရေးသွင်းအားစုများ လုံခြုံစွာသိမ်းဆည်းနိုင်ရန် ရေလုံသိုလှောင်ပစ္စည်းများဖြန့်ဝေခြင်း၊ တိရစ္ဆာန်များ ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းထားနိုင်ရန် နေရာများစီစဉ်ထားခြင်း၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ကာကွယ်ဆေးများ၊ ဆေးဝါးအထောက်အပံ့များနှင့် အစားအစာရိက္ခာများ ဖြန့်ဝေပေးခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ရေကြီးမှုနှင့် ဆိုင်ကလုန်းမုန်တိုင်းမဖြစ်ပွားမီ ကြိုတင်ခန့်မှန်းချက်များ ထုတ်ပြန်သည်နှင့်တစ်ပြိုင်တည်း သီးနှံများအချိန်မီ ရိတ်သိမ်းနိုင်ရေးနှင့် အမိုးအကာအောက် လုံခြုံစွာ သိမ်းဆည်းနိုင်ရေး ကြိုတင်ပြင်ဆင်ထားခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

**(၃) သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရန် အရေးကြီးလုပ်ငန်းစဉ်များမှာ** ကြိုတင်သတိပေးချက်များထုတ်ပြန်ခြင်း၊ ရာသီဥတုဆိုင်ရာသတိပေးချက်များနှင့် သတင်းအချက်အလက်များကို ပြည်သူများ လက်လှမ်းမီသိရှိနိုင်ရန် ဆောင်ရွက်ခြင်း၊ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ လူထုပူးပေါင်းပါဝင်သော သဘာဝဘေးတုံ့ပြန်ရေး၊ ကယ်ဆယ်ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စနစ်တကျစီမံခန့်ခွဲ ကြိုတင်ပြင်ဆင်ခြင်း၊ ကြိုတင်ဆောင်ရွက်မှုနှင့် အဆင်သင့်ဖြစ်စေမှုတို့ကို လက်ဦးမှုရယူဆောင်ရွက်နိုင်ခြင်းတို့လည်း လိုအပ်ပါသည်။

**နိဂုံး**

စိုက်ပျိုးရေးကဏ္ဍတွင် အယ်လ်နီညို၏ သက်ရောက်မှုများမှာ ဆက်စပ်လုပ်ကိုင်နေသော ကွင်းဆက်တစ်လျှောက်လုံးရှိ လုပ်ငန်းများသာမက နိုင်ငံသားများ၏လူမှုစီးပွားဘဝများနှင့်ပါ သက်ဆိုင်နေပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် နှစ်ဦးမှစ၍ အပူချိန်မြင့်တက်ခြင်း၊ မုတ်သုံဝင်ရောက်မှုနောက်ကျခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ မိုးဦးကာလ မိုးရရှိမှုနည်းခြင်းစသည့် လက္ခဏာများ ကြုံတွေ့နေရပြီးဖြစ်သည်။ မိုးနှောင်းပိုင်းနှင့် နွေရာသီကာလများတွင် ရေခန်းခြောက်ခြင်း၊ အပူချိန်မြင့်ခြင်း၊ ခြောက်သွေ့ခြင်းတို့ကြောင့် မိုးနှောင်းသီးနှံများနှင့် နွေစပါးစိုက်ပျိုးမှုတို့တွင် ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရန်နှင့် နောက်ဆက်တွဲ စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေးပြဿနာများကို လျော့ပါးစေရန် ဝိုင်းဝန်းကြိုးပမ်းကြိုတင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **❛မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် နှစ်ဦးမှစ၍ အပူချိန်မြင့်တက်ခြင်း၊ မုတ်သုံဝင်ရောက်မှုနောက်ကျခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ မိုးဦးကာလ မိုးရရှိမှုနည်းခြင်းစသည့် လက္ခဏာများ ကြုံတွေ့နေရပြီးဖြစ်သည်။ မိုးနှောင်းပိုင်းနှင့် နွေရာသီကာလများတွင် ရေခန်းခြောက်ခြင်း၊ အပူချိန်မြင့်ခြင်း၊ ခြောက်သွေ့ခြင်းတို့ကြောင့် မိုးနှောင်းသီးနှံများနှင့် နွေစပါးစိုက်ပျိုးမှုတို့တွင် ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် နောက်ဆက်တွဲ စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေး ပြဿနာများကို လျော့ပါးစေရန် ဝိုင်းဝန်းကြိုးပမ်း ကြိုတင်ဆောင်ရွက်ကြရမည်❜**

**ကျမ်းကိုးစာရင်း**

- Cao, J., Zhang, Z., Tao, F., Chen, Y., Luo, X., & Xie, J. (2023). Forecasting global crop yields based on El Nino Southern Oscillation early signals. *Agricultural Systems, 205,* 103564.
- Food and Agriculture Organization of the United Nations (2023), Asia and the Pacific: El Nino Humanitarian Snapshot, as of 20 July 2023
- Mamun Abdullah and Joseph Glauber (2023), Rice markets in South and Southeast Asia face stresses from El Nino, export restrictions. Page: International Food Policy Research Institute

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နည်းပညာတက္ကသိုလ်(လားရှိုး)၊ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(လားရှိုး) တို့ကို ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၂၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ နည်းပညာတက္ကသိုလ်(လားရှိုး)၊ ကွန်ပျူတာတက္ကသိုလ်(လားရှိုး) နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (လားရှိုး) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံ**

ဦးစွာ စက်တင်ဘာ ၂၂ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နည်းပညာတက္ကသိုလ်(လားရှိုး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(လားရှိုး)သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးက ကျောင်းဆိုင်ရာအချက်အလက်များ ဆွေးနွေးတင်ပြ၍ ဆရာ ဆရာမ၊ ဝန်ထမ်းများက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ၏ လိုအပ်ချက်နှင့်အညီ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနိုင်ရေး သုတေသနဆောင်ရွက်နေမှုများနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ်ကျောင်းများ၏ ဥပဓိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာစေရေး၊ သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်စေရေးအတွက် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့တွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကွန်ပျူတာတက္ကသိုလ်(လားရှိုး)သို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူမှုများ ဆောင်ရွက်နိုင်ရေး လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူမှုများ ဖြစ်စေရေးအတွက် ICT နည်းပညာကို အကျိုးရှိစွာအသုံးချပြီး Learning Management System များဖြင့် စဉ်ဆက်မပျက် သင်ယူခွင့်ရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်ပါကြောင်း မှာကြားသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများ၊ လက်တွေ့ခန်းများတွင် လက်တွေ့ဆောင်ရွက်နေမှုများ၊ ကွန်ပျူတာခန်း၊ စာကြည့်တိုက်၊ အခြေခံအဆောက်အအုံများနှင့် အသစ်ဆောက်လုပ်လျက်ရှိသော ကျောင်းသား ကျောင်းသူအိပ်ဆောင်နှင့် အိပ်ဆောင်များတွင် ကျောင်းသား ကျောင်းသူများ နေထိုင်စားသောက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတတ်ရေးအတွက် အရည်အသွေးပြည့်မီသော ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသားကျောင်းသူများနှင့် သုတေသီများ လေ့ကျင့်မွေးထုတ်နိုင်ရေး ဦးတည်ဆောင်ရွက်သွားရန်၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ၂၁ ဌာနသို့ ဒေသစာရီ ကြွချီအပူဇော်ခံမည်



တောင်ကြီး စက်တင်ဘာ ၂၃

အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ၂၁ ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံမည်ဖြစ်၍ ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၂ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ် အင်းလေးဒေသ နှစ်စဉ်ရိုးရာမပျက် အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေကြောင်း ပြောကြားသည်။

ဆက်လက်၍ ပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များက ရှင်းလင်းတင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးသည်။

အဆိုပါ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ၂၁ ဌာနသို့ ဒေသစာရီကြွချီ အပူဇော်ခံမည့်ပွဲကို အောက်တိုဘာ ၁၅ ရက် (သီတင်းကျွတ်လဆန်း ၁ ရက်)မှ နိုဝင်ဘာ ၁ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)အထိဖြစ်ကြောင်း သိရသည်။

ထို့နောက်တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ်က မီးပုံးပျံနှင့်ပတ်သက်၍ မီးပုံးပျံအဖွဲ့မှ ဆောင်ရွက်ပြီးစီးမှု ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး ရှမ်းပြည်နယ်အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းက လုပ်ငန်းကော်မတီများဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ကျိုင်းတုံ စက်တင်ဘာ ၂၃

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။



စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့ (ကျိုင်းတုံ) ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ သီးခြားရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်စုစုပေါင်း ၁၀၀ ကျော်တို့က ဆေးရုံကြီးဝင်း အတွင်း/အပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းလုပ်အားပေးပွဲသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ခိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီးအေးသိန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာလှဋ္ဌေးမင်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးပြီး ရေသန့်ဘူး၊ မုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၄) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ရဲမှူးကြီး ဗညားဦး ဦးဆောင်၍ အမှတ်(၄)ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ သန္ဓေတပ်ဖွဲ့ဝင် ၇၀ တို့ စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အောင်ပန်းမြို့ အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၇၀၀)၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။ ကိုရဲ

# မြဝတီမြို့၌ အခြေခံစားသုံးကုန်များအား ဈေးနှုန်းချိုသာစွာဝယ်ယူနိုင်ရေး အခွန်လွတ်ဈေးဖွင့်လှစ်ရောင်းချပေး

မြဝတီ စက်တင်ဘာ ၂၃

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် အခြေခံစားသုံးကုန်ပစ္စည်းများအား ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အခြေခံစားသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးတို့အတွက် ယနေ့နံနက် ၆ နာရီက အမှတ် (၃) ရပ်ကွက် ဗိုလ်မင်းရောင်လမ်းတွင် အခွန်လွတ်ဈေးဖွင့်လှစ်ရောင်းချပေးသည်။

အဆိုပါအခွန်လွတ်ဈေး၌ရောင်းချပေးသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် အခြေခံစားသုံးကုန်များသည် ပြည်သူများအတွက် ပြင်ပပေါက်ဈေးထက် ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်အောင် ရောင်းချပေးကြောင်း တာဝန်ရှိသူက ပြောသည်။ ထိုသို့ရောင်းချပေးခြင်းကို နယ်မြေခံတပ်မှ အသား၊ ငါးနှင့် ကြက်ဥတို့ကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် စိုက်ခင်းမှ ဟင်းသီးဟင်းရွက်သီးနှံများကို လည်းကောင်း ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေးအတွက် ဇွန် ၂၄ ရက်က စတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တိုင်း ရပ်ကွက်များအလိုက် လှည့်လည်၍ ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**



# မိမိတို့ပြည်နယ်သည် လက်နက်ကိုင်ပဋိပက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ငြိမ်းချမ်းရေးကိုအလိုလားဆုံးသော ပြည်နယ်တစ်ခုဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၃**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ အဖွဲ့ဝင် စောဒန်နီယယ်တို့နှင့်အတူ ယနေ့ နံနက် ၁၁ နာရီက မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်(အင်္ဂလီကန်) ဘားအံ သာသနာပိုင်နယ် ရှင်ပေတရုကသီဒြယ် ဘုရားရှိခိုးကျောင်း၌ ကျင်းပသည့် ခရစ်ယာန် ငြိမ်းချမ်းရေး ဗဟိုကော်မတီ မိတ်ဆက်တွေ့ဆုံဆုတောင်းခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။



ဦးစွာ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)ဘားအံနယ်စီးသာသနာပိုင်ဒေါက်တာ မာကုစောမောင်ဒို က အဖွင့်ဆုတောင်းပြီး ခရစ်ယာန် ဂိုဏ်းပေါင်းစုံငြိမ်းချမ်းရေး အထောက်အကူပြုဗဟို ကော်မတီဒုတိယဥက္ကဋ္ဌ သာသနာပိုင်ချုပ်ကြီးစတီဗင်သန်းမြင့်ဦးက မင်္ဂလာနှုတ်ခွန်းဆက်စကား ပြောကြားကာ တက်ရောက်လာသူများက အိုသာယာသော မြန်မာပြည်တော်ကျူး ဓမ္မတေးသီချင်းကို သီဆိုကျူးရင့်ကြသည်။

ထို့နောက် ဘားအံခရစ်ယာန်အသင်းတော်များ ကောင်စီဥက္ကဋ္ဌ သိက္ခာတော်ရဆရာ မန်းစိုးဝင်းမောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက်ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်းငြိမ်းချမ်းရေး အထောက်အကူပြု လုပ်ငန်းကော်မတီကို ဖွဲ့စည်းထားပြီး ခရစ်ယာန် အသင်းတော်များသို့ သွားရောက်တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း၊ မိမိတို့ပြည်နယ်သည် လက်နက်ကိုင်ပဋိပက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ငြိမ်းချမ်းရေးကို အလိုလားဆုံးသော ပြည်နယ်တစ်ခုဖြစ်ကာ ပညာရေး၊ ကျန်းမာရေး၊ စားရေရိက္ခာဖူလုံရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ငြိမ်းချမ်းမှုမရှိသေးသည့်အတွက် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရကြောင်း၊ ငြိမ်းချမ်းသာယာမှုအထူးလိုအပ်ပြီး ပဋိပက္ခများ၊ ငြိမ်းချမ်းမှုကင်းမဲ့ခြင်းများသည် တိုင်းပြည်အေးချမ်းသာယာရေးကို အဟန့်အတားဖြစ်စေသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်ကြစေလိုကြောင်း၊ မိမိတို့ပြည်နယ်ကြီး အေးချမ်းသာယာရေးအတွက် တွေ့ဆုံဆုတောင်းခြင်းမှသည် နိုင်ငံတော်ကြီးဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ငြိမ်းချမ်းရေးအထောက်အကူပြုဗဟိုကော်မတီနာယက ဦးစောထွန်းအောင်မြင့်က တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့သည်မှာ နှစ်ကာလအားဖြင့် ကြာမြင့်နေပြီဖြစ်သည့်အတွက် ငြိမ်းချမ်းရေးကို ဝိုင်းဝန်းလုပ်ဆောင်ရန် ယခုကဲ့သို့လာရောက် တွေ့ဆုံဆုတောင်းခြင်းဖြစ်ကြောင်း၊ ပဋိပက္ခများကို ဆွေးနွေးတိုင်ပင်အဖြေရှာသည့် ငြိမ်းချမ်းရေး ဆွေးနွေးမှုသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ပြီး လူမျိုးစွဲ၊ ဝါဒစွဲများကိုစွန့်လွှတ်၍ ပိုမိုကောင်းမွန်သောအနာဂတ်များကို ဖန်တီးနိုင်ရန် ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဘားအံခရစ်ယာန်အသင်းတော်များကောင်စီ၊ ဘုန်းတော်ကြီးများ၊ သင်းအုပ်ဆရာများ၊ ဓမ္မအမှုတော်ဆောင်များ၊ အသင်းတော်ခေါင်းဆောင်များက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် စောဒန်နီယယ်က အကြံပြုစကားပြောကြားကာ သိက္ခာတော်ရ ဒေါက်တာအေးမင်းက နိုင်ငံတော်အတွက် အထူးဆုတောင်း၍ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလောမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်အစည်းအဝေး ပြုလုပ်

**ကလော စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်သမဝါယမအသင်းစု၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အောင်ပန်းမြို့ မြို့မထွေ/စီးသမဝါယမခန်းမတွင် စက်တင်ဘာ ၂၁ ရက် နံနက် ၉ နာရီခွဲက ပြုလုပ်သည်။



အခမ်းအနားတွင် သဘာပတိအဖြစ် အသင်းစုဥက္ကဋ္ဌ ဦးမောင်ဆန်းက ဆောင်ရွက်ပြီး ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းစိန်၊ ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်း သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဒေါ်သန်းညို၊ ပြည်နယ်အဆင့် ဖွဲ့စည်းရေးကော်မတီအဖွဲ့ဝင် ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်း သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးဖေသိန်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် ကလောမြို့နယ် သမဝါယမအသင်းစု၏ ဒါရိုက်တာအဖွဲ့ဝင်နှင့် အသင်းသား စာရင်းစစ်များကို ရွေးချယ်ကြပြီး ရွေးချယ်ခံရသော ဒါရိုက်တာအဖွဲ့နှင့် စာရင်းစစ်အဖွဲ့ဝင်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူခဲ့ကြကာ ကလောမြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌအသစ် ဦးခင်ထွန်းက မိတ်ဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက် နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဇော်ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအနောက်ရပ်ကွက် ဓမ္မပီတိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းနှင့် ဘိုးဘွားရိပ်သာဆောက်လုပ်မည့်မြေနေရာဝင်းတို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ် (ပြန်/ဆက်)

# မူဆယ်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ဇီဝိတဒါနသွေးလှူဒါန်း



**မူဆယ် စက်တင်ဘာ ၂၃**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်(လခရ)တာဝန်ကျရဲတပ်ဖွဲ့ ရဲမှူး ဦးဆောင်၍ တာဝန်ကျရဲတပ်ဖွဲ့ဝင်များ စုပေါင်းကာ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ယနေ့ နံနက် ၉ နာရီက ဇီဝိတဒါနသွေးလှူဒါန်းခဲ့ကြသည်။

ထို့ပြင် ဌာနဆိုင်ရာဝန်ထမ်းများနှင့်ပူးပေါင်း၍ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ခရိုင်ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ချို့တဲ့ပြည်သူများကို ဆန်၊ ဆီ၊ ဆား စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များ ပေးဝေလှူဒါန်းခြင်း၊ကျောင်းသား ကျောင်းသူများအား အာဟာရနို့ထမင်းများ ကျွေးမွေးလှူဒါန်းခြင်းနှင့် မူဆယ်မြို့နယ်အတွင်း ရေကြီးမြေပြိုမှုတို့တွင် ခရိုင်ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဖြူးမြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ဖြူး စက်တင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးထိုက်လင်း၊ ဖြူးမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူးအောင်လင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဖြူးဘိုးဘွားရိပ်သာအတွင်း/အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ပြီး ဖြူးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ သွေးလှူဘဏ်တွင် အရေးပေါ် သွေးလိုအပ်နေသောဝေဒနာရှင်များအတွက် အသုံးပြုနိုင်စေရန် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။**နေမျိုးလွင် (ပြန်/ဆက်)**





ရခိုင်ပြည်နယ် မောင်တောမြို့၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက် နံနက် ၇ နာရီက အမှတ်(၁၀)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ဌာနချုပ်တပ်ခွဲမှူး ယာယီရဲမှူး ကျော်မင်းလွင် ဦးဆောင်၍ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် ၃၅ ဦးက ကျောက်လှေကားကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

# ရှမ်း(မြောက်)ကို လှမ်းပါလို့ ရွှေမန်းဆီသို့ ဝင်ခဲ့သည်

မြင့်စိုး(နတလ)

**သီချင်းလေးတစ်ပုဒ်မှ အစပြု၍**

သီချင်းအမည်က "မြန်မာ့စိတ်ဓာတ်"၊ တေးရေးလက်ရာရှင်က "သင့်ရဲဘော်"၊ တေးရေးသင့်ရဲဘော်သည် အခြားသူမဟုတ်ပါ။ တပ်မတော်သားဘဝက ကျွန်တော်တို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နယ်ဘက်ဝန်ထမ်းဘဝတွင် ထပ်မံရေစက်ဆုံခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့် ဖြစ်ပါသည်။ သီဆိုခဲ့သည့်တေးသံရှင်က ရဲဘော်နိုင်ဝင်း၊

**✧ ဒီမြေဟာ ငါတို့မြေ ...**<br>
**မြန်မာဘိုးဘွားတို့မြေ ...**<br>
**ဒီမြေဟာ ငါတို့မြေ ...**<br>
**မြန်မာပိုင် ဘိုးဘွားတို့အမွေ ...**<br>
**မြန်မာ့စိတ်ထားကို ကမ္ဘာသိစေမည်**<br>
**မြန်မာ့စိတ်ဓာတ်ကို ကမ္ဘာအနှံ့ပြမည်**<br>
**မျိုးချစ်စိတ် အသင့်ရှိသည် ...**<br>
**✧ စီးပွားရေးပိတ်ဆို့တာ တို့မမှုပါ**<br>
**သယံဇာတတွေ ပေါတဲ့မြေ ...**<br>
**တို့ရဲ့လုပ်သလို တိုးတက်မည် ...**<br>
**တကယ်ကိုလုပ်တော့ အဟုတ်ဖြစ်မည်**

...........................

သီချင်းစာသားက အားလုံး ခြောက်ပိုဒ်၊ အဘသင့်က နေတော့သာ ခပ်အေးအေး၊ ရေးထားသည့် စာလုံးတိုင်းမှာ အားရှိသည်၊ မာန်ရှိသည်။ သီဆိုသူကလည်း ရဲဘော်နိုင်ဝင်းတည်းဟူသော တပ်မတော်သားတစ်ဦး၊ တီးဝိုင်းသည် ပင်လျှင် အဘသင့် တိုင်းမှူးဘဝက ထူထောင်ပေးခဲ့သည့် မောကိန္ဒရီတီးဝိုင်း ဖြစ်မည်ထင်ပါသည်။ မြန်မာ့စိတ်ဓာတ်သီချင်းသည် ၁၉၉၀ ပြည့်လွန်နှစ်များ၌ ဆယ်စုနှစ်တစ်ခုမက လွှင့်ပျံ့ခဲ့သော၊ ရှင်းလင်းပြတ်သားစွာ ရပ်တည်ခဲ့သည့် နိုင်ငံ့ပုံရိပ်ကို ထင်ဟပ်စေသော သီချင်းဖြစ်ခဲ့သလို တော်လောက်ပါပြီ ကိုသင့်ရယ်ဟု လူကြီးတစ်ယောက်က တားယူရသည်အထိ မကြာခဏ ထုတ်လွှင့်ခဲ့သော သီချင်းတစ်ပုဒ်လည်း ဖြစ်ခဲ့သည်။


ဖွံ့ဖြိုးစည်ပင်လာသော ယနေ့လားရှိုးမြို့မြင်ကွင်း။

သည်အကြောင်းများကို စီကာစဉ်ကာ ပြန်လည်တွေးတောနေမိသည့် နေရာက လားရှိုးမြို့၏ ရိပ်သာတစ်ခုမှာ၊ ထိုနေရာကနေ လှမ်းကြည့်လျှင် လားရှိုးတက္ကသိုလ်ကြီးကို မြင်နေရသည်။ တက္ကသိုလ်အဆင့်မရောက်မီ ၁၉၇၈ ခုနှစ်၌ ရှမ်းပြည်နယ် ဒေသကောလိပ်ဖြစ်ခဲ့သည်။ ထိုမှ ၁၉၈၀ ပြည့်နှစ်တွင် လားရှိုးကောလိပ်အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ဒီဂရီကောလိပ်ဖြစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် တက္ကသိုလ်အဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့ကာ လက်ရှိပါမောက္ခချုပ်မှာ ဒေါက်တာဌေးအောင်ဖြစ်ကြောင်းလည်း သိခွင့်ရခဲ့သည်။ လားရှိုးကောလိပ်ဘဝက ကျောင်းဆောင်တစ်ခုကို နယ်စပ်/ စည်ပင်ဝန်ကြီးအနေဖြင့် အဘသင့် ဖွင့်လှစ်ပေးခဲ့ဖူးကြောင်း ကောင်းကောင်းမှတ်မိနေ၍ အတွေးဝင်နေခြင်းဖြစ်ပါလိမ့်မည်။ ပြန်လည်တွက်စစ်ကြည့်လိုက်သောအခါ လားရှိုးအပါအဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသများနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့သို့ နောက်ဆုံးရောက်ရှိခဲ့သည်က ၂၀၁၇ ခုနှစ်ဖြစ်၍ ခြောက်နှစ်ကြီးများတောင် ကြာခဲ့ပါပကောလား။

ရိုသေလေးစားရပါသော ကျွန်တော်တို့ အဘသင့်သည်ပင်လျှင် လူ့ဘဝ၊ လူ့လောကကြီးထဲတွင် မရှိတော့ပြီ။ သူ တိုင်းမှူးဘဝ၊ ရမခနှင့် မောကိန္ဒရီတီးဝိုင်းသည် ခွဲခြား၍မရသလို ရမခရိပ်သာမြက်ခင်းပြင်ကိုလည်း ငြိမ်းချမ်းရေးပန်းရနံ့များဖြင့် ထုံမွှမ်းပျံ့သင်းစေခဲ့သည်။ တပ်မတော်အစိုးရလက်ထက် ၁၉၈၉ ခုနှစ်အတွင်း၌ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် ကိုးကန့်အထူးဒေသ(၁)၊ 'ဝ'အထူးဒေသ(၂)၊ ရှမ်းအထူးဒေသ(၃)တို့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ၁၉၉၁ ခုနှစ်တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သော PSLA အဖွဲ့၊ KDA (ကောင်းခါး) အဖွဲ့တို့မှ တိုင်းရင်းသားခေါင်းဆောင်များ အားလုံးတို့သည် ထိုမြက်ခင်းပြင်သို့ စုဝေးရောက်ရှိခဲ့ကြဖူးသည်။ ငြိမ်းချမ်းရေးတွဲလက်များကို ခိုင်မြဲအောင် စည်းနှောင်ပေးခဲ့သော နေရာတစ်ခုဖြစ်ခဲ့ဖူးသည်။ ထိုအချိန်က ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သော ပွဲတိုင်းမှာ မောကိန္ဒရီအဖွဲ့၏ တေးသံသာများကို ကြားခဲ့ရသည်။သတိရလိုက်ပါဘိတော့။

**မှန်းလို့သာရည် တန့်ယန်းမြို့လေးဆီ**

ခရီးစဉ်မှာ မိုင်းရယ်နှင့် တန့်ယန်းမြို့တို့သို့ နေ့ချင်းပြန် ဆွဲထားသော်ငြားလည်း အကြောင်းအားလျော်စွာ မရောက်ဖြစ်တော့ပါ။ ကျွန်တော် နောက်ဆုံးရောက်ခဲ့သည်မှာ နတလ ဒုတိယညွှန်ကြားရေးမှူးချုပ်ဘဝဖြင့် ၂၀၁၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် သွားခဲ့သည့် ခရီးစဉ်ဖြစ်သည်။ သံလွင်အရှေ့ခြမ်းတွင် သီတင်းသုံးနေကြသော သံဃာတော်များအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းလာခဲ့ရာ အကြိမ် (၂၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့၌ ကျင်းပပြုလုပ်မည်ဖြစ်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် (ကိုယ်စား) ကျွန်တော်သွားရောက်ခဲ့ခြင်းဖြစ်သည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဗမာတိုင်းရင်းသားဝန်ကြီး ဒေါက်တာအောင်သန်းမောင် တက်ရောက်ခဲ့ပါသည်။ သို့ဂလို တာဝန်ဖြင့် သွားခဲ့ရသည်ဆိုသော်ငြားလည်း တန့်ယန်းမြို့လေးသည် ကျွန်တော်နှင့် မစိမ်းခဲ့ပါ။ ၁၉၈၃ ခုနှစ် သံလွင်အရှေ့ခြမ်းက လွယ်ပန်လုံစခန်းကုန်းများကို တပ်မ ၆၆ တပ်ရင်းများ၊ ရမခတပ်ရင်းများက တိုက်နေချိန်၊ ကျွန်တော်တို့ တပ်မ ၅၅ တပ်ရင်းက သံလွင်အနောက်ခြမ်းမှာ စခန်းထိန်း၊ လမ်းထိန်း၊ ကမ်းထိန်းတာဝန်ကိုယူရင်း စတင်ရောက်ဖူးခဲ့ခြင်းဖြစ်သည်။ တန့်ယန်းနှင့် ရေစက်တွေမကုန်နိုင်အောင် ဆုံလိုက်ကြပုံများ ၁၉၈၈ ခုနှစ်တွင် ထိုမြို့က ခလရ ၃၃ တပ်ရင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြီး ၁၉၉၁ ခုနှစ်အထိ တန့်ယန်းသားလုပ်ခဲ့ရသည်။ ဆိုရသော် . . . ဤမြို့သေးသေးလေးနှင့် လွယ်အင်၊ နမ့်ပေါင်၊ မိုင်းကောင်၊ ဆယ်ဟီကတောင်၊ လွယ်ဆေး၊ နောင်ဖာ၊ နောင်လိုင်၊ နမ့်မူ ဆယ်ဒေသများတွင် ကျွန်တော် ပျော်မွေ့ခဲ့ဖူးသည်။

သွားဖြစ်ခဲ့ပါမူ ရှေးဦးစွာ ကိုင်းကုန်းပရိယတ္တိစာသင်တိုက် ဆရာတော်ကြီး ဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလအား သွားရောက်ဖူးမြော်မည်။ ပြီးလျှင် ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏဓဇ ပျံလွန်တော်မူသွားခဲ့ပြီဖြစ်သော ဝေဠုဝန်ပရိယတ္တိစာသင်တိုက်ကို သွားမည်။ အလားတူ သီလရှင်ဆရာကြီး မဟာဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ ပညာစာရီ မရှိတော့သည့် ရွှေမောင်းသီလရှင် စာသင်တိုက်သို့လည်း ဝင်ရောက်ဦးခိုက်လိုက်ဦးမည်။ ယင်းနောက်မှ တန့်ယန်းမြို့တွင် မိမိတို့သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးရမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ ညှိနှိုင်းမည်။ ရောက်တုန်းရောက်ခိုက်မှာ လူငယ်သင်တန်းကျောင်းလေးရှိရာသို့လည်း အပြေးအလွှားသွားရောက်ရန် စိတ်ကူးထားလိုက်သေး၏။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါ။ **စာမျက်နှာ ၁၁ သို့** ❍

စာမျက်နှာ ၁၁ သို့


ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် အမှတ်တရ။

**"တပ်မတော်အစိုးရလက်ထက် ၁၉၈၉ ခုနှစ်အတွင်း၌ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် ကိုးကန့်အထူးဒေသ(၁)၊ 'ဝ'အထူးဒေသ(၂)၊ ရှမ်းအထူးဒေသ(၃)တို့မှ တိုင်းရင်းသားခေါင်းဆောင်များ၊ ၁၉၉၁ ခုနှစ်တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သော PSLA အဖွဲ့၊ KDA (ကောင်းခါး) အဖွဲ့တို့မှ တိုင်းရင်းသားခေါင်းဆောင်များအားလုံးတို့သည် ထိုမြက်ခင်းပြင်သို့ စုဝေးရောက်ရှိခဲ့ကြဖူးသည်။ ငြိမ်းချမ်းရေးတွဲလက်များကို ခိုင်မြဲအောင် စည်းနှောင်ပေးခဲ့သော နေရာတစ်ခုဖြစ်ခဲ့ဖူးသည်။ ထိုအချိန်က ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သော ပွဲတိုင်းမှာ မောကိန္ဒရီအဖွဲ့၏ တေးသံသာများကို ကြားခဲ့ရ"**

❍ စာမျက်နှာ ၁၀ မှ

လွန်ခဲ့သော ၃၅ နှစ်ခန့်ကတည်းက ခင်မင်ရင်းနှီးခဲ့ကြသော ကျွန်တော့်မိတ်ဆွေများဖြစ်သည့် ကိုအောင်စန်း၊ ကိုဝင်းဇော်ဦး၊ ကိုကျော်ချစ်မောင်တို့အတွက်လည်း လက်ဆောင်များယူသွားဦးမည်ပေါ့။ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစောဘိုးသာနှင့်မကြာခဏသွားခဲ့ဖူးသည့် မိုင်းရယ်မြို့လေးကိုတော့ တန့်ယန်းအပြန် ဝင်ဖြစ်အောင်ဝင်မည်။ မိမိဝန်ထမ်းများနှင့် တွေ့ဆုံမည်၊ ဒေသဖွံ့ဖြိုးရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်ကြမည်။ သို့သော်... စိတ်ကူးနှင့်သာ မှန်းမျှော်၍ လွမ်းလိုက်ရပါသည့် တန့်ယန်းမြို့လေးရေ၊ စောင့်ပေဦးတော့။

**ဦးခိုက်ဖူးမြော်မန်ဆူဆရာတော်**

လားရှိုးမြို့နှင့် ပတ်ဝန်းကျင် တစ်ဝိုက်မှာ လုပ်စရာရှိသည်များ ခဏထား၊ မဖြစ်မနေသွားရမှာက မန်ဆူကျောင်းဟု ကျွန်တော့်အာရုံထဲတွင်ပေါ်နေလေတော့ရာ ယင်းကျောင်းတိုက်သို့သွား၍ ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တပုညနန္ဒအား ဖူးမြော်ကန်တော့ခဲ့ကြသည်။ ရခိုင်ပြည်နယ်အတွင်း၌ မိုခါမုန်တိုင်း မတိုက်ခတ်မီအချိန် ပထမတစ်ခေါက်သွားစဉ်က ဆရာတော်ကြီးအား စစ်တွေလေဆိပ်တွင် ဖူးမြော်ခွင့်ရခဲ့သည်။ ဒုတိယအကြိမ်က နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်ကြီး၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင်ဖြစ်သည်။ ယခုပြီးခဲ့သည့် ဩဂုတ်လ ၁၆ ရက်နေ့ လားရှိုးမြို့ခရီးစဉ်မှာ တတိယအကြိမ် သွားရောက်ဖူးမြော်ခဲ့သည်။ ထိုနေ့သည် ဒုတိယဝါဆိုလကွယ် ဥပုသ်နေ့ဖြစ်၍ ကျောင်းဝင်းအတွင်း ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ ဆွမ်းပို့သူများ၊ ဆရာတော်အား လာရောက်ဖူးမြော်ကြသူများနှင့် စည်ကားများပြားနေပါသည်။ လားရှိုးညဈေး၊ မန်ဆူဈေး၊ လားရှိုးကြီး၊ လားရှိုးရေပူစမ်း၊ အေတီဂိတ်တို့သည်လည်းကောင်း၊ မန်ဆူဘုရားနှင့် မန်ဆူဘုန်းတော်ကြီးကျောင်း၊ ရန်တိုင်းအောင်စေတီ၊ သာသနာ ၂၅၀၀ စေတီကုန်း၊ လားရှိုးမြို့လယ်ဘုရားကြီး၊ ရန်အောင်မြင်ဘုရား၊ ရေကန်တောင်ဘုရားဆိုသည့် ဘွဲ့အမည်နာမတို့သည်လည်းကောင်း ကျွန်တော့်ဘဝတစ်သက်တာ၌ မေ့နိုင်စရာအကြောင်းမရှိတော့ပါပေ။

**တံတားဦး-လားရှိုးခရီးစဉ်အစ**

ဩဂုတ်လ ၁၅ ရက်နေ့ မွန်းလွဲပိုင်း၌ တံတားဦး အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာခဲ့သောလေယာဉ်သည် ပျံသန်းချိန် ၄၅ မိနစ်ခန့်တွင် လားရှိုးလေဆိပ်သို့ ဆိုက်ရောက်ခဲ့သည်။ မရောက်သည်မှာ ကြာပြီဖြစ်သလို လေယာဉ်ခရီး မသွားဖြစ်ခဲ့သည်မှာလည်း အတော်ကြာခဲ့ပြီပင်။ သို့သော် လားရှိုးလေဆိပ်ကို တက်ဆင်းပြုလုပ်တိုင်း ပတ်ဝန်းကျင်တွင် အမြင့်ဆုံးဖြစ်နေသည့် ဆင်တောင်ကို ဖျတ်ခနဲအမှတ်ရပြီး ငုံ့ကြည့်လိုက်မိသည်။ တွေ့လိုက်ပါပြီ ဆင်တောင်ကို၊ တောင်ကြီးဖဝါးအောက်၊ တောင်မြင့်သော်လည်း လေယာဉ်အောက်ပါတကား။ လေဆိပ်တွင် လာကြိုသူများကိုနှုတ်ဆက်၍ လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ဆက်လက်ထွက်ခွာကာ မိမိတို့ဝန်ကြီးဌာနအောက်ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပါသည်။ ဘယ်ပြည်နယ်၊ ဘယ်တိုင်းဒေသကြီးကိုပဲရောက်ရောက် ဝန်ထမ်းများနှင့်တွေ့ဆုံနိုင်ရန်ကို ကျွန်တော်အထူးအလေးထား ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ နိုင်ငံမှာ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများကို သိစေချင်သည်။ မိမိတို့ဝန်ကြီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်များကိုလည်း သဘောပေါက် နားလည်စေချင်သည်။ အထူးသဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် ဦးစီးဌာနအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်၊ အထက်အောက် အပြန်အလှန် လေးစားမှု၊ ကူညီစောင့်ရှောက်မှုတို့ဖြင့် ဌာနတွင်း စည်းလုံးညီညွတ်ရေးကို ခိုင်မာအောင် တည်ဆောက်ရန်၊ ပါတီနိုင်ငံရေး ကင်းရှင်းရန်၊ အဂတိတရားကင်းရှင်းရန်တို့အတွက်လည်း မှာချင်သည်။

**ဝန်ထမ်းများဘဝမြင့်မားတိုးတက်ရေး**

ထပ်မံ၍ အလေးထားမှာကြားသည်ကတော့ ကံဆိုသည်မှာ အလုပ်ဟု ခံယူကာ မိမိဦးစီးဌာန၊ မိမိဝန်ကြီးဌာန၊ မိမိတို့နိုင်ငံတော်အပေါ် သစ္စာရှိရှိတာဝန်သိသိဖြင့် လုပ်ငန်းတာဝန်များကို ကြိုးပမ်းထမ်းရွက်ရင်း ဝန်ထမ်းများအနေဖြင့် မိမိဘဝမြင့်မားတိုးတက်ရေးအတွက် အခွင့်အလမ်းများရှာဖွေကြရန်၊ ဌာနတွင်း ရာထူးတိုးကိစ္စများတွင် သမာသမတ်ရှိစေရေး၊ မျှတမှုရှိစေရေးအတွက် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှာကြားချက်များကို သိရှိထားပြီး ရာထူးနေရာအလိုက် ရေးဖြေ၊ အကဲဖြတ်အမှတ်၊ လုပ်သက်အမှတ်များအတွက် တန်းစီဇယားထိပ်သို့ ရောက်ရှိအောင် ကြိုးစားကြရန်၊ ပုံမှန်ရုံးတက်ရုံးဆင်းလိုက်၊ ဖေ့စ်ဘွတ်ကြည့်လိုက်ဖြင့် တစ်နေကုန်အချိန်ဖြုန်းမနေဘဲ အခြားဝန်ကြီးဌာနကခေါ်ယူသော တစ်ဆင့်မြင့် ရာထူးနေရာများ၊ ဝန်ကြီးဌာနက ခွဲဝေရရှိသည့် နိုင်ငံခြားပညာတော်သင်ဆုများအတွက် သတ်မှတ်အရည်အချင်းကိုက်ညီပြည့်မီသော ဝန်ထမ်းများအနေဖြင့် ဝင်ရောက်ဖြေဆိုကြရန်၊ ထိုသို့ ယှဉ်ပြိုင်ဖြေဆိုနိုင်ရေးအတွက် အချိန်ကို အကျိုးရှိရှိ အသုံးချပြီး ကြိုးစားအားထုတ်ကြရန်တို့ပင်ဖြစ်ပါသည်။ အမှန်တကယ်လည်း သူတို့ဘဝတွေ မြင့်မားတိုးတက်စေချင်ပါသည်။

**ခေသူများမဟုတ်ကြသည့် နမ့်စံလွယ်ရွာ**

ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအပြီးတွင် လားရှိုးမြို့နယ်ထဲက နမ့်စံလွယ်ကျေးရွာသို့ သွားရောက်ခဲ့သည်။ မန်အိုင်ကျေးရွာအုပ်စုအတွင်းရှိ နမ့်စံလွယ်ကျေးရွာတွင် အိမ်ခြေ ၅၄၇ လုံး၊ လူဦးရေ ၂၇၀၀ နီးပါးနှင့် ပလောင်တိုင်းရင်းသားအများစု နေထိုင်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားထားလုပ်ကိုင်နေကြပြီး စပါးနှင့် ပြောင်းသီးနှံများ စိုက်ပျိုးကြသည်။ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တစ်ကျောင်းရှိနေသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာမှထည့်ဝင်ငွေကျပ် ၄၄ ဒသမ ၉၈ သိန်း၊ စုစုပေါင်း ၁၄၄ ဒသမ ၉၈ သိန်းဖြင့် ဆောက်လုပ်ထားသော ကျေးရွာခန်းမကြီးထဲမှာ ရွာသူရွာသားများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် ညှိနှိုင်းဆွေးနွေးမှာကြားဖြစ်ခဲ့သည်။ နမ့်စံလွယ် ပလောင်တိုင်းရင်းသားများသည် ခေသူများမဟုတ်ကြပါ။ မိမိတို့ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသော စံပြကျေးရွာ (SMART Village) စီမံကိန်းများအကြောင်း နားလည်သိရှိထားပြီး နမ့်စံလွယ်ကျေးရွာကို စံပြကျေးရွာအဖြစ် သတ်မှတ်ဆောင်ရွက်ပေးရေး၊ ကုန်ထုတ်လမ်းများ ခွင့်ပြုပေးရေး တင်ပြတောင်းခံလာရာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

**သမကျေးလက် ပြည်သူ့အတွက်**

နမ့်စံလွယ်ကျေးရွာမှ မန်အိုင်ကျေးရွာသို့ကူးခဲ့သည်။ မန်အိုင်ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက သင်တန်းဖွင့်လှစ်၍ သင်ကြားပေးခဲ့သော နည်းပညာဖြင့် သင်တန်းသား သင်တန်းသူ ခြောက်ဦးစုပေါင်းလုပ်ကိုင်နေကြသော ဆပ်ပြာရည်အမျိုးမျိုး ထုတ်လုပ်ရောင်းချနေသည့်လုပ်ငန်းကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ နေရာအဆောက်အအုံနှင့် ထုတ်လုပ်ရောင်းချနေသည့် ကုန်ပစ္စည်းများမှအစ သေသပ်ကောင်းမွန်စွာ စနစ်တကျရှိနေပါသည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ကျေးရွာပေါင်း ၁၅၅ ရွာ ရွေးချယ်ကာ ကျေးရွာတစ်ရွာလျှင် ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သတ်မှတ်သင်တန်းကာလအတွင်း၌ အခြေခံ၊ အဆင့်မြင့် စက်ချုပ်သင်တန်းများ၊ မော်တော်ဆိုင်ကယ် ပြုပြင်နည်းသင်တန်းများ၊ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ၊ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများ၊ ဝါးလက်မှုထည် သင်တန်းများ၊ သစ်အခြေခံပရိဘောဂသင်တန်းများ၊ လက်ရက်ကန်းသင်တန်းများနှင့် ဖယောင်းတိုင်ထုတ်လုပ်မှု နည်းပညာသင်တန်းများအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ သင်တန်းများ၊ မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးပြီး သင်တန်းပြီးဆုံးပါက သင်တန်းသားများထဲမှ ထူးချွန်သင်တန်းသား ငါးဦးရွေးချယ်ကာ ကိုယ်ပိုင်လုပ်ငန်း ထူထောင်လုပ်ကိုင်နိုင်ရေး ကျပ် ၁၀ သိန်းစီနှင့်ညီမျှသော လုပ်ငန်းအထောက်အကူပြု ပစ္စည်းများအား ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ပံ့ပိုးပေးအပ်ခဲ့သည်။ ဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်မည့် လုပ်ငန်းရှင် ၇၇၅ ဦး ပေါ်ထွက်လာမည်ဖြစ်ပါသည်။

**လားရှိုးလူငယ်သင်တန်းကျောင်း**

လားရှိုးမြို့သို့ ရောက်တုန်းရောက်ခိုက် တစ်ချိန်က မိမိတာဝန်ထမ်းဆောင်ခဲ့ဖူးသော နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့လည်း အချိန်ပေးဝင်ရောက်ခဲ့ပြီး ကျောင်းသားကျောင်းသူများကို တွေ့ဆုံကာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်သောလူငယ်လူရွယ်များဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြား၍ စားရိပ်သာအတွက် ငွေကျပ် သုံးသိန်း ပေးအပ်ခဲ့ပါသည်။

**လားရှိုးမှသည် ရွှေမန်းဆီသို့**

ဩဂုတ်လ ၁၆ ရက်နေ့ လားရှိုးမှ ထွက်ခွာမည့် လေယာဉ်ချိန်စောခဲ့ပါမူ မန္တလေးတွင် ညအိပ်ရန်မလိုဘဲ နေပြည်တော်သို့ ပြန်လည်ဝင်ရောက်နိုင်မည်ဖြစ်သည်။ သို့သော် လေယာဉ်က ညနေပိုင်းမှ ထွက်ခွာသောအခါ မြို့ရွှေမန္တလာတွင် တစ်ညအိပ်ပြီး နောက်တစ်နေ့ ပုသိမ်ကြီးနှင့် ကျောက်ဆည်ဒေသတွင် မိုးစပါးစိုက်သမဝါယမအသင်းများ ဖွဲ့စည်းစိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။ ဩဂုတ်လ ၁၇ ရက်နေ့ နံနက်ပိုင်း၌ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မန်းတောင်ရိပ်မျိုးစေ့ထုတ်

စာမျက်နှာ ၁၂ သို့ ❍



သမဝါယမကောလိပ်(မန္တလေး)ပင်မဆောင်။


လားရှိုးမြို့နယ် နမ့်စံလွယ်ကျေးရွာရှိ ဘက်စုံသုံးခန်းမကို တွေ့ရစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင်(သန်လျင်ခရိုင်)အတွင်း ပါတီဝင်အင်အားစာရင်းများ စစ်ဆေးမှုခံယူနေသည့် နိုင်ငံရေးပါတီ သုံးပါတီမှ မြို့နယ်အဆင့်ပါတီတာဝန်ခံများ တွေ့ဆုံ

သန်လျင် စက်တင်ဘာ ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့် ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင် (သန်လျင်ခရိုင်)အတွင်း ပါတီဝင်အင်အားစာရင်းများ စစ်ဆေးမှုခံယူနေသည့် မှတ်ပုံတင်ခွင့်ပြုပြီး ပါတီသုံးပါတီမှ မြို့နယ်အဆင့် ပါတီတာဝန်ခံများ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းက တက်ရောက်အမှာစကားပြောကြားပြီး တက်ရောက်လာကြသော တိုင်းဒေသကြီး/ ခရိုင် / မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အတွင်းရေးမှူးများ၊ မြို့နယ်အဆင့် နိုင်ငံရေးပါတီတာဝန်ခံများက လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ပါတီတစ်ခုချင်းနှင့် သီးခြားစီတွေ့ဆုံ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ထားသော ပါတီဝင်အင်အားစာရင်းနှင့် မြို့နယ်အဆင့်ပါတီမှ တင်ပြသည့်စာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းကို ဆက်လက်ဆောင်ရွက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ပါတီဥက္ကဋ္ဌများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ မြို့နယ်ဥက္ကဋ္ဌများနှင့် အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ(DNP) မှ အလုပ်အမှုဆောင်နှင့် သန်လျင်ခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# မြောင်းမြခရိုင်နှင့်လပွတ္တာခရိုင်အတွင်းရှိ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား ပူးပေါင်းစိစစ်ခြင်းလုပ်ငန်း ဆောင်ရွက်

မြောင်းမြ စက်တင်ဘာ ၂၃

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများက ပေးပို့တင်ပြလာသည့် သတ်မှတ်ပါတီဝင်အင်အားစာရင်းများ မှန်ကန်မှု ရှိ/မရှိ၊ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများ၊ သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ ပူးပေါင်း၍ စိစစ်ရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် မြောင်းမြမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းက အမှာစကား ပြောကြားပြီး တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ ခရိုင်ပါတီကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းစိစစ်ခြင်းလုပ်ငန်းများတွင် ဆောင်ရွက်မည့် အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

လုပ်ငန်း ဆောင်ရွက်ရာသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီနှင့် ကရင်ပြည်သူ့ပါတီတို့မှ ခရိုင်နှင့် မြို့နယ်ပါတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ မြောင်းမြခရိုင်၊ လပွတ္တာခရိုင်တို့နှင့် မြို့နယ်အသီးသီးမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် တိုင်းဒေသကြီးနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးဇော်နိုင်ထွန်း ဦးဆောင်၍ မဟာတိလောကသယမ္ဘူကျောက်တော်ကြီးဘုရားဝင်းအတွင်း၊ အပြင် သန့်ရှင်းရေးပြုလုပ်ခြင်းကို စက်တင်ဘာ ၂၃ ရက် နံနက် ၇ နာရီက ဆောင်ရွက်စဉ်။

ခင်မောင်လွင်(ညောင်လေးပင်)



# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၂၃

တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

○ စာမျက်နှာ ၁၁ မှ

သမဝါယမအသင်း၏ မျိုးစေ့ထုတ်စိုက်ခင်းသို့ ရောက်ရှိခဲ့သည်။ ထိုမှ တစ်ဆင့် မနောယျမကျေးရွာသို့ သွားရောက်ကာ အသင်းသားတောင်သူများဖြစ်ကြသော ဦးစိုးတင့်နှင့်ဦးဖိုးကျော်တို့၏ လယ်များကို သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။ မဂျမ်းတောစပါးမျိုးဖြင့် ယမန်နှစ်က တစ်ဧက တင်း ၈၀ ထွက်ရှိအောင် စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ ယင်းနောက် ရွာသစ်ကျေးရွာ ပုဗ္ဗာရာမ ဘုန်းတော်ကြီးကျောင်းတွင် အသင်းသားတောင်သူများ၊ ရွာသူရွာသားများနှင့်တွေ့ဆုံ၍ အထွက်တိုးစပါးမျိုးများစိုက်ပျိုးရန်၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်တို့ကို တိုက်တွန်းမှာကြားကာ သဘာဝမြေသြဇာများကိုပါ အသုံးပြုရေး၊ လယ်ယာမြေများ အကြောင်းအမျိုးမျိုးဖြင့် လျော့ပါးမသွားစေရေးတို့အတွက်လည်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တင်ပြချက်များကိုပါ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပါသည်။

**သမဝါယမကောလိပ်(မန္တလေး)**

ပုသိမ်ကြီးမြို့နယ်ထဲကို ရောက်နေမှဖြင့် သမဝါယမကောလိပ်(မန္တလေး) ဆိုသည်မှာ ခရီးမဝေးတော့ပါ။ တစ်ချိန်မှာ နိုင်ငံတော်က အားထားရသော စီးပွားရေးပညာရှင်များ မွေးထုတ်ပေးရန်၊ စာပေသင်ကြားရေးသာမက မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ် ရှင်သန်ထက်မြက်သော လူငယ်လူရွယ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် ကျောင်းအုပ်ကြီး ဒေါက်တာတင်မူအေးနှင့် ဆရာ ဆရာမများကို မှာကြားပြီး ကျောင်းသား ကျောင်းသူလေးများကို တွေ့ဆုံနှုတ်ဆက်ခဲ့ပါသည်။ ထမင်းစားချိန်နှင့်လည်း ကြုံကြိုက်နေ၍ ၎င်းတို့၏ စားရိပ်သာကိုပါ ကြည့်ရှုခဲ့သည်။ ကောလိပ်စာကြည့်တိုက်သို့လည်း သွားရောက်ကြည့်ရှုလေ့လာခဲ့ပြီး စာအုပ်စာစောင်များ ထပ်မံဖြည့်တင်းပေးနိုင်ရန် စိတ်ကူးရရှိခဲ့၏။ ကျောင်းသား ကျောင်းသူလူငယ်လူရွယ်များအနေဖြင့် စာအုပ်များကြားမှာ ပျော်မွေ့စေချင်ပါသည်။ သမဝါယမကောလိပ် (မန္တလေး)၏ ပထမနှစ် ကျောင်းသူလေးများအား စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များတွင် အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ လိုလိုလားလား တက်ရောက်သင်ယူနေကြကြောင်း သိရ၍ သူတို့လေးတွေ၏ စိတ်အားထက်သန်မှုအတွက် အံ့သြဝမ်းသာမိပါသည်။

**အောင်တော်မူစေတီဖူး၍ ပြန်ခဲ့သည်**

ခရီးစဉ်အရ ပုသိမ်ကြီးမှ စဉ့်ကိုင်မြို့နယ် သမဝါယမအသင်းစုပိုင် ဆန်စက်သို့လည်းကောင်း၊ ထိုမှ ကျောက်ဆည်မြို့နယ် အင်တိုင်းကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ဖွင့်လှစ်သင်ကြားပေးနေသော အခြေခံစက်ချုပ်နည်း သင်တန်းသို့လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ကာ နွားနို့နှင့် ဒိန်ချဉ်ထုတ်လုပ်နေသော ဒီနေလင်း ဒိန်ချဉ်လုပ်ငန်းသို့လည်းကောင်း သွားရောက်ကြည့်ရှုအားပေးခဲ့ပါသည်။ ဆက်လက်၍ ပတ္တာကျေးရွာ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းသားတောင်သူ ဦးဝင်းမြင့်နောင်၏ လယ်မြေ ၁၅ ဧက၊ တောင်သူဦးငြိမ်း၏ လယ်မြေ ၁၀ ဧကတို့တွင် ဧရာပဒေသာစပါးမျိုး စိုက်ပျိုးထားမှုကို ကြည့်ရှုအားပေးခဲ့သည်။ ထိုမှ ရှမ်းရွာကြီးကျေးရွာသို့ ကူးကာ အရှေ့ရွာနန်းနှင့် တောင်ပလူ စိုက်ပျိုးရေးသမဝါယမ အသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ကျောက်ဆည်မြို့သို့ရောက်ရှိစဉ် ကျွန်တော် တပ်မတော်သားဘဝ စတင်တာဝန်ထမ်းဆောင်ခဲ့သော မိခင်တပ်ရင်းသို့ ခေတ္တဝင်ရောက်ကာ ရိပ်သာအနီးတွင် တည်ထားသော အောင်တော်မူစေတီကို ဖူးမြော်၍ ဘုရားအတွက် အလှူငွေကျပ် သုံးသိန်းလှူဒါန်းပြီး တပ်ရင်းမှ အိမ်ထောင်သည် ရဲမေများအတွက် ငွေကျပ် ခုနစ်သိန်း ပေးအပ်ခဲ့ပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ကျော်က ထုံးသင်္ကန်းဖွေးဖွေးနှင့် အောင်တော်မူစေတီကို ရွှေသင်္ကန်းတဝင်းဝင်းနှင့် ထပ်မံဖူးတွေ့ခွင့်ရခဲ့ သည်။ ကျွန်တော်၏ နေပြည်တော် အပြန်ခရီးသည် လွန်ခဲ့သော နှစ်များစွာက ကျောက်ဆည်ဒေသပုံရိပ်များဖြင့် တွဲခိုလျက် . . . .။ ။

■

# ဉာဏ်ရည်တုနည်းပညာကို ဘေးကင်းလုံခြုံစွာအသုံးပြုနိုင်ရေး ကြိုးပမ်းသွားရန် နိုင်ငံတကာအသိုက်အဝန်းအား ဗြိတိန်ဒုတိယဝန်ကြီးချုပ် တိုက်တွန်း

**လန်ဒန် စက်တင်ဘာ ၂၃**

ဉာဏ်ရည်တုနည်းပညာကို ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရေးအတွက် နိုင်ငံတကာအသိုက်အဝန်းအား အတူတကွ ကြိုးပမ်းလုပ်ဆောင်ရန် ဗြိတိန်ဒုတိယဝန်ကြီးချုပ် အိုလီဗာဒိုဒန်က တိုက်တွန်းပြောကြားသည်။

စက်တင်ဘာ ၂၂ ရက်တွင် ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဗြိတိန်ဒုတိယဝန်ကြီးချုပ် အိုလီဗာဒိုဒန်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

လန်ဒန်မြို့၌ နိုဝင်ဘာလတွင် ပထမဆုံးကျင်းပမည့် ဉာဏ်ရည်တုနည်းပညာထိပ်သီးအစည်းအဝေး (AI Safety Summit)မတိုင်မီ ၎င်း၏မိန့်ခွန်း ထွက်ပေါ်လာခြင်းဖြစ်သည်။

**နည်းပညာပြောင်းလဲမှုအဖြစ် ဖော်ပြ**

ဗြိတိန် ဒုတိယဝန်ကြီးချုပ် အိုလီဗာဒိုဒန်က ဉာဏ်ရည်တုနည်းပညာကို ကမ္ဘာ့အကြီးမားဆုံးသော နည်းပညာပြောင်းလဲမှုအဖြစ် ဖော်ပြခဲ့သည်။

ရာသီဥတုပြောင်းလဲမှု၊ အစာရှားပါးမှုနှင့် ကပ်ရောဂါများအပါအဝင် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဆွေးနွေးခဲ့သည့် စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုနိုင်ကြောင်း ၎င်းက ပြောကြားသည်။ ဉာဏ်ရည်တုနည်းပညာသည် ပြည်သူတိုင်းအတွက် ပွင့်လင်းမြင်သာသော နည်းပညာသစ်တစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် ဇီဝလုံခြုံရေးအတွက် အန္တရာယ်များ၊ ဆိုက်ဘာတိုက်ခိုက်မှုများနှင့်စက်များကို ထိန်းချုပ်မှုဆုံးရှုံးသွားခြင်းဖြစ်စဉ်များကဲ့သို့သော ဉာဏ်ရည်တုနည်းပညာကို တလွဲအသုံးပြုခြင်းသည် လူ့အသိုက်အဝန်းတစ်ခုလုံးအတွက် အန္တရာယ်ဖြစ်စေနိုင်သည်ကိုလည်း ဗြိတိန်ဒုတိယဝန်ကြီးချုပ် အိုလီဗာ ဒိုဒန်က ထောက်ပြခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်





# ကမ္ဘောဒီးယားနိုင်ငံက ၂၀၅၀ ပြည့်နှစ်တွင် ဝင်ငွေမြင့်မားသည့်နိုင်ငံဖြစ်ရန် မဟာဗျူဟာချမှတ်ထား

**ဖနောင်ပင် စက်တင်ဘာ ၂၃**

ကမ္ဘောဒီးယားနိုင်ငံအား ၂၀၅၀ ပြည့်နှစ်တွင် ဝင်ငွေမြင့်မားသည့်နိုင်ငံအဖြစ်သို့ ကူးပြောင်းရောက်ရှိရန် မဟာဗျူဟာချမှတ်ထားကြောင်း ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားသည်။

ဝန်ကြီးချုပ် ဟွန်မာနက်သည် စက်တင်ဘာ ၂၂ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပသည့် (၇၈)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အထက်ပါအတိုင်းမှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် အလယ်အလတ်နှင့်အထက် ဝင်ငွေရှိသည့်နိုင်ငံဖြစ်လာရေး ရည်မှန်းချက်ရောက်ရှိရန် အများအပြားဆောင်ရွက်ထားပြီး ၂၀၅၀ ပြည့်နှစ်တွင်မူ ဝင်ငွေမြင့်မားသည့် နိုင်ငံဖြစ်လာရန် မျှော်မှန်းထားကြောင်း ဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၂၂ ခုနှစ်အတွင်းက ၅ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၅ ဒသမ ၆ ရာခိုင်နှုန်းရောက်ရှိရန် မျှော်လင့်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# တာလီဘန်အစိုးရက ဖမ်းဆီးထိန်းသိမ်းထားသူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုပေါင်း ၁၆၀၀ ကျော်ရှိဟု ကုလသမဂ္ဂအဖွဲ့ပြောကြား

**ကဘူး စက်တင်ဘာ ၂၃**

ကုလသမဂ္ဂအဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်အစိုးရက ဖမ်းဆီးထိန်းသိမ်းထားသူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုပေါင်း ၁၆၀၀ ကျော်ကို မှတ်တမ်းတင်ထားကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး အာဖဂန်နစ္စတန်နိုင်ငံရှိ ကုလသမဂ္ဂအကူအညီပေးရေးအဖွဲ့က စက်တင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

၎င်းသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ တာလီဘန်များသည် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် အာဖဂန်နစ္စတန်နိုင်ငံကို သိမ်းပိုက်ခဲ့သည်။

လူ့အခွင့်အရေးချိုးဖောက်မှုများအနက် ၄၆၆ မှုသည် အကျဉ်းသားများအား ဖမ်းဆီးထိန်းသိမ်းထားစဉ်အတွင်း ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ညှင်းပန်းနှိပ်စက်မှုများဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ရိုက်နှက်ခြင်း၊ လျှပ်စစ်ရှော့တိုက်ခြင်းနှင့် မိသားစုဝင်များကို သတ်ပစ်မည်ဟု ခြိမ်းခြောက်မှုများကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေမှုများကို မှတ်တမ်းတင်ထားကြောင်း သိရသည်။ ဖမ်းဆီးချုပ်နှောင်ထားစဉ်အတွင်း လူ ၁၈ ဦး သေဆုံးခဲ့ကြောင်းလည်း ကုလသမဂ္ဂအကူအညီပေးရေးအဖွဲ့က ဆိုသည်။

နှိပ်စက်ညှဉ်းပန်းမှုများကို အမြစ်ပြတ်ချေမှုန်းရန်၊ ကျူးလွန်သူများကို စုံစမ်းစစ်ဆေးရန်နှင့် နစ်နာကြေးပေးဆောင်ရန် တာလီဘန်အစိုးရကို ချက်ချင်းအရေးယူဆောင်ရွက်ရန် ကုလသမဂ္ဂက တိုက်တွန်းထားသည်။

တာလီဘန်အစိုးရက အဆိုပါစွပ်စွဲချက်များကို ငြင်းဆိုထားပြီး နိုင်ငံ၏အဖွဲ့အစည်းတစ်ခုခုတွင် နှိပ်စက်ညှဉ်းပန်းမှုနှင့် အခြားချိုးဖောက်မှုများကို လုံးဝခွင့်မပြုပါကြောင်း တာလီဘန်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူက တုံ့ပြန်ပြောကြားသည်။ ယင်းအစီရင်ခံစာ၏ တွေ့ရှိချက်များသည် မြေပြင်အခြေအနေနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အမေရိကန်နိုင်ငံ၌ မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီမှ အလုပ်သမားများ ဆန္ဒထုတ်ဖော်

**ဝါရှင်တန် စက်တင်ဘာ ၂၃**

အမေရိကန်နိုင်ငံရှိ Big Three မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီမှ အလုပ်သမားများသည် လွန်ခဲ့သော ရက်သတ္တတစ်ပတ်ခန့်က လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမရှိဘဲ လမ်းမများပေါ်သို့ထွက်ကာ စတင်ဆန္ဒထုတ်ဖော်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ အလုပ်ရှင်များနှင့် သဘောတူညီမှုမရရှိသေးသည့်အတွက် ယနေ့တွင်လည်း ဆန္ဒထုတ်ဖော်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

Ford၊ General Motors နှင့် Chrysler ၏ မိခင်ကုမ္ပဏီ Stellantis မှ အလုပ်သမားများသည် ၎င်းတို့၏လုပ်ခလစာများသည် ငွေကြေးဖောင်းပွမှုကြောင့် နည်းပါးစွာရရှိလျက်ရှိသည်။ ထို့ပြင် မော်တော်ကားကုမ္ပဏီများသည် လျှပ်စစ်ကားများဆီသို့ ကူးပြောင်းသွားပါက ၎င်းတို့၏ အလုပ်အကိုင်များ ဆုံးရှုံးမည်ကိုလည်း စိုးရိမ်လျက်ရှိကြသည်။ လစာတိုးခြင်းအပါအဝင် ပိုမိုကောင်းမွန်သော တောင်းဆိုချက်များပါဝင်သည့် စာချုပ်များချုပ်ဆိုရန် လုပ်ငန်းရှင်များအပေါ် ဆန္ဒထုတ်ဖော်ကြခြင်းဖြစ်သည်။

နေ့စဉ်ဘဝအတွက် ဖူလုံလောက်ငမှုရှိသည့် လစာငွေကိုသာ လိုချင်ကြောင်း ဆန္ဒထုတ်ဖော်သူတစ်ဦးက ပြောကြားသည်။

ယူနိုက်တက်ကားလုပ်ငန်းသမဂ္ဂသည် လေးနှစ်အတွင်း လုပ်ခလစာငွေကို ၄၀ ရာခိုင်နှုန်း တိုးမြှင့်ပေးရန် လုပ်ငန်းရှင်များကို တောင်းဆိုထားသည်။

သို့သော် ကားထုတ်လုပ်ရေးလုပ်ငန်းရှင်များသည် အဆိုပါပမာဏ၏ ထက်ဝက်ခန့်ကိုသာ ပေးချေသွားရန် ကမ်းလှမ်းထားသည်။

ထို့ကြောင့် ယူနိုက်တက်ကားလုပ်ငန်းသမဂ္ဂက မော်တော်ယာဉ်အလုပ်သမားများ ဆန္ဒထုတ်ဖော်မှုတွင် ပါဝင်ရန် တောင်းဆိုထားကြောင်း သိရသည်။ လက်ရှိလမ်းလျှောက်ဆန္ဒထုတ်ဖော်မှုတွင် စက်ရုံသုံးရုံမှ စုစုပေါင်း ၄၁ ခုအထိ တိုးမြှင့်လာကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# သီရိလင်္ကာနိုင်ငံက အောက်တိုဘာလတွင် သွင်းကုန်ကန့်သတ်ချက်များကို ဖြေလျှော့ပေးမည်



**ကိုလံဘို စက်တင်ဘာ ၂၃**

သီရိလင်္ကာနိုင်ငံသည် အောက်တိုဘာလတွင် မော်တော်ယာဉ်တင်သွင်းမှုမှလွဲ၍ အခြားသော ကုန်ပစ္စည်းများနှင့် သွင်းကုန်ကန့်သတ်ချက်များကို ဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ရှီဟန်ဆီမာဆင်ဂ်က စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

သွင်းကုန်ကန့်သတ်ချက်များကို ဖြေလျှော့ပေးခြင်းသည် ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ရှီဟန်ဆီမာဆင်ဂ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဈေးကွက်လိုအပ်ချက်ကို ပြည့်မီရန် လုံလုံလောက်လောက် မဖြည့်စွမ်းပေးနိုင်ခြင်းကြောင့် ဖြစ်ပေါ်သည့် သွင်းကုန်ကန့်သတ်ချက်များကြောင့် တချို့သောကုန်ပစ္စည်းများ၏ ဈေးနှုန်းသည်လည်း မြင့်တက်မှုဖြစ်ပေါ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သီရိလင်္ကာနိုင်ငံအစိုးရသည် စီးပွားရေးအကျပ်အတည်းကြောင့် ၂၀၂၂ ခုနှစ် ဩဂုတ်လမှစတင်ကာ ကုန်ပစ္စည်းအမျိုးအမည် ၁၄၆၅ မျိုးကို သွင်းကုန်ကန့်သတ်ခဲ့ကြောင်း သိရသည်။ သီရိလင်္ကာနိုင်ငံ၏ ၂၀၂၂ ခုနှစ်အတွင်း စုစုပေါင်းသွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံရှိခြင်းကြောင့် ၂၀၂၁ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၁၁ ဒသမ ၄ ရာခိုင်နှုန်း လျော့ကျမှုရှိခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၆၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၁၇ တုံး(အလေးချိန် ၄၀ ဒသမ ၉၅ ကီလို)သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်၌ ငွေကျပ်သိန်း ၆၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ဘလောက်တုံး ၁၁၇ တုံး (အလေးချိန် ၄၀ ဒသမ ၉၅ ကီလို) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် လိန်းလီ ကျေးရွာအနီးတွင် ပင်လောင်းမှ တပ်ကုန်းသို့ ခွန်တင်ထွန်း(ခ)ခွန်ပေရယ်မောင်းနှင်ပြီး ခွန်စိုးထိုက် လိုက်ပါလာသည့် HIACE ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၆၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ဘလောက်တုံး ၁၁၇ တုံး (အလေးချိန် ၄၀ ဒသမ ၉၅ ကီလို) သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသည့် ဘိန်းဖြူဘလောက်တုံးများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **သတင်းစဉ်**



ခွန်တင်ထွန်း(ခ)ခွန်ပေရယ်နှင့် ခွန်စိုးထိုက်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူဘလောက်တုံးများနှင့်အတူ တွေ့ရစဉ်။

# သပိတ်ကျင်းနှင့် နောင်ချိုမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သပိတ်ကျင်းမြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု ကျောက်ဖျာကျေးရွာအနီးတွင် ပေါ်ရှင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မကျည်းရေကျေးရွာအနီး နောင်ချို-ရပ်စောက်သွားကားလမ်း ဒုဋ္ဌဝတီတံတားတွင် ဟုန်ကျင်ဟုန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၅ ဒသမ ၀၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



ဟုန်ကျင်ဟုန်အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၃

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၅ ရက်တွင် ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် MAXZEZ ကားတာယာ ၈၅လုံး၊ PP Transparent Sheet ကီလိုဂရမ် ၉၅၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၂၁၈၁၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်နှစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ စက်တင်ဘာ ၁၉ ရက်တွင် ရန်ကုန်မြို့ ရွှေပြည်သာတံတားအဆင်း၌ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Golden Prawn ဟင်းရွက်ဆီ ၁၀၇၂၈ လီတာ၊ Coffee Dreamy Creamer ၈၉၅၂ ထုပ်၊ CHABBA ဂျယ်လီအချိုရည်ဘူး ၄၃၂၀၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၃၆၈၅၅၈၂)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်နှစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်မြို့ ရွှေပြည်သာ အမှတ်(၄)လမ်းမကြီး အောင်ချမ်းသာလမ်း အနီး၌ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန် ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Golden Prawn ဟင်းရွက်ဆီ ၁၇၂၆ လီတာ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၀၀၂၈၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၇၈၆၉၃၈၂) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၂၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ မြို့သစ်ရပ်ကွက် ကမ်းလွန်ဖောတံတားအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် WAI WAI ခေါက်ဆွဲခြောက်ထုပ် ၉၀၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၉၂၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စက်တင်ဘာ ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် ကျောပိုးအိတ် အလုံး ၂၅၀၊ PVC ရေပိုက် ၁၀၀ အပါအဝင် ကုန်ပစ္စည်း ခြောက်မျိုး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၆၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆၂၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁၅ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃၁၄၁၉၃၈၂) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၉-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** မြန်မာ့ရိုးရာဝါးလက်မှုပညာ
**၀၉:၁၅** ကာတွန်းအစီအစဉ် **'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း'** (အပိုင်း-၂)
**၁၀:၀၀** 'သတင်းသမားပြောတဲ့သတင်းစကား'
**၁၀:၃၀** 'Music Travellers-8'တေးဂီတဖျော်ဖြေပွဲ
**၁၁:၃၅** အသိပညာနှင့်အမှန်တရား
**၁၂:၃၅** This Week's Special Interest
**၁၃:၀၀** MRTV National News
**၁၃:၃၀** မြန်မာ့ဂန္ထဝင်ရုပ်ရှင် **'နှစ်ဖွာအသည်း'** (ဝင်းညွန့်၊ မေသစ်၊ စန္ဒာ)
**၁၆:၃၅** အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(ရန်ကုန်)နှစ်(၃၀)ပြည့် ပုလဲရတု **'ပုလဲရတုမှသည် အနာဂတ်ဆီသို့စကားဝိုင်း'** (အပိုင်း-၃)
**၁၇:၁၅** ဘယ်သူမှန်လဲ အပြိုင်ကြ
**၁၇:၄၅** (၁၉)ကြိမ်မြောက် အာရှအားကစားပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်(အုပ်စု-A) (မြန်မာအသင်း နှင့် အိန္ဒိယအသင်း)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဘဝနှင့်အနုပညာ **'အနုပညာ၊ အတတ်ပညာများနှင့် နာမည်အမျိုးမျိုးရှိခဲ့သော ပညာသည်'** 'ဒါရိုက်တာအောင်မြင့်မြတ်'(အပိုင်း-၂)
**၂၁:၂၀** ဆေးရောင်စုံရုပ်ရှင် **'ချစ်ခြင်းရင်ခုန်ယုံကြည်စွာဖြင့်'** (ငွေး၊ ဂိုဝေယံ၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်)

**mitv**

**07:01** Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
**07:12** Myanmar Traditional Brass Embossed Painting
**07:32** Dances of Myanmar: Lisu Traditional Dance
**07:37** Skilled Performance of Traditional Myanmar Colored Glass Ball (Ep-1)
**07:54** World Deaf Day (24th September)
**08:01** News
**08:27** Tobacco Pipe Making Business (Ywar Lut Village)
**08:33** Myanmar Social & Charitable Association (EP-3) (Part-1)
**09:01** His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi- 6) 1989-Up to Now
**09:37** Today Myanmar: Save The Palms
**10:01** News
**10:26** Five-Star Ocean Liners in Myanmar Waters

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ကျန်းမာရေးအတွက် ၄က်သိုက်ပေါင်းရည်
**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
သာယာရှမောဖွယ်ရမ္မာမြေ
**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ထူးဆန်းထွေရာ ရှမ်းဓလေ့ရိုးရာ (အင်းလေးဒေသနွေစပါးရိတ်သိမ်းခြင်း)
**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ကွမ်းရွက်စိုက်ပျိုးခြင်း
**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၅)
**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ကယားရိုးရာဝက်သားနဲ့ဖက်ခါးရွက်ဝါးမီးကင်
**ပအိုဝ်းကရင် (၁၈:၀၀ မှ ၁၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၆)
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ထီလာပုဂံ
**အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၂)
**ချင်း (လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
သွေးလွှန်တုပ်ကွေးအကြောင်းသိကောင်းစရာ
**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ချင်းသီချင်းကြီး(အပိုင်း-၁)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၁၅** စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၉:၄၅** ကမ္ဘာတစ်လွှား အနုပညာသတင်းများ
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'တနာတတ်သူတာဝန်ယူ'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** အင်ဒိုနီးရှားနိုင်ငံ၏ အဂတိတိုက်ဖျက်ရေး
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
**၁၁:၃၀** ရှေ့သို့ချီမည် ပန်းတိုင်ဆီ(အပိုင်း-၁၅)

**MRTV FARMERS' Channel**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
**၀၆:၂၅** မနက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်မှရေတာခွန်မြို့တော်
**၀၆:၃၀** စပါးသီးနှံသုတေသနဗဟိုဌာန၏ သုတေသနခရီးစဉ်
**၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
**၁၈:၀၀** ချန်ပီယံလေးများ(ဇာတ်လမ်း) ခန့်စည်သူ၊ အားသစ်၊ ရွှေမှုံရတီ
**၂၂:၀၀** ကိုကိုလေက်မ(ဇာတ်လမ်း) ရာဇာနေဝင်း၊ ထွန်းထွန်း၊ စိုးမြတ်သူဇာ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
**၀၇:၄၀** Weekly Sports Info
**၁၆:၃၀** MNL 2022 Match(Replay)
**၁၈:၀၀** အားကစားသတင်း
**၁၉:၄၀** အားကစားအခြေခံနည်းစနစ်များ

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှု မရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Zayyar Htut Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အမှတ်(၂၅) ရပ်ကွက်နေ ဇေယျာထွဋ်အောင်အား နံနက် ၁၀ နာရီ မိနစ်၅၀ တွင်လည်းကောင်း၊ “စေတမန်” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရွှေပြည်သာမြို့နယ် အမှတ်(၂၆)ရပ်ကွက်နေ သန်းထိုက်ဦးအား မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ “Mar Mar Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက်နေ မာမာလွင်(ခ) မဘောလုံးအား ည ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Ma Nwe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ သင်္ဃန်းကျွန်းမြို့နယ် ဗိုလ်ကုံညွန့်ရပ်ကွက်နေ ဇင်နွယ်အား ည ၁၀ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလှူငွေများ ပေးအပ်

ကွတ်ခိုင် စက်တင်ဘာ ၂၃

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွတ်ခိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှိုင်မင်းစိုး၊ အမှတ် (၅၉) မူးယစ်တပ်ဖွဲ့စု ကွတ်ခိုင်တပ်ဖွဲ့စုမှူး ရဲမှူး မြင့်နိုင်ဦး၊ ကွတ်ခိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွန်းဦး၊ ကွတ်ခိုင်မြို့မစခန်းမှူး ဒုရဲမှူး မြို့ဆွေတို့ဦးဆောင်၍ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ယနေ့ နံနက် ၈ နာရီတွင် အမှတ်(၅)ရပ်ကွက်ရှိ အမက(၆) ကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ထို့နောက် ခရိုင်ရဲတပ်ဖွဲ့က အမက(၆)ရှိ အုတ်တံတိုင်းပြုလုပ်နိုင်ရေး အတွက် ထောက်ပံ့လှူဒါန်းငွေကျပ် ၇၅၀၀၀၀၊ ကွတ်ခိုင်မြို့ ရပ်ကွက်(၁) ရှိ ရင်ခွင်သစ်မိဘမဲ့ဂေဟာ၊ ရပ်ကွက်(၂)ရှိ သာသနာ့ ရိပ်သာမိဘမဲ့ဂေဟာ နှင့် ရပ်ကွက်(၈)ရှိ ဂေသရေမန် မသန်စွမ်းနှင့် လူငယ်ဖွံ့ဖြိုးရေးဂေဟာ တို့သို့ ဆန် နှစ်အိတ်၊ ဆီ ငါးပိဿာ တစ်ပုံးစီ လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးသန့်နှင့် တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးဦးတို့ဦးဆောင်၍ တပ်ဖွဲ့ဝင် ၅၀၊ မိသားစုဝင်ရဲမေ ၄၅ ဦး၊ အမှတ်(၅၇) ယာဉ်ထိန်းတပ်ဖွဲ့စုမှတပ်ဖွဲ့ဝင် ငါးဦး စုစုပေါင်း ၁၀၀ တို့ဖြင့် တွံတေးမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်ပေါ်နှင့် အနောက်ဘက်မုခ်တို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)





(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခန္တီးခရိုင် ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးသော တပ်ဖွဲ့ဝင် ၄၇ ဦးတို့က ခန္တီးမြို့နယ် ဇီးဖြူကုန်းဘုန်းကြီးကျောင်းနှင့် တောင်ပေါ်စေတီရင်ပြင်တို့တွင် စက်တင်ဘာ ၂၃ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

အေးခိုင်(ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့ ပြည်သူ့ဆေးရုံဝင်း အတွင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဘုန်းမောင်ရွှေ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ရဲတပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ဥမ္မာကျော် (ပြန်/ဆက်)



# မွန်ပြည်နယ်ဝန်ကြီးချုပ် (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မော်လမြိုင် စက်တင်ဘာ ၂၃

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ကလေးဆေးရုံ ပရဝဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့သည်။

ကလေးဆေးရုံ ပရဝဏ်အတွင်း ရဲတပ်ဖွဲ့ဝင် ၁၅၀ ဖြင့် သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ဒလမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးဝင်း၊ စခန်းမှူး ဒုတိယရဲမှူး အောင်မြတ်ဦးတို့ ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၅၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဇေယျာသိဒ္ဓိကျောင်းတိုက် အတွင်း၊ အပြင်၌ စုပေါင်း၍ ချုံနွယ်များ ရှင်းလင်းခြင်း၊ ဘုရားစေတီများ၌ ရေသပ္ပာယ်ခြင်း ကုသိုလ်ပြု ဆောင်ရွက်ကြစဉ်။

တင်ဝင်းတင်

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟသ်ာတခရိုင် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

ဟသ်ာတ စက်တင်ဘာ ၂၃

ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့ ပန်းဘဲတန်း ရပ်ကွက်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ (၇၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၈ နာရီတွင် ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြသန်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် ဟသ်ာတခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင် သုံးဦးနှင့် စာရေး ဝန်ထမ်း တစ်ဦး၊ ဟသ်ာတမြို့နယ် ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင် ကိုးဦး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် လေးဦးနှင့် ရထားရဲတပ်ဖွဲ့ဝင် ၁၁ ဦး စုစုပေါင်း ရဲတပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း



၂၈ ဦးတို့က ဟသ်ာတခရိုင် ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအတွက် သွေးအမျိုးအစားမျိုးစုံကို လှူဒါန်းကြပြီး သွေးလှူဒါန်းသူ တပ်ဖွဲ့ဝင်များအား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြသန်းနှင့် ခရိုင်ဆေးရုံအုပ်ကြီးတို့က လိုအပ်သော အားဖြည့်အစာများ၊ ဆေးဝါးများနှင့် အားဖြည့်အချိုရည်များကို ပြန်လည် ထောက်ပံ့ပေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

# သီပေါမြို့နယ်၌ စားသုံးဆီများ ရောင်းချပေး

သီပေါ စက်တင်ဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် First Top Trading ကုမ္ပဏီက အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ တစ်ပိဿာနှုန်းဖြင့် စားအုန်းဆီ ပိဿာ ၂၂၀၀ ကို မြို့ပေါ်ရှိ ကုန်စုံဆိုင်အချို့နှင့် ကျေးရွာအချို့တို့တွင် ယနေ့နံနက် ၉ နာရီက စတင်ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် မြို့ပေါ်ရှိ မစန်းဦးကုန်စုံဆိုင်၊ စိန်စတိုး၊ အောင်ရတနာဆီစက်၊ ကိုအားစိမ်းကုန်စုံဆိုင်၊ ဒေါ်ထားထားဦး(ကားဖြင့်လှည့်လည်ရောင်းချသူ)၊ ကျောင်းစုကျေးရွာရှိ မိသားစု ဆီစက်၊ နောင်အန်ကျေးရွာရှိ မိဘကျေးဇူး ဆီစက်၊ နမ့်လန်ကျေးရွာရှိ ရွှေညီကို ကုန်စုံဆိုင်နှင့် ဦးကျော်ဟန် ကုန်စုံဆိုင်တို့တွင် ပြည်သူများအတွက် စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀ နှုန်းဖြင့် အိမ်ထောင်စု ၂၂၀၀ အတွက် ဆီပိဿာ ၂၂၀၀ ကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းဖြင့် စနစ်တကျတန်းစီ၍ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါရောင်းချပေးနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့တို့က သတ်မှတ်နှုန်းထားအတိုင်းရောင်းချမှု ရှိ၊ မရှိ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၁၀



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၉-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၉၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၅ | ၂၃၆၀ | ၂၃၄၅ | ၂၃၂၀ | ၂၄၂၀ | ၂၄၃၅ | ၂၃၃၀ | ၂၃၃၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၇၅ | ၂၆၀၅ | ၃၃၁၅ |
| 95 Ron | ၂၃၉၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၀၅ | ၂၄၄၅ | ၂၄၇၀ | ၂၄၅၀ | ၂၄၃၀ | ၂၅၃၀ | ၂၅၄၅ | ၂၄၃၅ | ၂၄၅၅ | ၂၄၈၀ | ၂၄၈၅ | ၂၄၈၅ | ၂၇၁၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၅ | ၂၆၆၀ | ၂၆၅၅ | ၂၆၂၀ | ၂၇၄၀ | ၂၇၃၅ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၅ | ၂၆၇၅ | ၂၉၀၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၆၆၅ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၀ | ၂၇၁၀ | ၂၇၃၅ | ၂၇၃၀ | ၂၆၉၅ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၀ | ၂၉၈၀ | ၃၄၇၅ |
| HSD (10 ppm) | ၂၆၆၅ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၀ | ၂၇၁၀ | ၂၇၃၅ | ၂၇၃၀ | ၂၆၉၅ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၀ | ၂၉၈၀ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၇၇ | ၂၂၅၄ |
| 95 Ron | ၂၂၈၂ | ၂၃၆၁ |
| HSD (500 ppm) | ၂၄၆၆ | ၂၅၄၅ |
| HSD (50 ppm) | ၂၅၄၀ | ၂၆၂၀ |
| HSD (10 ppm) | ၂၅၄၀ | ၂၆၂၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၇၂၃ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၃-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၂-၉-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၃-၉-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၇၂၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)လေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်မှာ “ရဋ္ဌနန္ဒက”ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ သြဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး “ရဋ္ဌနန္ဒက”မှာ ယခုအသက် ၁ နှစ် ၂ လသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၁၁ လက်မ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၈၃၁ ပေါင် ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက် ရှိကြောင်းနှင့် ဆင်ဖြူတော်လေး“ရဋ္ဌနန္ဒက”မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် “Peace Human and Elephant Interaction Training” ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဖျာပုံမြို့နယ်အတွင်း ကွန်ကရစ်တံတား တည်ဆောက်နေမှု တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ဖျာပုံ စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း ကွန်ကရစ်တံတား တည်ဆောက်နေမှုကို ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်နှင့် တာဝန်ရှိသူများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဖျာပုံမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် ပဆင- သလိပ်ကြီး- တူးမြောင်း- ဂျူဝါကြံခင်းလမ်းပေါ်ရှိ အရှည် ပေ ၁၆၀၊ အကျယ် ပေ ၂၀ ကွန်ကရစ်တံတား တည်ဆောက်နေမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်၊ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်း၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းသိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများသည် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် ကဇောင်း-ပုလဲ ကွန်ကရစ်တံတား ချဉ်းကပ်လမ်းနှင့် ဘိုကလေးမြို့နယ် ဂုံမင်းချောင်းတံတား ချဉ်းကပ်လမ်း မြေနေရာရရှိနိုင်ရေး ဒေသခံများနှင့် တွေ့ဆုံညှိနှိုင်းပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦး၊ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးများ၊ ခရိုင်နှင့် မြို့နယ်များမှ သတင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် ရဲမှုထမ်းဟောင်းတပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၉၀ က စက်တင်ဘာ ၂၃ ရက် နံနက် ၇ နာရီတွင် တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## ဟားခါးမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ဟားခါး စက်တင်ဘာ ၂၃**

ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စက်တင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီက ဟားခါးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲများ ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဟားခါးခရိုင်ဦးစီးမှူး ဦးအမ်းအင်းလမ်းက ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် အသိပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အသိပညာပေးဟောပြောသည်။



ထို့နောက် ဟောပြောပွဲတွင် ပြသထားသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဟုမ္မလင်းမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ဟုမ္မလင်း စက်တင်ဘာ ၂၃**

စစ်ကိုင်း တိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်နှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးရေးသိပ္ပံ (ဟုမ္မလင်း)ကျောင်းဆောင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ စိုက်ပျိုးရေးသိပ္ပံ (ဟုမ္မလင်း)ကျောင်းအုပ်ဆရာကြီး ဦးသန့်ဇင်က အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဆောက်က လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြင်ပစာပေ ဗဟုသုတများကို ဖတ်ရှုလေ့လာစေရန် လူငယ်နှင့် အခွင့်အလမ်း ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ဆက်လက်၍ ဟုမ္မလင်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးလှဆိုင်းက ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအကြောင်း အသိပညာပေး ဟောပြောခဲ့ပြီး အမှတ်(၉) မူးယစ်တပ်ဖွဲ့စု (ဟုမ္မလင်း) ခေတ္တတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မြင့်အောင်က မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်နှင့် ပတ်သက်သော ပြဋ္ဌာန်းထားသည့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းနှင့် ပတ်သက်၍ Power Point ဖြင့် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ဟုမ္မလင်း (ပြန်/ဆက်)**

## (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၂၃**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးကြည်နှင့် ကျောက်တံတားခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးလွင်၊ ဗိုလ်တထောင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဖုန်းကျော်၊ အလုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ဦးတို့ ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် ဦးဝိစာရလမ်း အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၅၀၀)တွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ကျုံပျော်မြို့၌ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲ ကျင်းပ



ကျုံပျော် စက်တင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် တိုင်းရင်းဆေးပညာဦးစီးဌာန (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲကို စက်တင်ဘာ ၂၃ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဦးစွာ တိုင်းရင်းဆေးရုံသစ်အား ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး တိုင်းရင်းဆေးရုံ ကမ္ပည်းမော်ကွန်း ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆေးရုံတွင် ကုသမှုခံယူနေသည့် အမျိုးသမီးဆောင်နှင့် အမျိုးသားဆောင်ရှိလူနာများအား အားပေးစကားများ ပြောကြားပြီး အာဟာရဓာတ်စာနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဆေးရုံအတွင်းရှိ ဆေးစတိုး၊ ဆေးကုသခန်း၊ ပြင်ပလူနာဌာနနှင့် ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှုကာ ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဖျော်ဖြေကြသည့် ဘင်ခရာအဖွဲ့၊ ပန်းဖွားအကနှင့် အိုးစည်ဗိုင်းများအား ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

# ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၃)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား ကျင်းပ



ရန်ကုန် စက်တင်ဘာ ၂၃

ဆော်ဒီအာရေဗျနိုင်ငံ၏ (၉၃) နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel ၌ ကျင်းပသည်။

ပြောကြား

"ခိုင်မာသော နှစ်နိုင်ငံ ဆက်ဆံရေးအရ ပြောရမယ်ဆိုရင် မြန်မာနိုင်ငံနဲ့ ဆော်ဒီ နှစ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုတွေ တိုးပွားလာမယ်လို့ ယုံကြည်ပြီး နောင်နှစ်တွေမှာလည်း ကြီးကျယ်ခမ်းနားတဲ့ အရာတွေကို အတူတကွ ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံရုံးမှ သံအမတ်ကြီး Mr. Suad A. Alsubaie က အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

၂၀၀၄ ခုနှစ်မှစတင်၍ ဆော်ဒီအာရေဗျနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တို့အကြား သံတမန်ဆက်ဆံရေးကို ထူထောင်ခဲ့ကြပြီး နှစ်နိုင်ငံဆက်ဆံရေးတွင် အခန်းကဏ္ဍသစ်တစ်ခုအဖြစ် လွန်ခဲ့သည့်နှစ်များအတွင်း နယ်ပယ်အသီးသီးတွင် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း အဆိုပါအခမ်းအနားမှ သိရသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာသံအရာရှိများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ – လင်းရာမ



(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံတပ်နယ်မှ အရာရှိ/စစ်သည်များ၊ သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ စုပေါင်းကာ စက်တင်ဘာ ၂၃ ရက် နံနက် ၇ နာရီက သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်ဆံရွှေစာရံစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ အမှတ်(၆၀၆)အမြောက်စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် ကိုဦး၊ သထုံတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချို၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးပိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သထုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။

ခရိုင်(ပြန်/ဆက်)

(၇၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဆန်းဝင်း၊ ဦးစီး (ပ) ဦးရေးထောက် ဒုတိယရဲမှူးကြီးထွန်းရွှေတို့ဦးစီး၍ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် လက်ရုံးတပ်ဖွဲ့မှတပ်ဖွဲ့ဝင်စာရေးဝန်ထမ်း ၁၀၀ တို့က ပုသိမ်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စက်တင်ဘာ ၂၃ ရက်က စုပေါင်းသွေးလှူဒါန်းစဉ်။

ပုသိမ်လှကြည်



## ကုန်သွယ်/စီးပွား

# ဆိပ်ဖြူကြက်သွန်နီ ဈေးနှုန်းဈေးကွက်နှင့် ကုန်စည်စီးဆင်းမှု

ဆိပ်ဖြူ စက်တင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ ကြက်သွန်နီဈေးကွက် (ကုန်စည်ဒိုင်) သို့ စက်တင်ဘာလ ဒုတိယပတ်အတွင်း ကုန်ချိန်ပိဿာ တစ်သောင်းခွဲခန့် နေ့စဉ်ဝင်ရောက်လျက်ရှိပြီး တစ်ပတ်အတွင်း စုစုပေါင်း ပိဿာ တစ်သိန်းခန့် ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာလ ဒုတိယပတ်အတွင်း ဖြစ်ပေါ်နေသော ကြက်သွန်နီဈေးနှုန်းများမှာ ကြက်သွန်နီ တစ်ပိဿာလျှင် အမြင့်ဈေး (ထိပ်စရှယ်) ကျပ် ၂၇၀၀-၃၀၀၀၊ အလတ်စ ကျပ် ၂၅၀၀-၂၆၀၀၊ အနိမ့်ဈေး ကျပ် ၂၂၀၀-၂၄၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာလ ပထမပတ်နှင့် စက်တင်ဘာလ ဒုတိယပတ် ဈေးနှုန်းများ နှိုင်းယှဉ်လျှင် စက်တင်ဘာလ ဒုတိယပတ်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ထိပ်စရှယ် ကျပ် ၁၀၀၊ အလတ်စနှင့် အသေးစ ကျပ် ၂၀၀ ဈေးနှုန်းအနည်းငယ်ကျဆင်း၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ကုန်စည်စီးဆင်းမှုအနေဖြင့် ဆိပ်ဖြူမြို့မှ ကြက်သွန်နီများကို ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ ကုန်ချိန်အများဆုံး စီးဆင်းလျက်ရှိပြီး ပြည်ပတင်ပို့မှုနည်းပါးကြောင်း၊ စက်တင်ဘာလ ဒုတိယပတ်အတွင်း ကြက်သွန်နီ စုစုပေါင်း ပျမ်းမျှပိဿာချိန် နှစ်သိန်းခန့်၊ အိတ်ရေအားဖြင့် ၇၄၀၇ အိတ်၊ တန်ချိန်အားဖြင့် ၃၂၆ တန်ခန့် ကုန်စည်စီးဆင်းခဲ့ပြီး ပြည်ပဝယ်လိုအားနည်း၍ ကြက်သွန်နီဈေးနှုန်း အနည်းငယ်ကျဆင်းလျက်ရှိကြောင်း ကြက်သွန်နီဈေးကွက်မှ သိရသည်။

စီးပွား/ကူးသန်း



# နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၂၃

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

မိုး/ဇလ

# အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံသင့်သည့် အကြောင်းရင်း

ကမ္ဘာတစ်ဝန်းတွင် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားနှုန်းမှာ အမျိုးသမီးဦးရေ တစ်သိန်းတွင် ၁၃ ဒသမ ၃ ဦးရှိကြောင်းနှင့် ရောဂါကြောင့် သေဆုံးမှုမှာ ၆ ဒသမ ၉ ဦးရှိကြောင်း၊ သားအိမ်ခေါင်းကင်ဆာရောဂါကြောင့် သေဆုံးသူများ၏ ၉၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးမှုနည်းသောနိုင်ငံများတွင်ဖြစ်ပြီး ၎င်းနိုင်ငံများတွင် ရောဂါကြောင့် သေဆုံးမှုနှုန်းမြင့်မားနေသည်ကို တွေ့ရကြောင်း၊ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် အသက်အရွယ်ငယ်သည့် မိန်းကလေးများတွင် ယင်းကင်ဆာရောဂါဖြစ်ပွားစေသည့် Human Papilloma Virus–HPV (ခေါ်) သားအိမ်ခေါင်းကင်ဆာ ဗိုင်းရပ်စ်ပိုးကူးစက်မှုနှုန်းကို ၈၃ ရာခိုင်နှုန်းလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးမှာ HPV ပိုးအမျိုးအစား လေးမျိုးကို ကာကွယ်နိုင်သည့်ဆေးဖြစ်ပြီး အဆိုပါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားမှုကို ၉၅ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ၂၀၂၂ ခုနှစ် ဩဂုတ်လထုတ်ပြန်ချက်အရ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်းကို အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံ၊ ဘူတန်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံတို့၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးထိုးအစီအစဉ်များတွင် ထည့်သွင်းထိုးနှံပေးလျက်ရှိပြီး မြန်မာနိုင်ငံ၏ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်၌ ၁၃ မျိုးမြောက် ထိုးနှံပေးသည့် ကာကွယ်ဆေးလည်းဖြစ်သည်။

ကမ္ဘာပေါ်တွင် ကင်ဆာရောဂါအမျိုးအစားမြောက်မြားစွာရှိသည့်အနက် သားအိမ်ခေါင်းကင်ဆာသည် အမျိုးသမီးများတွင် ဒုတိယအဖြစ်အများဆုံးနှင့် အသေအပျောက်များသော ရောဂါဖြစ်သော်လည်း ကာကွယ်ဆေး ကြိုတင်ထိုးနှံထားခြင်းဖြင့် ဘေးကင်းလုံခြုံမှုရှိပါသည်။ သားအိမ်ခေါင်းကင်ဆာ၏ ထူးခြားချက်မှာ အခြားကင်ဆာရောဂါများနှင့်မတူဘဲ “အကြိုအဆင့်” ရှိပါသည်။ တစ်နည်းဆိုသော် ကင်ဆာအဆင့်မဖြစ်ခင်မှာ တွေ့ရှိနိုင်သောအဆင့်ကို “အကြိုအဆင့်ကင်ဆာ”ဟု ခေါ်သည်။ သားအိမ်ခေါင်းကင်ဆာအကြိုအဆင့်မှာ ကုသပါက ကင်ဆာအဆင့်သို့ မရောက်တော့ပေ။ သားအိမ်ခေါင်းအချွဲအမြှေးကို ကြိုတင်စစ်ဆေးခြင်းအားဖြင့် သားအိမ်ခေါင်းကင်ဆာအကြိုအဆင့်ကို တွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် အမျိုးသမီးများသည် မိမိတို့၏ အသက်အရွယ်ပေါ်မူတည်၍ သားအိမ်ခေါင်းကင်ဆာ ကြိုတင်စစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းများ လုပ်ဆောင်သင့်ပါသည်။

**ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာအဖြစ်သတ်မှတ်**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ လေ့လာတွေ့ရှိချက်မှတ်တမ်းများအရ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်ကပ်ရောဂါမတိုင်မီ ၂၀၁၈ ခုနှစ်က အမျိုးသမီး



ပေါင်း ၅၇၀၀၀၀ ခန့် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားခဲ့ပြီး ၃၁၁၀၀၀ ခန့် သေဆုံးခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ရောက်သောအခါ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုအသစ် ၆၀၄၀၀၀ ဖြစ်ပွားခဲ့ပြီး ၃၄၂၀၀၀ သေဆုံးခဲ့ကြောင်း သိရသည်။ ထို့ကြောင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ရန်အတွက် ကာကွယ်ဆေးထိုးနှံပေးခြင်းကို ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာအဖြစ်သတ်မှတ်ကာ နိုင်ငံတိုင်း၌ အမျိုးသမီးတစ်သိန်းလျှင် လေးဦးဖြစ်ပွားနှုန်းအောက်သို့ရောက်ရှိရန် ထိန်းသိမ်းထားကြရမည်ဖြစ်ကြောင်း WHO က နှိုးဆော်ထားပါသည်။

ထို့ပြင် WHO က မြန်မာနိုင်ငံအပါအဝင် သားအိမ်ခေါင်းကင်ဆာအဖြစ်အများဆုံး နိုင်ငံပေါင်း ၁၀၀ ကျော်ရှိ အစိုးရတို့ကို သားအိမ်ခေါင်းကင်ဆာ စောစီးစွာသိရှိနိုင်မှု၊ ရောဂါရှာဖွေခြင်းနှင့် ပြည့်စုံသောကုသမှုစနစ်များကို အားကောင်းစေမည့် နည်းလမ်းများ ပံ့ပိုးပေးလျက်ရှိသည်။ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်၌ ကာကွယ်ဆေးထိုးအစီအစဉ်များဖြင့် ထိုးနှံပေးခဲ့ရာတွင် အဆိုပါနိုင်ငံများ၌ လိင်အင်္ဂါကြွက်နို့နှင့် သားအိမ်ခေါင်းရှေ့ပြေးကင်ဆာ ဖြစ်ပွားမှုနှုန်း လျော့ကျလာကြောင်းနှင့် HPV ကာကွယ်ဆေးကို သတ်မှတ်ထားသောအရွယ်တွင် လွှမ်းခြုံမှုနှုန်း အမြင့်မားဆုံး ထိုးနှံပေးခြင်းကြောင့်လည်း ရောဂါပိုးကူးစက်ခံရမှုကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကာကွယ်ဆေးထိုးနှံခြင်းနှင့် စစ်ဆေးခြင်း**

အဆိုပါ ကင်ဆာရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဆင့်သုံးဆင့် သတ်မှတ်ထားရာ ပထမအဆင့်တွင် HPV ကာကွယ်ဆေးထိုးနှံခြင်း၊ ဒုတိယအဆင့်တွင် သားအိမ်ခေါင်းကင်ဆာ အကြိုအဆင့်စစ်ဆေးခြင်းနှင့် တတိယအဆင့်တွင် လိုအပ်သောကုသခြင်းတို့ကို တစ်ပြိုင်တည်းလုပ်ဆောင်ခြင်းဖြင့် ထိရောက်စွာ ကာကွယ်သွားရန်ဖြစ်သည်။ ထို့ကြောင့်

> **WHO က မြန်မာနိုင်ငံအပါအဝင် သားအိမ်ခေါင်းကင်ဆာအဖြစ်အများဆုံး နိုင်ငံပေါင်း ၁၀၀ ကျော်ရှိ အစိုးရတို့ကို သားအိမ်ခေါင်းကင်ဆာ စောစီးစွာသိရှိနိုင်မှု၊ ရောဂါရှာဖွေခြင်းနှင့် ပြည့်စုံသောကုသမှုစနစ်များကို အားကောင်းစေမည့် နည်းလမ်းများ ပံ့ပိုးပေးလျက်ရှိသည်။ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်၌ ကာကွယ်ဆေးထိုးအစီအစဉ်များဖြင့် ထိုးနှံပေးခဲ့ရာတွင် အဆိုပါနိုင်ငံများ၌ လိင်အင်္ဂါကြွက်နို့နှင့် သားအိမ်ခေါင်းရှေ့ပြေးကင်ဆာဖြစ်ပွားမှုနှုန်း လျော့ကျလာကြောင်းနှင့် HPV ကာကွယ်ဆေးကို သတ်မှတ်ထားသောအရွယ်တွင် လွှမ်းခြုံမှုနှုန်း အမြင့်မားဆုံးထိုးနှံပေးခြင်းကြောင့်လည်း ရောဂါပိုးကူးစက်ခံရမှုကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်မည်**

သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို အသက်ကိုးနှစ်မှ အသက် (၁၄) နှစ်အရွယ် မိန်းကလေးတိုင်း နှစ်ကြိမ်ထိုးနှံရမည်ဖြစ်ပြီး အသက် (၂၆) နှစ်အရွယ်အထိ သုံးကြိမ်ထိုးနှံနိုင်ပါသည်။ သားအိမ်ခေါင်းကင်ဆာစစ်ဆေးခြင်းကို အိမ်ထောင်ကျပြီးသူ အမျိုးသမီးတိုင်း အသက် (၃၀) ကျော်ပါက သုံးနှစ်တစ်ကြိမ် သို့မဟုတ် ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆက်လက်စစ်ဆေးသွားရန် လိုအပ်သည်။

ထို့ကြောင့် အောက်ဖော်ပြပါအခြေအနေများကို ဖတ်ရှုလေ့လာရှောင်ရှား၍ အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာဖြစ်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ပါမည်။

- စားသောက်မှုပုံစံ နည်းစနစ်မကျခြင်းနှင့် အဝလွန်သော အမျိုးသမီးများ အာဟာရဓာတ်မပြည့်မီသော readymade အစားအစာများကို နိစ္စဓူဝစားသောက်ခြင်းကြောင့် သားအိမ်ခေါင်းကင်ဆာဖြစ်လာရန် တွန်းအားဖြစ်စေသည်။
- ပဋိသန္ဓေတားဆေးကို ငါးနှစ်နှင့်အထက်စွဲ၍ သုံးစွဲလာသူအမျိုးသမီးများမှာ သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်မှု အခွင့်အလမ်းများသည်။
- သုတေသနပြုချက်များအရ မိမိမျိုးရိုးတွင် ထိုကင်ဆာရှိနေပါက မိမိမှာလည်း ကင်ဆာဖြစ်နိုင်ခြေအလားအလာ သုံးဆခန့်ရှိကြောင်း တွေ့ရသည်။
- HIV ပိုးကြောင့်ဖြစ်လာသော AIDS ရောဂါက ကိုယ်ခံစွမ်းအင်များကို ဖျက်ဆီးပစ်၍ HPV ဗိုင်းရပ်စ်ရောဂါပိုး အဆမတန်တိုးပွားလာပြီး နောက်ဆက်တွဲဆိုးကျိုးအဖြစ် သားအိမ်ခေါင်းကင်ဆာဖြစ်ရန် တွန်းအားဖြစ်စေသည်။
- ဆေးရွက်ကြီးထဲရှိ ဓာတ်ပစ္စည်းများက သားအိမ်ခေါင်း၏ဆဲလ်တွင်းရှိ DNA ကို ပျက်စီးစေရုံသာမက ကင်ဆာဆဲလ်များကို အဆမတန် ပြန့်ပွားစေသည်။ ထို့ပြင် ဆေးရွက်ကြီးက ကိုယ်ခံစွမ်းအားစနစ်ကို ဆုတ်ယုတ်လာကာ သားအိမ်ခေါင်းကင်ဆာဖြစ်စေနိုင်သည့် HPV ကူးစက်ပိုးမွှားများကို မတိုက်ခိုက်နိုင်တော့ပေ။ ထို့ကြောင့် ဆေးလိပ်သောက်သော အမျိုးသမီးများက လုံးဝမသောက်တတ်သူများထက် သားအိမ်ခေါင်းကင်ဆာ ဖြစ်နိုင်ခြေအလားအလာ နှစ်ဆကျော်ပိုလာနိုင်သည်။
- သားသမီးသုံးဦးနှင့်အထက် မွေးဖွားသော မိခင်များတွင် သားအိမ်ခေါင်းကင်ဆာ ဖြစ်နိုင်ခြေအလားအလာပိုသည်။
- အသက် (၁၇) နှစ်မတိုင်ခင် (အရွယ်မရောက်သေးခင်)မှာ ကိုယ်ဝန်ဆောင်ခဲ့သူများသည် အသက် (၂၅) နှစ်ရောက်မှ ကိုယ်ဝန်ဆောင်သူများထက် သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ခြေအလားအလာ နှစ်ဆမျှပိုသည်။

**သားအိမ်ခေါင်းကင်ဆာ၏ ရှေ့ပြေးလက္ခဏာများ**

ထိုရောဂါ၏စဦးပိုင်းတွင် ထင်သာမြင်သာသောလက္ခဏာများပြလေ့မရှိဘဲ ရောဂါနောက်ပိုင်းတွင် ပုံမှန်မဟုတ်ဘဲ မျိုးပွားအင်္ဂါမှ သွေးဆင်းခြင်း၊ ဆီးခုံ


**ပေါက်ပေါက်**

နာကျင်ခြင်းတို့ ခံစားရလေ့ရှိသည်။ ဝေဒနာရှင်များတွင် အောက်ပါရောဂါလက္ခဏာများကို အများဆုံးတွေ့ရတတ်သည်။

- ကင်ဆာရောဂါ၏ ပထမအဆင့်မှာ သားအိမ်ခေါင်းရောင်ရမ်းလာပြီး ခန္ဓာကိုယ်အောက်ပိုင်းသို့ သွေးစီးဆင်းမှုပိတ်ဆို့သွားကာ ခြေထောက်များရောင်ရမ်းလာပြီး နာကျင်မှုကို ခံစားရလေ့ရှိသည်။
- ယောနိမှ အရည်ဆင်းမှု ပမာဏပို၍များလာခြင်း၊ အနံ့အသက်မကောင်းခြင်း စသည့် ပုံမှန်ထက်လွန်ကဲသောလက္ခဏာများက သားအိမ်ခေါင်းကင်ဆာ၏ အရိပ်အယောင်ဖြစ်၍ မပေ့ါဆသင့်ပေ။
- ဓမ္မတာရာသီရက်မဟုတ်ဘဲ သွေးဆင်းခြင်း၊ ရာသီလာစဉ် ပုံမှန်ထက်ပို၍ သွေးများများဆင်းခြင်း၊ သွေးဆုံးပြီးနောက်ပိုင်း ရုတ်တရက် သွေးဆင်းလာခြင်း စသည့်လက္ခဏာများသည် သားအိမ်ခေါင်းကင်ဆာ၏ ကြိုတင်လက္ခဏာများဖြစ်တတ်၍ အချိန်မဆိုင်းဘဲ ဆရာဝန်ပြပါ။
- ဆီးကို အားစိုက်၍ ညှစ်ချနေရခြင်းသည် ကင်ဆာတစ်သျှူးများ ဘေးသို့ပြန့်လာနေပြီဖြစ်၍ ကုသမှုကို အမြန်ဆုံးခံယူသင့်ပါပြီ။
- မကြာခဏဆိုသလို ဆီးသွားခြင်း၊ ဆီးအိမ်မထိန်းနိုင်တော့ဘဲ ဆီးထွက်ကျခြင်း၊ ဆီးထဲတွင် သွေးပါခြင်းတို့သည်လည်း သားအိမ်ခေါင်းကင်ဆာလက္ခဏာဖြစ်သည်။
- ရက်လကြာရှည် ခါးနာခြင်းနှင့် ရံဖန်ရံခါမဟုတ်ဘဲ မကြာခဏဆိုသလို တင်ပါးဆုံရိုး နာကျင်နေပါက သို့မဟုတ် ရက်ရှည်နာကျင်လာပါက ဆရာဝန်ဖြင့် တိုင်ပင်ဆွေးနွေးပါ။
- သားအိမ်ခေါင်းကင်ဆာရောဂါသည် ကျန်းမာသော သွေးနီဥ ပမာဏအမြောက်အမြားကို လျော့ကျသွားစေ၍ ပင်ပန်းနွမ်းနယ်စွာ ခံစားရခြင်း၊ သွေးအားနည်းခြင်း၊ နုံးချည့်ခြင်း၊ ကိုယ်အလေးချိန် ထိုးကျသွားခြင်း၊ အစားစားချင်စိတ်မရှိခြင်းတို့ ဖြစ်စေနိုင်သည်။

အထူးသတိပေးလိုသည်မှာ မြန်မာနိုင်ငံတွင် အမျိုးသမီးများ (အသက်အရွယ်အားလုံး)တွင် ဖြစ်လေ့ရှိသော ကင်ဆာအားလုံး၏ ၂၃ ဒသမ ၅ ရာခိုင်နှုန်းသည် သားအိမ်ခေါင်းကင်ဆာဖြစ်ပြီး အသက် (၁၅)နှစ်မှ (၄၄) နှစ်အတွင်း အမျိုးသမီးများတွင် အများဆုံးဖြစ်သည့်အပြင် ကင်ဆာကြောင့် သေဆုံးရခြင်း၏ အဓိကအကြောင်းရင်းလည်း ဖြစ်သည်။ ၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော စစ်တမ်းအရ သားအိမ်ခေါင်းကင်ဆာ လူနာများ၏ ၈၆ ရာခိုင်နှုန်းတွင် အန္တရာယ်များသော HPV အမျိုးအစား (၁၆)နှင့် (၁၈) တို့ ကူးစက်ခံထားရသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုသော် *“Prevention is better than cure* – ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ပိုမိုကောင်းမွန်၏”ဟူသော ဆိုရိုးစကားရှိပေသည်။ စစ်ဆေးခြင်း၊ ကုသခြင်းနည်းလမ်းဖြင့် သားအိမ်ခေါင်းကင်ဆာကို မျိုးဆက်တစ်ခုအတွင်း ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ဖယ်ရှားပစ်နိုင်သလို ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်း လွှမ်းခြုံမှုမြင့်မားသည်နှင့်အမျှ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုနှင့် ထိုရောဂါကြောင့် ဆေးသုံးမှုတို့လည်း လျော့နည်းကျဆင်းသွားမည်ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်စီမံချက်ဖြင့် အခမဲ့ထိုးနှံပေးနေသော သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို ကျန်းမာရေးအသိ၊ သတိတို့ဖြင့် သတ်မှတ်သောကာလအတွင်း မပျက်မကွက် ထိုးနှံထားကြရန်လိုပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။




ဝတ္ထုတို

■ ငြိမ်းချမ်းအောင်(နတ်တလင်း)

အခန်း( ၁)

“တစ်ခါတလေ အရက်မသောက်ဘဲ နေကြည့်စမ်းပါ ကိုမြင့်ဆွေရယ်၊ ရှင်အရက်သောက်တာကို ကျွန်မမပြောနဲ့ ကလေးတွေကတောင် မကြိုက်ဘူး။ သူတို့မပြောသာလို့သာ ငြိမ်နေကြတာ”

မိန်းမဖြစ်သူ မငွေးကြည်၏ စကားသံကို ကြားတစ်ချက် မကြားတစ်ချက်ဖြင့် ကိုမြင့်ဆွေတစ်ယောက် အမူးလွန်နေပြီဖြစ်၏။ အခါတိုင်း အလုပ်ပြန်ချိန်တိုင်း အရက်သောက်တတ်ပေမယ့် ဒီနေ့လောက် အခြေအနေမဆိုးခဲ့။ ဒီနေ့က အရက်ဆိုင်တွင် အပေါင်းအသင်းစုံနေသောကြောင့် ရေချိန်လွန်စွာသောက်မိခဲ့ခြင်း ဖြစ်လေသည်။ ကိုမြင့်ဆွေက အရက်သောက်တတ်ပေမယ့် မိသားစုအပေါ် မူးယစ်ရမ်းကားခြင်းတော့ မရှိပေ။ သို့ပေမယ့် ကိုမြင့်ဆွေအရက်သောက်ခြင်းကို မငွေးကြည်က မကြိုက်။ အရက်သောက်သုံးခြင်းကြောင့် ပြိုကွဲပျက်စီးသွားသည့် အိမ်ထောင်စုတွေကို မငွေးကြည်တစ်ယောက် မြင်တွေ့နေခဲ့ရသည်မဟုတ်လား။

ထို့ကြောင့် ကိုမြင့်ဆွေကို အရက်မသောက်စေချင်။ အလုပ်ပင်ပန်းလွန်းသောကြောင့် တစ်ခါတစ်ရံ ကိုမြင့်ဆွေအရက်သောက်ဖြစ်သည်ကို မငွေးကြည်နားလည်ပေးနိုင်သော်လည်း ယခုရက်ပိုင်းအတွင်း ယခင်ကလို မဟုတ်သော ကိုမြင့်ဆွေ၏ အခြေအနေကြောင့် မပြောချင်ပေမယ့် ပြောလိုက်ရသည်။ ခြင်ထောင်ထဲကနေ အိပ်ချင်ယောင်ဆောင်ပြီး အဖေနှင့်အမေတို့၏ စကားသံကို နားစွင့်နေသော ဆယ်နှစ်နှစ်သားလေး ဖိုးမောင်နှင့် ရှစ်နှစ်သမီးလေး မြခက်တို့က အဖေနှင့်အမေတို့ စကားများရန်ထဖြစ်မလားဟူ၍တွေးရင်း စိတ်ပူကာ ငြိမ်သက်နေကြ၏။ မငွေးကြည်လည်း ကလေးနှစ်ယောက် အိပ်နေရာကလန့်နိုးမည်စိုးသဖြင့် အသံကို ထိန်းကာပြောနေရသည်။ မငွေးကြည် ဘယ်လောက်ပြောပြော ကိုမြင့်ဆွေက ဘာမျှပြန်မပြောတော့။ အလုပ်ပင်ပန်းမှုနှင့် အရက်အရှိန်ကြောင့် အိပ်ပျော်နေပြီဖြစ်၏။

အခန်း(၂)

မြို့အစွန်က ရပ်ကွက်လေးထဲတွင် နေထိုင်ကြသော ကိုမြင့်ဆွေတို့ဘဝက အချမ်းသာကြီး မဟုတ်သော်လည်း အတန်အသင့်တော့ အဆင်ပြေလှသည်။ လင်မယား နှစ်ယောက်စလုံးကလည်း အလုပ်ကိုယ်စီနှင့်မို့ ရသမျှလုပ်အားခများလည်း စုတန်သလောက်စုမိခဲ့၏။ ကိုမြင့်ဆွေကလည်း အလုပ်မရွေး ကြုံရာကျပန်းလုပ်ပြီး အိမ်ထောင်ဦးစီးကောင်းပီသစွာဖြင့် မိသားစုအပေါ် တာဝန်ကျေခဲ့၏။ ထို့အတူ မောင်တစ်ထမ်းမယ်တစ်ရွက်ဆိုသလို မငွေးကြည်ကလည်း မြို့ဈေးမှာ ငါးရောင်း၍ မိသားစုစားစရိတ် အလျဉ်မီဖို့ ကြိုးစားခဲ့သည်။ ဒီလို ကိုမြင့်ဆွေတို့ လင်မယားနှစ်ယောက်စလုံး အလုပ်မလုပ်လို့လည်း မဖြစ်ပေ။ သားလေး ဖိုးမောင်နှင့် သမီးလေး မြခက်တို့၏ ကျောင်းစရိတ်ကလည်း ရှိနေသေးသည်မဟုတ်လား။ ထို့အပြင် တစ်နေ့တခြား ထိုးတက်လာသော ကုန်ဈေးနှုန်းကြောင့်လည်း မိသားစုစားဝတ်နေရေး အဆင်ပြေဖို့ ကိုမြင့်ဆွေတို့ လင်မယားနှစ်ယောက်စလုံး ကြိုးစားရှာဖွေနေခဲ့သည်။

မငွေးကြည်၏ ငါးရောင်းသောအလုပ်ကလည်း အရမ်းအမြတ်မကျန်ပေမယ့် သူ့ဟာနှင့်သူတော့ အရောင်းအဝယ် အဆင်ပြေလှသည်။ မိုးရာသီဆိုလျှင်တော့ ကိုမြင့်ဆွေက အလုပ်အားချိန်တွင် ရပ်ကွက်ဘေးနားရှိ ချောင်းမြောင်းများအတွင်း ငါး၊ ဖားလိုက်ရှာပေး၍ မငွေးကြည်က ဈေးတွင်ရောင်းရသောကြောင့် ပို၍အမြတ်ကျန်၏။ ကိုမြင့်ဆွေ ငါးရှာမရသည့်နေ့တွင်လည်း မငွေးကြည်အတွက်က အကြောင်းမဟုတ်။ ဈေးတွင် ရေချိုငါး၊ ရေငန်ငါးများ အမြဲပို့ပေးနေသည့် ဖောက်သည်လည်းရှိသည်။ ထို့ကြောင့် ငါးရောင်းသော အလုပ်တစ်ခုကိုသာ မငွေးကြည် စွဲမြဲစွာလုပ်ခဲ့၏။

အခန်း(၃)

“အစ်မငွေးကြည်ရေ၊ ငါးခူ ငါးဆယ်သားထည့်ထားပေးပါ၊ ကျွန်မ ဟင်းရွက်တန်းဘက်သွားမလို့ အပြန်မှ ဝင်ယူမယ်နော်”

“အေးပါ ထည့်ထားလိုက်မယ် မချိုရေ”

ဈေးက သားငါးတန်းနှင့် ဟင်းရွက်တန်းက တစ်ခုစီမို့ မချိုတစ်ယောက် ဟင်းရွက်တန်းဘက်ကို သွားတုန်း မှာထားခဲ့သော ငါးခူများကို အမြန်လုပ်ရမည်ဟု တွေးရင်း အိုးထဲကနေ မငွေးကြည် ထုတ်ယူလိုက်၏။ ငါးကြင်းနှင့် အခြားငါးကိုမှာလျှင်တော့ ကိစ္စမရှိပေ။ ခုတ်ထစ်ပြီးသားမို့ အိတ်ထဲထည့် တန်းချိန်ပေးလိုက်ရုံပင်။ ငါးခူတွေကျတော့ အရှင်တွေမို့ အိုးထဲရေထည့်ပြီး လှောင်ထားရ၏။ မချိုကလည်း အမြဲဝယ်နေကျ ဖောက်သည်တစ်ယောက်ဖြစ်၍ ရင်းနှီးနေသောကြောင့် ငါးအကောင်ကြီးများကို ရွေးပေးထားလိုက်၏။ မငွေးကြည် ငါးအိုးထဲလက်နှိုက်ပြီး ပြန်ထုတ်လျှင် ပါလာသောငါးသည် ကံဆိုးလှသော ငါးတစ်ကောင်ပင်။ သိပ်မကြာလိုက် ငါးရိုက်သံထွက်လာပြီး အချိန်ခဏအတွင်းမှာပင် ခုတ်ထစ်ရေဆေးပြီးဖြစ်လေ၏။

ငါးရိုက် ကိုင်တွယ်နေရသည့်အလုပ်က မငွေးကြည်အတွက် မထူးဆန်းတော့ပေ။ ငါးတစ်ချက်ရိုက်ရလျှင် မိသားစုအတွက် ပိုက်ဆံတစ်ခါရသည်ဟု မငွေးကြည်မှတ်ယူထားခဲ့၏။ ဒီငါးရိုက်သောလက်ဖြင့် မိသားစုစားဝတ်နေရေးကို ထိန်းသိမ်းလာခဲ့သည်မှာ ကြာပြီမဟုတ်လား။ ထို့ကြောင့် တစ်နေ့တစ်နေ့ ငါးရိုက်ငါးခုတ်ဖို့သာ စိတ်စွဲနေခဲ့၏။ အနီးနားကလည်း ငါးသည်တွေချည်းမို့ နေ့စဉ်နေ့တိုင်း ငါးရိုက်သံ၊ ငါးခုတ်သံများက ကြားမဆုံး။

မငွေးကြည် သတိထားမိတာက ငါးရိုက်သံ၊ ငါးခုတ်သံများ ဆူညံနေပြီဆိုထိုနေ့က ငါးသည်များအတွက် ငွေရွှင်သောနေ့ပင်။ ငါးခုတ်သံသိပ်မကြားရတော့သည့် နေ့ဆိုလျှင်တော့ ငါးသည်များ စဉ့်တီတုံးပေါ် ခေါင်းတင်၍ ငုတ်တုတ်ငိုင်နေကြ၏။ တစ်နေ့လုပ်မှ တစ်နေ့စားဘဝတူတွေချည်းမို့ မငွေးကြည် စာနာမိပါ၏။ ထို့ကြောင့် အားလုံးအရောင်းအဝယ် အဆင်ပြေကြပါစေဟု ဆုတောင်းပေးရုံမှလွဲ၍ ဘာမျှမတတ်နိုင်ခဲ့ပေ။

အခန်း(၄)

ဒီနေ့ ကိုမြင့်ဆွေ နေမကောင်းဖြစ်၍ မငွေးကြည် ဈေးရောင်းနားရလေသည်။ မနားလို့ကလည်း မဖြစ်ပေ။ အိမ်တွင်ရှိသည့် သားနှင့်သမီးက အရွယ်မရောက်သေးသည့် ကလေးငယ်တွေမို့ အားကိုးလို့လည်း မရသေး။ ထို့ကြောင့် ဈေးရောင်းနား၍ ကိုမြင့်ဆွေကို ပြုစုနေရ၏။ အလုပ်ပင်ပန်းမှုကြောင့် နေမကောင်းဖြစ်နေသော ကိုမြင့်ဆွေကို ကြည့်၍ မငွေးကြည် စိတ်မကောင်းဖြစ်မိပါ၏။ ကိုမြင့်ဆွေက အလုပ်ကြမ်းစုံအောင် လုပ်ရသောကြောင့် နေမကောင်းဖြစ်ပြီဆိုလျှင် အလူးအလဲခံစားရတော့၏။ ဒီရက်ပိုင်း ကိုမြင့်ဆွေ အရက်မသောက်တော့တာကိုလည်း မငွေးကြည်သတိထားမိသည်။ အခါတိုင်း ကိုမြင့်ဆွေ အလုပ်ပြန်လာပြီဆိုလျှင် အရက်နံ့က စူးရှစွာပါလာစမြဲ။

ဒီရက်ပိုင်းအတွင်းမှာ အရက်မသောက်တော့ဘဲ ပြောင်းလဲသွားသော ကိုမြင့်ဆွေကို ကြည့်၍ မငွေးကြည် အံ့သြနေသည်။ ထိုအကြောင်းကိုမေးဦးမည်ဟု တွေးထားပေမယ့် မမေးဖြစ်ခဲ့။ မမေးဖြစ်ပေမယ့် ကိုမြင့်ဆွေအရက်မသောက်တော့ဘဲ နေနေတာက သားနှင့်သမီးအတွက် ဖြစ်မှာပါဟု သိနေသောကြောင့်လည်း ဖြစ်၏။

“မေမေရေ ဆန်ပြုတ်အိုးပွက်နေပြီ”

မီးဖိုချောင်ထဲက လှမ်းအော်နေသည့် သားဖြစ်သူဖိုးမောင်၏ စကားသံကြောင့် မငွေးကြည် အမြန်ထလာခဲ့သည်။ ဒီနေ့က ဖိုးမောင်တို့ မောင်နှမ ကျောင်းပိတ်ရက် ဖြစ်သောကြောင့် အိမ်တွင်ရှိနေကြ၏။ ကျောင်းပိတ်ရက် အားလပ်ချိန်ဖြစ်ပေမယ့် အခြားကလေးငယ်တွေလို အပြင်ထွက်၍ မကစားပေ။ နေမကောင်းဖြစ်နေသော အဖေဖြစ်သူကိုမြင့်ဆွေအနားကမခွာဘဲ ဆေးတိုက်လိုက်၊ ရေခပ်ပေးလိုက်နှင့် အလုပ်ရှုပ်နေကြသော မောင်နှမနှစ်ယောက်ကိုကြည့်၍ မငွေးကြည် ဝမ်းသာပီတိဖြစ်နေခဲ့၏။ အိမ်တွင် စိန်ရွှေရတနာဟူ၍မရှိပေမယ့် သားလေးဖိုးမောင်နှင့် သမီးလေးမြခက်က မငွေးကြည်တို့ဘဝအတွက် အဖိုးထိုက်သည့် ရတနာလေးတွေမဟုတ်လား။ ထို့ကြောင့် သားနှင့်သမီး ဘဝရှေ့ရေးအတွက် ပေးစရာအမွေပစ္စည်းဟူ၍ မငွေးကြည်တို့မှာ လောက်ငအောင်မရှိသော်လည်း ပညာရေးကိုအားပေး၍ ပညာအမွေတော့ ရအောင်ပေးမည်ဟု ဆုံးဖြတ်ချက်ချထားသည်။

အခန်း(၅)

ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲတွင် အလုပ်လုပ်နေရင်း ကိုမြင့်ဆွေစိတ်ထဲလေးလံနေသည်။ ဒီမနက် အလုပ်လုပ်ဖို့ထွက်လာရပေမယ့်စိတ်မပါခဲ့။ ဘာကြောင့်မှန်းလည်း ကိုမြင့်ဆွေ စဉ်းစား၍မရပေ။ ဆောက်လုပ်ရေး လုပ်ငန်းခွင်ထဲတွင် အုတ်ခဲသယ်၊ ဘိလပ်မြေထမ်း အကြမ်းသမားအဖြစ် လုပ်ကိုင်နေရသည်မှာ ရက်အတော်ကြာနေပြီ ဖြစ်သော်လည်း ဒီနေ့လောက် လူပင်ပန်းစိတ်ပင်ပန်း မဖြစ်ဖူးခဲ့။ အိမ်ပြန်ချင်သည့် စိတ်ပေါ်လာပေမယ့် ပြန်သွားဖို့ကလည်း မဖြစ်နိုင်။ အလုပ်ပြီးချိန်မဟုတ်ဘဲ အိမ်ပြန်လျှင် နေ့စားခမရတော့မည်ကိုလည်း စိတ်ပူရသည်။ တစ်နေ့လုပ်တစ်နေ့စားဘဝတွေမို့ အလုပ်နှင့်လက် မပြတ်နိုင်မှ စားဝတ်နေရေးက အလျဉ်မီရုံပင်။ ထို့ကြောင့် အိမ်ပြန်ချင်စိတ်ကိုချိုးနှိမ်၍ လုပ်စရာရှိသည်များကိုသာ ဆက်လုပ်နေခဲ့၏။

“ကိုမြင့်ဆွေရေ၊ ခင်ဗျားမိန်းမကို ဆိုင်ကယ်တိုက်သွားလို့တဲ့၊ အခုပဲ ခင်ဗျားတို့ရပ်ကွက်ထဲက လူတစ်ယောက်လာပြောသွားတယ်”

အလုပ်အတူလုပ်နေသော လူတစ်ယောက်လှမ်းပြောလိုက်သည့် စကားသံကြောင့်ကိုမြင့်ဆွေထိတ်လန့်သွားခဲ့သည်။ ထမ်းထားသော ဘိလပ်မြေအိတ်ကို ပစ်ချထားခဲ့ပြီး ပုဆိုးတိုတိုပြင်ဝတ်ကာ အနားရှိသူများကို စကားပြန်မပြောနိုင်တော့ဘဲ အိမ်သို့ အပြေးပြန်လာခဲ့၏။ အိမ်ပြန်လမ်းတစ်လျှောက်တွင် မငွေးကြည်အပေါ် စိုးရိမ်စိတ်များက ကြီးစိုးနေသဖြင့် အမြန်လျှောက်နေသော ခြေလှမ်းများပင် ကိုမြင့်ဆွေအတွက် နှေးလာသလို ခံစားရသည်။ စိတ်ထဲကလည်း ဘုရားတရင်း မငွေးကြည်တစ်ယောက် ဘာမျှကြီးမားသော အနာတရမဖြစ်ပါစေနှင့်ဟု ဆုတောင်းလာရသည်မှာလည်း အကြိမ်ကြိမ်။ ခြံထဲဝင်ဝင်ခြင်း လှမ်းမြင်လိုက်ရသော မငွေးကြည်၏အခြေအနေကြောင့် ကိုမြင့်ဆွေရင်ထဲ ဆို့နင့်သွားသည်။ နဖူးပြင်ထက်က စီးကျလာသော ချွေးစက်တွေကို မသုတ်အား။ မငွေးကြည်၏ ဒဏ်ရာများကိုသာ စိတ်ပူစွာဖြင့် မမောတမ်းမေးနေသည်။ ဆိုင်ကယ်ဝင်တိုက်ခံရ၍ ဒဏ်ရာအကြီးအကျယ် ရသွားသူများကိုလည်း ကိုမြင့်ဆွေ မြင်တွေ့ဖူးပါသည်။

မငွေးကြည် တစ်ယောက်လက်ကျိုးသွားတာကလွဲ၍ အခြားဘာမျှမဖြစ်သည်ကိုတွေ့ရမှ ကိုမြင့်ဆွေ အနည်းငယ်စိတ်အေးသွားခဲ့သည်။ အမေဖြစ်သူ မငွေးကြည်ကိုကြည့်၍ ငိုနေကြသော သားနှင့်သမီးကို ကြည့်ရင်း ကိုမြင့်ဆွေ စိတ်မကောင်း။ ထို့ကြောင့် သားတို့မေမေ ဘာမျှမဖြစ်ပါဘူးကွာ မငိုနဲ့နော်ဟု ပြော၍ ချော့လိုက်ရသည်။ ညာလက်တစ်ချောင်းကျိုးသွားပေမယ့် ဘာမျှမဖြစ်သလိုနေနေသော မိန်းမဖြစ်သူ မငွေးကြည်ကိုမြင်၍ ကိုမြင့်ဆွေအံ့သြနေသည်။ ကိုမြင့်ဆွေ စိုးရိမ်စိတ်ဖြင့် မေးပေမယ့် မငွေးကြည်က ဘာမျှပြန်မပြော။ ပတ်တီးစည်းထားသည့် လက်ကိုသာကြည့်၍ ငိုင်နေ၏။ မတော်တဆမှုကြောင့် ထိတ်လန့်သွားပြီး စကားမပြောသေးဘဲ နေတာဖြစ်မှာပါဟု ကိုမြင့်ဆွေ တွေးရင်းဘာမျှထပ်မမေးတော့ပေ။ ထိုအချိန်တွင် မငွေးကြည်သတင်းကိုကြား၍ရောက်လာသော မချိုက “ လက်ကနာနေလား အစ်မငွေးကြည်၊ ကျွန်မလည်း အစ်မဆိုင်ကယ်အတိုက်ခံရတယ်လို့ သတင်းကြားတော့ အမြန်ပြေးလာခဲ့ရတာ၊ ဆေးရုံကိုလည်း ရောက်ခဲ့သေးတယ်၊ အစ်မအိမ်ပြန်သွားပြီပြောလို့ အိမ်ကိုပဲ တန်းလာခဲ့တာ”ဟု မေးလိုက်သည်။

ထိုအခါ မငွေးကြည်က “ပတ်တီးစည်းထားပြီး ဆေးအရှိန်နဲ့ဆိုတော့ နည်းနည်း အနာသက်သာသေးတယ် မချိုရေ၊ လက်ကျိုးသွားတော့ ငါငါးရိုက်လို့ မရတော့ဘူး ဟီးဟီး”ဟု မငွေးကြည်ပြောရင်းက ချုံးပွဲချငိုလေတော့၏။ ငိုနေသော မငွေးကြည်ကိုကြည့်၍ မချိုတစ်ယောက်လည်း ဘာဆက်ပြောရမှန်း မသိတော့ပေ။ ထို့ကြောင့် နောက်ထပ်ဘာမျှမမေးဖြစ်သေးဘဲ မငွေးကြည်ကိုသာ ငေးကြည့်နေ၏။ လက်ကဒဏ်ရာအတွက် စိတ်မပူဘဲ ငါးမရိုက်ရတော့မည်ကိုသာ စိတ်ပူနေသည့် မိန်းမဖြစ်သူ မငွေးကြည်ကို ကိုမြင့်ဆွေ အပြစ်မမြင်ခဲ့ပေ။ ထို့နောက် မငွေးကြည်၏ပါးပြင်ပေါ်သို့ ကျဆင်းလာသော မျက်ရည်စက်တွေကို အသာသုတ်ပေးလိုက်ပြီး ကိုမြင့်ဆွေက သူ၏လက်ကြမ်းကြီးဖြင့် သားလေးဖိုးမောင်နှင့် သမီးလေးမြခက်တို့ကို တင်းကြပ်စွာ ဖက်ထားလိုက် လေတော့သည်။ ။

## လူငယ်ဘဝ လှပစေ

❖ မူးယစ်ဆေးဝါး အရက်တွေ
ရှောင်ရှားဝေးဝေးနေ။
ထုံထိုင်းရီဝေ အတွေးမှား
ဆုံးဖြတ်အလွဲများ။

❖ ဦးနှောက်ပျက်ပြား မှုမမှန်
ချို့ယွင်းအသိဉာဏ်။
မှား၊ မှန်ခွဲရန် အသိကင်း
သတိမဲ့စေခြင်း။

❖ လောကအတွင်း ရှင်သန်စဉ်
မကောင်းမှုရှောင်ကြဉ်။
အပျက်အစဉ် ပြင်ခဏ
ကောင်းဖို့ကြိုးစားကြ။

❖ လူငယ်ဘဝ တက်လမ်းတွေ
လက်တစ်ကမ်းမှာလေ။
အောင်မြင်မှုတွေ သယ်ဆောင်လို့
ချီတက်ပန်းတိုင်သို့။ ။

ထက်သခင်(သုံးဆယ်)

---

## အလင်းတံခါး

☆ ဆောင်းပါး စာကဗျာ
သတင်းစာ ပုံပြင်ရုပ်ပြ
ဗဟုသုတ အထွေထွေ။
ဗုဒ္ဓဝင် တရားဓမ္မ
ကဏ္ဍစုံပေ။

☆ ရတနာသိုက် ပမာလေ
လူငယ်တွေ လက်ဆင့်ကမ်း။
လေ့လာပါ အချိန်ရှိခိုက်
စာကြည့်တိုက်လှမ်း။

☆ စာဖတ်လျှင် ဉာဏ်ပွင့်လန်း
ဘဝလမ်း အောင်ပွဲဆင်။
အသိပညာ ဝေဖြာလက်
တိုးတက်ဖို့ပင်။
အနာဂတ် လမ်းပြသခင်
ကျေးဇူးရှင် စာပေများ။

☆ စာပေကို နေ့စဉ်ဖတ်လို့
မှန်မြတ်စိတ်ထား။
ပြဿနာ အမှန်အမှား
ခွဲခြားလို့ သိမြင်။
စိတ်ထားဖြူ နှလုံးလှ
ရသစုံလင်။

☆ ဖွဲလုံ့လနှင့် ခရီးနှင်
အားလပ်ချိန်တွင် အရောက်သွား။
ဘဝအမှောင် ရွှေရောင်ဝင်းဖို့
အလင်းတံခါး။

မင်းဝေအောင်(ရဲကျွန်း)

---

ဆောင်းပါး

# ဗလငါးတန်ပြည့်စုံဖို့ စာတတ်မြောက်အောင် သင်ကြစို့

■ မောင်စိုးငွေ (ကသစ်မြေ)

ကမ္ဘာပေါ်တွင် လူသားအဖြစ် ရပ်တည်ခြေချခွင့် ရရှိလိုက်ပြီဆိုသည်နှင့် လောကဓံ၏ ထိုးနှက်မှုများကို တွန်းလှန်ရုန်းကန်ရင်း ဘဝရပ်တည်ရှင်သန်နိုင်ရေး အတွက် ကြိုးစားအားထုတ်ကြရတော့မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။ "လောကဓံတရားကို လူတို့အဘယ်ကြောင့် ရင်ဆိုင်ရပါသနည်း" ဟုဆိုသော် "လူသားဖြစ်ခြင်းကြောင့်" ဟုပင် ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာမြေပေါ်ရှိသက်ရှိများအားလုံးတွင် လူသားသက်ရှိများသည် ကောင်း၏၊ ဆိုး၏၊ မှား၏၊ မှန်၏ဟူသော အကြောင်းအချင်းအရာများကို ခွဲခြားစိတ်ဖြာနိုင်သော အသိဉာဏ်ရှိနေခြင်းကြောင့်ဖြစ်သည်။

ကျွန်ုပ်တို့ ရှင်သန်နေထိုင်ရာ ကမ္ဘာမြေကြီးကို လူသားများကသာ ပြုပြင်ပြောင်းလဲမှုများ လုပ်နိုင်စွမ်းရှိပါသည်။ သို့သော် လူသားအားလုံး၏ စဉ်းစားတွေးခေါ်ဉာဏ်သည် အားလုံးတန်းတူညီခြင်းတော့ ရှိမနေပါ။ တစ်ဦးနှင့်တစ်ဦး၊ လူမျိုးတစ်စုနှင့်တစ်စု၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ အတွေးအခေါ်အယူအဆ၊ ခံယူချက်များ ကွဲလွဲမှုရှိကြပါသည်။ ထိုသို့ကွဲလွဲမှုများ၊ တန်းမတူညီမှုများနှင့် ဖွံ့ဖြိုးမှုစံနှုန်း မတူညီမှုများသည် မိမိတို့သက်ဆိုင်ရာ စာပေများကို တတ်မြောက်မှု မရှိခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရပါသည်။ စာမတတ်မြောက်မှုသည် အခြေခံအကြောင်းတရား တစ်ခုလည်းဖြစ်ပါသည်။

### စာမတတ်သူဦးရေများပြားနေခြင်း

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရခြင်း၏ အကြောင်းအရင်းမှာ ပညာရေးနိမ့်ပါးခြင်းနှင့်အတူ စာမတတ်သူဦးရေ များပြားနေခြင်းဟူသော အကြောင်းသည် အဓိကပါဝင်ပါသည်။ နိုင်ငံ၏ကဏ္ဍအသီးသီးတွင် စာတတ်မြောက်သူများသာ ပါဝင်လုပ်ဆောင်နိုင်သောကြောင့် စာမတတ်သူဦးရေများနေပါက တိုင်းပြည်၏ လုပ်ငန်းများ ခရီးမတွင် မအောင်မြင်နိုင်ပါ။ ထိုအချက်သည် အကြောင်းတရားများစွာထဲမှ တစ်ခုပင်ဖြစ်သည်။ အိမ်ထောင်စုတစ်စုသည် ပညာဖြင့်အသက်မွေးသော လုပ်ငန်းမရှိပါက အဆင်ပြေသောမိသားစု မဖြစ်လာနိုင်ပေ။ လူသားတစ်ဦးတွင်လည်း စာမတတ်ပါက အတတ်ပညာ၊ အသိပညာများ မရှာဖွေနိုင်ဘဲ ဘဝကို "ဆင်ကန်းတောတိုး"သကဲ့သို့ လျှောက်လှမ်းကာ နိဂုံးချုပ်ကြရပေသည်။

"စာမတတ်ရင်သူများ နောက်လိုက်ဖြစ်လိမ့်မယ်" ဟု လူကြီးမိဘများက ကလေးသူငယ် လူငယ်များကို ဆုံးမသောစကားရှိပါသည်။ စာမတတ်လျှင် အမှန်ပင် သူများနောက်လိုက်ဖြစ်ရပါသည်။ ကလေးများက ငယ်တုန်းတွင် နားမလည်။ စာမတတ်သူသည် သူတစ်ပါးသွားလေရာနောက် တကောက်ကောက်လိုက်ရသည်ဟု ထင်ကြပါသည်။ အမှန်စင်စစ်တွင် စာမတတ်သူသည် သူတစ်ပါး၏ လမ်းညွှန်စေခိုင်းသမျှကို အကြောင်းပြချက်ပေးခွင့်မရှိ လုပ်ဆောင်ပေးကြရသည်။ ကိုယ်ပိုင်အတွေးအခေါ်မရှိ၊ စဉ်းစားဉာဏ်မရှိ ထင်ရာစိုင်း၍ လုပ်တတ်ကြပါသည်။ အကျိုးအပြစ်ကို ဝေဖန်ပိုင်းခြားနိုင်ခြင်းမရှိဘဲ လုပ်တတ်ကိုင်တတ်သည်။ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိရန်မှာလည်း စာပေဗဟုသုတ ဖတ်ရှုလေ့လာဆည်းပူးမှုရပေမည်။ ထိုသို့ ဖတ်ရှုနိုင်ရန် စာတတ်ဖို့လိုအပ်ပါသည်။

စာမတတ်သူများသည် အမှန်တကယ်တွင်တော့ အလွန်မှ သနားစရာကောင်းလှပါသည်။ စာမတတ်သူအများစုသည် စာတတ်ချင်စိတ်၊ စာသင်ချင်စိတ်ရှိပါသော်လည်း အကြောင်းအမျိုးမျိုးကြောင့် စာသင်ကြားခွင့် ဆုံးရှုံးရသူများ ဖြစ်ကြပါသည်။ ထိုသို့ ဆုံးရှုံးရမှုနှင့်အတူ စာမဖတ်တတ်ဘူး ဟူသော အငုံ့စိတ်ကြောင့် လူဘုံအလယ်တွင် မျက်နှာငယ်ကြရသူများဖြစ်ပါသည်။ ထို့အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ဆုံးရှုံးကြရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ လူ့ဘောင်အဖွဲ့အစည်းအနေဖြင့် တတ်စွမ်းသမျှ စာမတတ်သူများအား ကူညီဖေးမရပေမည်။ စာမတတ်သူများအား စာတတ်အောင် သင်ကြားပေးကြရမည်။ စာမတတ်သူ လုံးဝပပျောက်သွားအောင်လည်း အစဉ်ကြိုးစားဆောင်ရွက်သွားကြရပေမည်။

ရှေးအခါက စာမတတ်သူဦးရေသည် ကမ္ဘာနှင့်ချီ၍ ရှိကြပါသည်။ ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်ပွားခဲ့သည့်အပြင် အချို့နိုင်ငံများသည် ပြည်တွင်းစစ်များနှင့် ရင်ဆိုင်ခဲ့ရသောကြောင့် စာသင်ကြားခွင့်များ ဆုံးရှုံးခဲ့ကြရပါသည်။ ထို့အပြင် စားနပ်ရိက္ခာရှားပါးမှု၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများကြောင့် စာမတတ်သူဦးရေ ကမ္ဘာအရပ်ရပ်တွင် များပြားစွာ ရှိနေခြင်းဖြစ်သည်။ ထိုစာမတတ်သူများကို စာတတ်သူများအဖြစ် ပြောင်းလဲပေးရန် စာတတ်မြောက်ရေး လုပ်ငန်းများကို တစ်ကမ္ဘာလုံး ပူးပေါင်းဆောင်ရွက်နိုင်စေရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ယူနက်စကိုအဖွဲ့ချုပ်ကို တာဝန်ပေးအပ်ခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌ စာတတ်မြောက်ရေး လုပ်ငန်းများ ပိုမိုထိရောက်စွာ လုပ်ကိုင်နိုင်ရန် ၁၉၆၅ ခုနှစ်တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကမ္ဘာပေါ်ရှိ ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ၊ ဝန်ကြီးဌာနကိုယ်စားလှယ်များ၊ ပါရဂူများက "ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်" ( A WORLD LITERACY CONGRESS) ကို စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ ၁၂ ရက်တိုင်တိုင် ကျင်းပခဲ့ပါသည်။ ထို့နောက် ၁၉၆၆ ခုနှစ်မှစ၍ ယူနက်စကိုအထွေထွေညီလာခံကြီးက နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် စတင်ကျင်းပသည့် စက်တင်ဘာ ၈ ရက်နေ့ကို "နိုင်ငံတကာ စာတတ်မြောက်ရေးနေ့" အဖြစ် အညီအညွတ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါသည်။

ထိုအချိန်မှစ၍ ယူနက်စကို၏ လမ်းညွှန်ချက်များနှင့်အညီ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စာတတ်မြောက်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။ ထို့အတူ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည်လည်း စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ကမ္ဘာတစ်ဝန်းက လေးစားချီးကျူးမှုများရရှိအောင်ပင် အောင်မြင်မှုများရခဲ့ပါသည်။ ၁၉၇၁ စက်တင်ဘာ ၈ ရက်တွင် "မိုဟာမက်ရီဇာဖာလာဗီဆု" ကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် "နိုမာဆု"ကိုလည်းကောင်း စာတတ်မြောက်ရေးအတွက် ကမ္ဘာ့ဆုကြီးနှစ်ဆုကို ဆွတ်ခူးရရှိခဲ့ပါသည်။ ထိုကဲ့သို့ မြန်မာပြည်သူတို့၏ အမျိုးသားရေးအသိ၊ အမျိုးသားရေးခံယူချက်များဖြင့် စွမ်းစွမ်းတမံ ကြိုးစားမှုများကြောင့် စာမတတ်သူဦးရေမှာ မရှိသလောက် ပပျောက်ခဲ့ပါသည်။

### အကောင်အထည်ဖော်ဆောင်ရွက်နေ

ယနေ့ မျက်မှောက်ကာလတွင် ပညာရေးလုပ်ငန်းများကို ရေရှည်စီမံကိန်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းသင်ပညာရေးအပြင်၊ ကျောင်းပြင်ပ ပညာရေးကိုလည်း ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်နေကြပါသည်။ ကျောင်းသင်ပညာရေးဖြစ်စေ၊ ကျောင်းပြင်ပပညာရေးပင်ဖြစ်စေ "ပညာရေး" ဟူသည် လူသားတစ်ဦး၏ ဘဝအတွက် လုံခြုံမှု၊ လူတန်းစေ့ရပ်တည်နိုင်မှု၊ လွတ်လပ်စွာ ရှင်သန်နိုင်မှုတို့ကို ပေးစွမ်းနိုင်ပေသည်။ ပညာဖြင့် ဘဝအတွက်အရေးကြီးသော ဗလငါးတန်ပြည့်စုံစေရန် အထောက်အကူပြုပါသည်။ မြန်မာနိုင်ငံ၏ စနစ်သစ်ပညာရေးတွင်လည်း ဗလငါးတန်ပြည့်စုံစေရန် သင်ရိုးညွှန်းတမ်းများကို ထည့်သွင်းဖွဲ့စည်းထားပါသည်။ ဘဝတစ်သက်တာတွင်ကား ဗလငါးတန်နှင့်ပြည့်စုံမှ လူဖြစ်ရကျိုးနပ်ပေလိမ့်မည်။ ကာယဗလဟုဆိုရာ၌ တစ်ကိုယ်ရေသန့်ရှင်း၊ ကျန်းမာခြင်း၊ ကိုယ်စိတ်နှစ်ပါး ကြံ့ခိုင်ခြင်းတို့နှင့် ပြည့်စုံခြင်းတို့ဖြစ်သည်။ ကာယပညာများ၊ အားကစားပြိုင်ပွဲများဖြင့် ကျောင်းပညာရေးက သင်ကြားပို့ချပေးပါသည်။

ဉာဏဗလပြည့်စုံရန် နည်းပညာများ၊ အသိပညာ၊ အတတ်ပညာများကို သင်ယူစေခြင်း အခြားဘာသာစကားများနှင့် အတွက်အချက်များကို သင်ယူစေခြင်း၊ စာရိတ္တဗလပြည့်စုံရန်အတွက် ရိုးသားဖြောင့်မတ်မှု၊ ဇွဲလုံ့လစိုက်မှုနှင့် ဒီမိုကရေစီကျင့်ထုံးကို နားလည်စေရန် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်အပြင် စာပေဖတ်ရှုမှတ်သားစေခြင်း။ မိတ္တဗလနှင့်ပြည့်စုံစေရန် တစ်ဦးအပေါ်တစ်ဦး လေးစားယုံကြည်မှု၊ ပေါင်းသင်းဆက်ဆံရေး ပြေပြစ်မှုတို့အတွက် နည်းကောင်းလမ်းပြဖြစ်စေရန် ဘဝတွက်တာကျွမ်းကျင်ရာ ဘာသာရပ်များကို သင်ကြားစေခြင်း။ ဘောဂဗလနှင့် ပြည့်စုံစေရန် အတတ်ပညာများကို မြတ်နိုးမှု၊ မိမိခန္ဓာကျန်းမာပျော်ရွှင်မှုနှင့် ဘဝတစ်လျှောက် မပူမပင်မကြောင့်မကြ၊ မတောင့်မတနေနိုင်စေရေးအတွက် လက်မှုဆိုင်ရာ ပညာရပ်များ၊ ပန်းချီ၊ ဂီတနှင့် အိမ်တွင်းမှုပညာရပ်များကို သင်ယူစေခြင်းတို့ဖြင့် ကျောင်းသားတိုင်း၏ဘဝကို ဗလငါးတန်ပြည့်စုံစေရန် သင်ကြားပို့ချ မွေးထုတ်ပေးလျက်ရှိပါသည်။

ထို့ကြောင့် ကျောင်းနေအရွယ်ကလေးများသည် ကျောင်းနှင့် လုံးဝကင်းကွာ၍မရပေ။ လူသားအားလုံး စာတတ်မြောက်ရေးအတွက် စာသင်ကျောင်းသည် အဓိကရိပ်မြုံတစ်ခု ဖြစ်ပါသည်။ သို့ဖြစ်၍ စာမသင်ရသူ မရှိရလေအောင် မိဘဆရာ ပူးပေါင်းကြရမည်။ ကလေး၊ လူငယ်များ ဗလငါးတန်ပြည့်စုံရေး၊ ဖွံ့ဖြိုးရေးအတွက် ဆရာ ဆရာမများ၏ သင်ကြားရေးသည်လည်း အဓိကခရာ ဖြစ်သည်။ ထို့အပြင် စာတတ်မှ အသိပညာ၊ အတတ်ပညာများကို ရှာဖွေဆည်းပူးနိုင်မည်။ အနုပညာရသများကိုလည်း ခံစားတတ်မည်။ ဘဝရှင်သန် နေထိုင်ခြင်းတွင်လည်း ကျေနပ်ကြည်နူးမှု ရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါသောကြောင့် ကလေးသူငယ်များနှင့် လူငယ်၊ လူကြီးပါမကျန် ဗလငါးတန်ပြည့်စုံစေရေးအတွက် "မဖြစ်မနေ စာပေတတ်မြောက်အောင် သင်ယူကြပါစို့"ဟု တိုက်တွန်းတင်ပြအပ်ပေသည်။ ။

---

## သစ်ပင်စိုက်ပါ တို့ကမ္ဘာ

❍ သစ်ပင်စိုက်ပါ တို့ကမ္ဘာ
စိမ်းလန်းလှဝေဖြာ။
အပူကင်းကွာ ကြည်ရွှင်အေး
ချမ်းမြေ့စိတ်ဝယ်တွေး။

❍ သဘာဝဘေးအန္တရာယ်
သစ်ပင်များကာကွယ်။
မြေဆီလွှာဝယ် ဩဇာများ
ထိန်းသိမ်းသိုမှီးထား။

❍ သစ်တောများပြား ရှိစေမည်
ရာသီဥတုသည်။
မဖောက်ပြန်ပြီ အလွန်ကောင်း
တောကိုမှီနေကြောင်း။

❍ နှစ်ထောင်းအားရ စိမ်းလန်းစို
တောတောင်ရှိမည်ဆို။
စမ်းရေချိုချို ရမည်ပဲ့
မှန်စွသဘာဝ။

ခင်မောင်မြင့်

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုနှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းမှုအား ကြည့်ရှုအားပေး

**စစ်တွေ စက်တင်ဘာ ၂၃**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် (၇၉) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများ၊ နယ်မြေခံတပ်မတော်သားများက စစ်တွေမြို့ (ခုတင်–၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းမှုအား လှည့်လည်ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ကမ်းနားလမ်း စာတိုက်ကြီးအနီးနှင့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းရှေ့ကမ်းခြေတို့၌ ဌာနဆိုင်ရာ ဝန်ထမ်းများက စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေးဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှုအားပေးကြပြီး ကမ်းခြေတွင် လေကာပင်များနှင့် အုန်းပင်များ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များအား တာဝန်ရှိသူများကို မှာကြားခဲ့သည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၇၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေမြို့ (ခုတင်–၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ အမှတ်(၄) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးအောက်ရှိ ရဲတပ်ရင်း တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးအောက်ရှိ တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများ၊ စစ်တွေတပ်နယ်မှ နယ်မြေခံ တပ်မတော်သားများက စုပေါင်းသွေးလှူဒါန်းပွဲကို သွားရောက်ကြည့်ရှုအားပေးကြပြီး သွေးလှူဒါန်းကြသည့် တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကြသည်။



အဆိုပါ သွေးလှူဒါန်းပွဲတွင် အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးအောက်ရှိ ရဲတပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများ ၁၀၁ ဦး၊ ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးအောက်ရှိ တပ်ဖွဲ့ဝင်များ၊ မိသားစုများ ၁၁၀ နှင့် စစ်တွေတပ်နယ်မှ နယ်မြေခံ တပ်မတော်သားများ ၄၀ တို့က သွေးအမျိုးအစား မျိုးစုံ ၂၅၁ လုံးကို စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပဲဆီဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀ အထိ လျော့နည်းကျဆင်းလာ

**မန္တလေး စက်တင်ဘာ ၂၃**

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်ထဲ၌ ပြည်တွင်းစားသုံးသည့် ပဲဆီဈေးနှုန်းများမြင့်တက်ရာမှ တစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀ အထိ လျော့နည်းကျဆင်းလာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပဲဆီဈေးနှုန်းများ ကျဆင်းလာရခြင်းသည် မန္တလေးဈေးကွက်အတွင်းသို့ ရခိုင်၊ ပြည်၊ ပခုက္ကူ၊ ရေစကြို၊ ကျောက်ပန်းတောင်း၊ နေပြည်တော်၊ တပ်ကုန်း၊ ပျဉ်းမနား စသည့်ဒေသများမှ မိုးမြေပဲများ စတင်ထွက်ရှိကာ ဝင်ရောက်လာခြင်းကြောင့်ဖြစ်ကြောင်း၊ ယခင်လက ပြည်တွင်းစားသုံးနေသည့် ပဲဆီဈေးနှုန်းသည် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ အထိ ရှိခဲ့သော်လည်း လက်ရှိအချိန်တွင် ပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀ အထိ ကျဆင်းလာကြောင်း၊ ယင်း ပဲဆီဈေးနှုန်းနှင့်အတူ ကျန်ဆက်စပ်သည့် ဆီဈေးများလည်း ကျဆင်းလာကြောင်း သိရသည်။

"ယခင်ရက်ပိုင်းက မြေပဲလုံးဆန်အနီတစ်ပိဿာကို ငွေကျပ် ၁၀၀၀၀ ကနေ လက်ရှိမှာ တစ်ပိဿာကို ငွေကျပ် ၇၈၀၀ အထိ ကျလာတယ်။ မြေပဲလုံးဆန်အဖြူက တစ်ပိဿာကို ငွေကျပ် ၈၅၀၀ ကနေ ၆၅၀၀ အထိ ကျဆင်းလာတယ်။ မြေပဲဆန်ကလည်း ငွေကျပ် ၆၀၀၀ ဈေးပဲရှိတော့တယ်။ ပဲဆီစစ်စစ်ဈေးဟာလည်း ယခင် တစ်ပိဿာကို ၁၈၀၀၀ ကနေ ၁၄၀၀၀ အထိ ကျဆင်းလာတယ်။ ပဲတွေ လှိုင်လှိုင်ပေါ်ပြီး ဖြစ်ထွန်းတာကြောင့် ရှေ့လျှောက် ဆီဈေးဟာ ဒီထက်တက်စရာမရှိနိုင်ဘူးလို့ ခန့်မှန်းပါတယ်" ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်အတွင်းသို့ မြေပဲကို နယ်ပေါင်းစုံမှ ဝင်ရောက်လျက်ရှိနေကြောင်း၊ အဆိုပါ မြေပဲကို မန္တလေး၊ စစ်ကိုင်း၊ မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပြည်တွင်းစားသုံးမှုဖူလုံစေရန်အတွက်သာမက ပြည်ပသို့ တင်ပို့ရောင်းချရန် အဓိကသီးနှံအဖြစ် အားထားစိုက်ပျိုးကြကြောင်း သိရသည်။

ထို့အတူ ပြည်တွင်းစားသုံးမှုများပြားသည့် ကုလားပဲဈေးနှုန်းမှာလည်း ယခုကာလအတွင်း သိုလှောင်ထားသူများက ပြန်လည်ရောင်းချလာသည့် အတွက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ မှ ၂၅၅၀၀၀ အထိ ကျဆင်းလာကြောင်း၊ ကုလားပဲခြမ်းဈေးမှာလည်း တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ မှ ၅၈၀၀ အထိ ကျဆင်းလာကြောင်း သိရ သည်။

မင်းထက်အောင်
(မန်းကိုယ်ပွား)





(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် ကလောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးစီးသော တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၃ ရက် နံနက် ၇ နာရီက ကလောမြို့ ဂြိုဟ်ပြေရန်ပြေဆုတောင်းပြည့်ဘုရား၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ဝိုးတောင်း



(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက် နံနက် ၇ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင် ဦးဆောင်သော ရဲတပ်ဖွဲ့နှင့် မိသားစုဝင်များ၊ မြို့မစခန်းမှူး ဒုတိယရဲမှူးထွန်းမင်းထွန်း ဦးဆောင်သော ရဲတပ်ဖွဲ့နှင့် မိသားစုဝင်များက မိုးနဲမြို့နယ် ရွှေနှင်းဆီစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မျိုးညွန့်ရွှေ(မိုးနဲ)



(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ရက်နံနက်ပိုင်းက လားရှိုးပြည်သူ့ဆေးရုံကြီး၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သား ၂၀၊ လားရှိုးမြို့ပေါ်တာဝန်ကျ ရုံး/ရဲစခန်း၊တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင် စုစုပေါင်း ၁၆၅ ဦးတို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ်ထွန်းထွန်းမြင့်၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(လားရှိုး) ရဲမှူးကြီးလှမင်းတို့နှင့်အတူ တပ်ဖွဲ့များမှ ရဲအရာရှိကြီးများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာလှထွန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၃

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

## မြန်မာ့ပင်လယ်ပြင်

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# အနောက်တောင်တိုင်းစစ်ဌာနချုပ် (၅၉)ကြိမ်မြောက် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၃**

အနောက်တောင် တိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် (၅၉)ကြိမ်မြောက် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ကွင်းကောက်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။



ဆုပေးပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများအား တာဝန်ရှိသူများကလည်းကောင်း၊ ဆင့်ပွားဒိုင်းဆုနှင့် ဒိုင်းဆုရရှိသည့် ဟသ်ာတတပ်နယ်အသင်းအား တိုင်းမှူးကလည်းကောင်း ဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ဆုပေးပွဲအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသား မီတာ ၁၀၀ ပစ်ခတ်စဉ်ကို ကြည့်ရှုအားပေးကြသည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် (၅၉)ကြိမ်မြောက် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသား ၁၀ သင်းနှင့် အမျိုးသမီး ၁၀ သင်းတို့ဖြင့် စက်တင်ဘာ ၁၅ ရက်မှ ၂၂ ရက်ထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဂျာမနီအသင်းက နာဂျယ်စမန်းအား နည်းပြအဖြစ် ခန့်အပ်

ဂျာမနီနိုင်ငံ လက်ရွေးစင်အသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းနည်းပြဟောင်း နာဂျယ်စမန်းအား အသင်းနည်းပြအဖြစ် ခန့်အပ်လိုက်ပြီဖြစ်ပါတယ်။ ဂျာမနီအသင်းက နာဂျယ်စမန်းအား ၂၀၂၄ ခုနှစ် ဇူလိုင်လအထိ စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး ထုတ်ပယ်ခံခဲ့ရတဲ့ နည်းပြ ဟန်ဆီဖလစ်ရဲ့နေရာမှာ အစားထိုးခန့်အပ်ခဲ့တာဖြစ်ပါတယ်။



ဂျာမနီအသင်းဟာ ယခုလအစောပိုင်းက ဂျပန်နိုင်ငံအသင်းကို ချစ်ကြည်ရေးခြေစမ်းပွဲစဉ်မှာ လေးဂိုး–တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ပြီးနောက် ရလဒ်ပိုင်းဆိုးရွားမှုတွေကြောင့် နည်းပြ ဟန်ဆီဖလစ်ကို ထုတ်ပယ်ခဲ့တာ ဖြစ်ပါတယ်။

နာဂျယ်စမန်းဟာ ဘိုင်ယန်မြူးနစ်အသင်းကို နှစ်နှစ်နီးပါးကြာ တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် မတ်လအတွင်းက အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခံခဲ့ရကာ အသင်းလက်မဲ့ဖြစ်နေသူလည်း ဖြစ်ပါတယ်။ နာဂျယ်စမန်းဟာ ၂၀၁၅ ခုနှစ်က အသက် ၂၈ နှစ်အရွယ်မှာ ဟော်ဖန်ဟိမ်းအသင်းနည်းပြဖြစ်လာခဲ့တာကြောင့် ဂျာမန်ဘွန်ဒက်လီဂါသမိုင်းမှာ အသက်အငယ်ဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်ပါတယ်။

ဂျာမနီနိုင်ငံဟာ လာမယ့်နှစ် ဇွန် ၁၄ ရက်ကနေ ဇူလိုင် ၁၄ ရက်အထိ ကျင်းပမယ့် ယူရို ၂၀၂၄ ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမှာလည်း ဖြစ်ပါတယ်။ နာဂျယ်စမန်းဟာ ဂျာမနီအသင်းနဲ့အတူ ပထမဆုံးပွဲစဉ်အဖြစ် အောက်တိုဘာ ၁၄ ရက်မှာ အမေရိကန်နဲ့ ယှဉ်ပြိုင်ကစားမယ့်ခြေစမ်းပွဲစဉ်ဖြစ်ပါတယ်။ **ငွေကြယ်**

# အာရှအားကစားပြိုင်ပွဲတွင် မြန်မာရိုးရာလှေအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂၃**

(၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာရိုးရာလှေအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောင်မြင်မှုရရှိရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာရိုးရာလှေအဖွဲ့သည် အာရှအားကစားပြိုင်ပွဲ ရိုးရာလှေ (နဂါးလှေ) အားကစားနည်းတွင် ထည့်သွင်းကျင်းပမည့် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာရိုးရာလှေအဖွဲ့သည် မီတာ ၂၀၀ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ မီတာ ၅၀၀ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ မီတာ ၁၀၀၀ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာရိုးရာလှေအဖွဲ့ကို မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း ဦးဆောင်၍ အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ငါးဦး၊ ကစားသမားအမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၄ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာရိုးရာလှေအဖွဲ့သည် မေလအတွင်းယှဉ်ပြိုင်ခဲ့သည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရခဲ့သည့် ကစားသမားများကိုအခြေခံကာ လူငယ်ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

အာရှအားကစားပြိုင်ပွဲ၏ ရိုးရာလှေပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ်ခြောက်ခု ချီးမြှင့်သွားမည်ဖြစ်သည်။ **ကိုညီလေး**

**❖ အာရှအားကစားပြိုင်ပွဲမှ**

စောစီးစွာ တက်ရောက်သွားပြီး အိန္ဒိယနှင့် မြန်မာအသင်းက သုံးမှတ်စီ၊ ဘင်္ဂလားဒေ့ရှ်အသင်းက အမှတ်မရသေးပေ။ မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် ရမှတ်၊ ဂိုးကွာခြားချက်တူညီသော်လည်း သွင်းဂိုးနည်းနေသဖြင့် တတိယနေရာရောက်ရှိနေရာ အနိုင်ကစားနိုင်မှသာ အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်တက်ရောက်ခွင့်ရမည်ဖြစ်သည်။ သရေ သို့မဟုတ် ရှုံးပွဲကြုံတွေ့ပါက အကောင်းဆုံးအုပ်စုတတိယနေရာ လေးသင်းအတွက် အခြားအုပ်စုရလဒ်များကို စောင့်ကြည့်ရမည်ဖြစ်သည်။ အမျိုးသားဘောလုံးပြိုင်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပလျက်ရှိသော်လည်း အုပ်စု(ဂ)တွင် နှစ်သင်းသာပါဝင်သဖြင့် အကောင်းဆုံးအုပ်စုတတိယနေရာ လေးနေရာအတွက် ငါးသင်းသာယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် အခွင့်အရေးရှိနေခြင်းဖြစ်သည်။

မြန်မာအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ကြိမ်ရရှိဖူးပြီး အရှေ့တောင်အာရှနိုင်ငံများတွင် တစ်သင်းတည်းသော ရွှေတံဆိပ်ရရှိဖူးသည့်အသင်းအဖြစ် မှတ်တမ်းကောင်းပိုင်ဆိုင်ထားသော်လည်း ကာလအတန်ကြာ ပြိုင်ပွဲဝင်ခြင်းမရှိရာမှ ၂၀၁၈ ခုနှစ်တွင် ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ– MFF**

**❂ ကျောဖုံးမှ**

ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၄၀ တွင် ပြိုင်ပွဲအမျိုးအစား ၄၈၁ မျိုး၊ ရွှေတံဆိပ်စုစုပေါင်း ၄၈၁ ခု ချီးမြှင့်မည်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် အာရှအားကစားပြိုင်ပွဲကို ၁၉၉၀၊ ၂၀၁၀ ပြည့်နှစ်တို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး ယခုပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၂ခုနှစ်တွင်ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ယခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ယခု အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အားကစားသမားနှင့်အဖွဲ့ဝင်စုစုပေါင်း ၁၇၀ ကျော် ယှဉ်ပြိုင်လျက်ရှိသည်။ **သတင်း–ကိုညီလေး၊ ဓာတ်ပုံ–REUTERS**


## "ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၉၀–လမ်း၊ အမှတ် (၅၀)နေ ဒေါ်နန်းတင်ထား [၁၂/မဂတ(နိုင်)၀၉၁၃၇၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ ဦးသန်းထိုက်မိုး(ခ)မင်းမင်း [၁၂/တမန(နိုင်)၁၁၁၃၆၀] ကိုင်ဆောင်သူသည် ကျွန်ုပ်မိတ်ဆွေမှ ခွင့်မလွှတ်နိုင်သော ငွေကြေးအရှုပ်အရှင်း ကိစ္စရပ်များကို ပြုလုပ်ခဲ့သည့်အပြင် ကျွန်ုပ်မိတ်ဆွေအား ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသောကြောင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ အပြီးတိုင်စွန့်လွှတ်လိုက်ပါသည်။

ဦးသန်းထိုက်မိုး(ခ)မင်းမင်း၏ ငွေကြေးအရှုပ်အရှင်းများသည် ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေအနေဖြင့် ဦးသန်းထိုက်မိုး(ခ)မင်းမင်း၏ မည်သည့်ငွေကြေး အရှုပ်အရှင်းကိစ္စကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

နောက်နောင် ဦးသန်းထိုက်မိုး(ခ)မင်းမင်းနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ နေအိမ်သို့လည်းကောင်း၊ စီးပွားရေးလုပ်ငန်းခွင် ဆိုင်ခန်းသို့လည်းကောင်း လာရောက်ပြီး ခြိမ်းခြောက်ခြင်း၊ အရှက်တကွဲဖြစ်အောင် ပြုလုပ်ဆောင်ရွက်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၇၉၂)**

| | |
|---|---|
| **ဒေါ်နီနီဝင်း(LL.B)** | **ဦးထွန်းသူအောင်(LL.B)** |
| **(စဉ်–၅၁၇၁၈)** | **(စဉ်–၅၅၆၇၄)** |

**အထက်တန်းရှေ့နေများ**
**အမှတ်– ၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၇၈၀၀၅၄၀၆၀၊ ၀၉–၅၀၈၈၆၀၅**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်းရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် (၄၇)ဟု ခေါ်တွင်သော သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၅၄/သုဝဏ္ဏ (နှင်းဆီကုန်း)၊ မြေကွက်အမှတ် (၄၇)၊ အကျယ်အဝန်း (၇၅/၇၂x၈၅/၈၄)ပေ၊ ဧရိယာ (၀. ၁၄၂)ဧကရှိ ဦးသိန်းညွှန့် [၉/ကပတ(နိုင်) ၀၂၉၉၃၆] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက်ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်သန္တာချစ် [၁၂/အစန(နိုင်)၁၅၀၀၅၆]မှ ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမင်းမင်းဇော် [၁၂/မဂတ(နိုင်)၁၀၄၇၉၁]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၇၉၂)**

| | |
|---|---|
| **ဒေါ်နီနီဝင်း(LL.B)** | **ဦးထွန်းသူအောင်(LL.B)** |
| **(စဉ်–၅၁၇၁၈)** | **(စဉ်–၅၅၆၇၄)** |

**အထက်တန်းရှေ့နေများ**
**အမှတ်– ၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၇၈၀၀၅၄၀၆၀၊ ၀၉–၅၀၈၈၆၀၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ (၆)လမ်း၊ မြေကွက်အမှတ်– ၃ ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပဉ္စမထပ်၊ (၆)လွှာ (တိုက်ရှေ့မျက်နှာမူလျှင် လက်ယာဘက်ခြမ်း)၊ ဧရိယာ (၁၉ပေx ၅၄ပေ) အကျယ်အဝန်းရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ရီရီဝင်း [၁၂/လကန (နိုင်)၀၀၂၁၈၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝသုန်လွင်ဦး [၆/မမန(နိုင်)၁၈၅၆၅၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ အဖြစ် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝသုန်လွင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်အေးဝင်း (LLB) အထက်တန်းရှေ့နေ (စဉ်–၅၂၅၈၂)**
**ဖုန်း– ၀၉–၇၉၆၇၆၄၈၉၈**
**အမှတ် (၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ရန်ကုန်မြို့။**

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗိုလ်ကြက်သစ်ရပ်ကွက်၊ ဗိုလ်ကြရေအိုးစင်လမ်း၊ တိုက်အမှတ်(၈၁) (၅လွှာ A)၊ (၂) ခန်းတွဲ (၇)ထပ်တိုက် အကျယ်အဝန်း (၁၂½ပေx ၆၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးဝင်းထိုက် [၆/မမန(နိုင်)၁၄၈၂၅၅]၊ ဒေါ်ခင်ငုဝါဝင်း [၁၂/မအရ(နိုင်) ၀၈၉၄၆၅]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ် ဒေါ်ခိုင်ခိုင်မော်(ခ)ဒေါ်သန္တာရွှေ [၁၂/မဂတ(နိုင်)၀၉၆၆၉၉]က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိသည့် ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ခိုင်မော် (ခ) ဒေါ်သန္တာရွှေ**
**[၁၂/မဂတ(နိုင်)၀၉၆၆၉၉]**
**အမှတ် (၂၄၃/ဒီ)၊ သိမ်ဖြူမီးရထားဝင်း၊ ဓမ္မာရုံလမ်းသွယ် (၂)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း– ၀၉–၄၂၀၀၀၈၉၈၆**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၅/ရပ်ကွက်၊ သိင်္ဂီ(၁)လမ်းတောင်၊ အမှတ်(၂၈၀)ဟုခေါ်တွင်သော ဦးဘိုကြီး ဂရန်အမည်ပေါက် (၄၁ပေx ၆၀ပေ) အနက်မှ (ခြေရင်းဘက်ခြမ်း)၊ (၁၀ပေx ၆၀ပေ)မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော အိမ်အပါအဝင် သီးပင်စားပင်၊ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်ကြသော ဦးထင်လင်းနိုင် [၁၂/ခရန(နိုင်)၁၀၇၇၃၇]နှင့် ဒေါ်ချောစုစုထွေး [၁/မရန(နိုင်)၁၃၉၂၆၉]တို့ထံမှ (၂၃–၉–၂၀၂၃)ရက်နေ့တွင် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ရာ ယင်းအိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို သက်ဆိုင်ခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်း အထောက်အထား အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော မူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးအောင်မျိုးထက်** | **ဒေါ်နွယ်နီထွန်း (LL.B)** |
| **[၇/တငန(နိုင်)၁၃၃၂၁၉]** | **အထက်တန်းရှေ့နေ (စဉ်–၅၃၂၉၇)** |
| **ဒေါ်ဝတ်မှုံထွန်း** | **အမှတ်–၂၅၊ ဈေးလမ်း၊ ၅/ ရပ်ကွက်၊** |
| **[၇/ညလပ(နိုင်)၁၂၇၆၃၅]** | **သာကေတမြို့နယ်၊ ရန်ကုန်မြို့။** |
| | **Ph: ၀၉–၈၉၂၈၄၆၇၉၄** |

## ဆီစက်ချေးငွေလျှောက်ထားနိုင်ကြောင်း ကြေညာခြင်း

၁။ ပြည်တွင်းစားသုံးဆီဖူလုံစေရန်၊ ပြည်ပမှစားသုံးဆီ တင်သွင်းမှုလျှော့ချနိုင်စေရန်နှင့် အရည်အသွေးမီ စားသုံးဆီများ ထုတ်လုပ်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များကို **ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေဆိုင်ရာ စံသတ်မှတ်ချက်များ**နှင့် စိစစ်၍ ပထမအကြိမ် ဆီစက်ချေးငွေများ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ **ပထမအကြိမ် ဆီစက်ချေးငွေလျှောက်ထားခဲ့သည့် လုပ်ငန်းရှင်များအနေဖြင့် ဆီစက်ချေးငွေလက်ခံရရှိခြင်းမရှိသေးပါက ဒုတိယအကြိမ် ပြန်လည်လျှောက်ထားနိုင်ပါကြောင်းနှင့် ဆီစက်ချေးငွေရယူလိုသော လုပ်ငန်းရှင်များသည် ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံအား** စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန Website https://msmewebportal.gov.mm/latest-news/294 နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ Website https://moali.gov.mm/my/tender/ 2023-09-20t1709530630 တို့တွင် အခမဲ့ Download ရယူနိုင်ပါသည်။ ချေးငွေလျှောက်ထားရာတွင် လေ့လာပြင်ဆင်နိုင်ရန် **ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေဆိုင်ရာစံသတ်မှတ်ချက်များကိုလည်း စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန Website နှင့် စိုက်ပျိုးရေး၊** မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ Website တို့တွင် လွှင့်တင်ထားပါကြောင်း အသိပေးအပ်ပါသည်။

၃။ ချေးငွေအဆိုပြုလွှာအတွက် ပိတ်သိမ်းမည့်ရက်မှာ **(၂၃-၁၀-၂၀၂၃)** ရက်နေ့ ရုံးချိန်အတွင်းဖြစ်ပါသည်။ ချေးငွေအဆိုပြုလွှာနှင့် စာရွက်စာတမ်းများကို ချိပ်ပိတ်စာအိတ်တွင်ထည့်သွင်းပြီး စာအိတ်ပေါ်တွင် **"ဆီစက်ချေးငွေအဆိုပြုလွှာပေးပို့ခြင်း"** ဟုဖော်ပြ၍ လူကိုယ်တိုင် (သို့မဟုတ်) အမြန်ချောဖြင့် အောက်ဖော်ပြပါ လိပ်စာသို့ ပေးပို့ရမည်ဖြစ်ပါသည်။

**အတွင်းရေးမှူး၊ ဆီစက်လုပ်ငန်းများ၏ ချေးငွေလိုအပ်ချက်ကို လေ့လာသုံးသပ်တင်ပြရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇၃-၄၀၈၃၇၈၊ အီးမေးလ်-disidgoffice@gmail.com)**

## "ပြင်ဆင်ဖတ်ရှုပါရန်"

(၂၃-၉-၂၀၂၃)ရက် နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၂) ၌ ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်စန်းစန်းတင့်၏ "အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း" တွင် ဒေါ်ခင်ခက်ခက်ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရအစား ဒေါ်ခင်လဲ့လဲ့ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်ပြောင်းလဲခြင်း

ဦးအောင်ကျော်ဦး-ဒေါ်ခင်သီတာဆွေတို့၏ သမီး YREC (တော်ဝင်ပညာ) ကိုယ်ပိုင်ကျောင်း Grade-8(A)မှ မအိချစ်မွန်အား မရွှေရည်ထွန်း ဟု ပြောင်းလဲခေါ်ဆို ပေးပါရန်။




## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၆)၊ ဦးပိုင်အမှတ်(၅၆)၊ ၅၄x၅၅ လမ်းကြား၊ ၄၁x၄၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင်းဝင်း[၅/စကန(နိုင်) ၁၄၈၅၅၆]က အမှုတွဲအမှတ်(၄၄၂၄/၂၀၂၃-၂၀၂၄)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ်(ပ-၈)၊ ဦးပိုင်အမှတ် (၃၉-က)၊ ၆၀ လမ်း နှင့် ၄၁ လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝမ်ရှန်ဆင့် [၉/မရမ(နိုင်) ၀၆၇၈၈၈]က အမှုတွဲအမှတ်-၄၄၂၅/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၀)၊ ဦးပိုင်အမှတ်(၈၇-က)၊ ၁၂ လမ်း၊ ၈၀x၈၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးတင့်၏(SP ရသူ ဦးဂျီဝမ်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၄၄၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးဆူရာချ်(ခ)ဦးစိုးရန်ပိုင်[၁၃/နခတ(နိုင်)၀၄၈၅၀၇]က အမှုတွဲအမှတ် ၄၄၁၃/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၆)၊ ဦးပိုင်အမှတ်(၁၂၂)၊ ၃၀ x ၃၁ လမ်းကြား၊ ၅၈ x ၅၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်လေးတင့်[၉/မရမ(နိုင်)၀၃၀၅၇၁]က အမှုတွဲအမှတ် ၄၄၂၂/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ မြေကွက်အမှတ်(ပ-၂၃၃၁၁)ကို အမည်ပေါက်ဒေါ်ညွန့်ညွန့်ဝင်း(ဘ)ဦးကျော်ညွန့်ဟန်[၁၂/တမန(နိုင်)၀၀၇၅၅၄](တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘီလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး(ဘ)ဦးသံချောင်း[၉/တကန(နိုင်)၁၀၃၉၂၄]မှ မြေပေးစလစ်(မိတ္တူမှန်)ထုတ်ပေးပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ်-၇၃၊ တရားမဇာရီမှုအမှတ်-၄၄တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးစလစ်(မိတ္တူမှန်) လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၄၁၃က/အပိုင်း(၃)၊ ဦးပိုင်အမှတ် ၃၈က-၃၉၊ (၇)လမ်း၊ ၃၆x၃၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ဌေးလှ၏(SP ရသူ ဦးမျိုးဝင်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၆၂၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးအေးဖြူ[၆/မရမ(နိုင်)၀၁၄၉၂၃]က အမှုတွဲအမှတ်(၄၄၄၇/၂၀၂၃-၂၀၂၄)ဖြင့်အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၃၂)၊ ဦးပိုင်အမှတ် (၂၂)၊ ၅၆x၅၇ကြား၊ ၄၁x၄၂ ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းမိုဟွမ်ဟွမ်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ် (၁၆၅၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးကံညွန့် [၉/မနတ(နိုင်)၀၅၄၅၃၆]က အမှုတွဲအမှတ် - ၄၄၂၃/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ မင်္ဂလာသုခလမ်း၊ တိုက်အမှတ် (၇၀)၊ အခန်းအမှတ် (၁၀၂)၊ အကျယ်အဝန်း (အလျား ၂၀ × အနံ ၅၀ )ပေ၊ ဧရိယာ (၁၀၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ဆက်နွယ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို EARN SPARK MYANMAR CO., LTD. ထံမှ ဦးမိုးညွန့် (၁၂/ကတတ(နိုင်) ၀၀၅၆၇၇) သည် ဆက်စပ်အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူလက်ရှိလက်ရောက်ရယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဘိုးငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နှင်းဝတ်ရည်ထွေး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၄၂၆၉)
အမှတ် (၂၃/၂၅) ၊ ၄၅-လမ်း၊ (၉) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၀၀၃၅၈၉၂၊ ၀၉-၇၆၂၆၉၂၇၇၇

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄(ကံဘဲ့)၊ မြေကွက်အမှတ် (၃၇/သ-၃)၊ ဧရိယာ (၀. ၀၆၉)ဧကရှိ မြေပိုင်မြေဟု ခေါ်တွင်သော အမှတ် (၅/က)၊ စည်ပင်သာယာလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ မြေနှင့်ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးခင်မောင်သိန်း ၊ ဒေါ်တင်တင်မေ တို့၏အမည်ဖြင့်မှတ်သားတည်ရှိပြီး ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်မေထံမှ SP ရရှိထားသည့် ဦးတင်ထွန်းဦး [၁၂/ကတတ(နိုင်)၀၀၆၁၃၂]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း) များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေနှင့်အိမ်ကို တရားဝင်နည်းလမ်းတကျ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ် အေးမြင့်ရီ** | **ဒေါ်စိုးစိုးမြင့်** | **ဦးသိန်းညွန့်** |
| **BSc, DA, HGP, R.L, DBL, DML, DIL** | **LL.B (စဉ်-၁၀၀၆၃)** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၆၁)** |
| **ဖုန်း- ၀၉-၇၉၈၈၂၇၅၉၀** | **၀၉ - ၄၂၁၀၃၅၉၆၃** | **၀၉ - ၅၀၅၃၁၀၇** |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## (၃၁-၈-၂၀၂၃)ရက် ကြေးမုံသတင်းစာ စာ(၂၈)ပါ ဒေါ်ခင်နန်းမွန် [၁၂/ပဇတ(နိုင်)၀၁၈၁၈၈]နှင့် ဒေါ်တင်နွယ်ဝင်း(LL.B)(တရားလွှတ်တော်ရှေ့နေ)စဉ်-၁၆၃၈၃/၂၀၁၉ တို့၏ သက်ဆိုင်သူများနှင့် အများသိရှိစေရန်ကြေညာချက်နှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၆)လမ်း၊ အမှတ်(၂၉)နေ ဦးမောင်ဌေး[၁၂/မဂတ(နိုင်)၀၅၄၄၄၂]နှင့် အမွေဆိုင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများနှင့် အများသိရှိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-N)၊ မြေကွက်အမှတ် (V-55)၊ မြေကွက်ကို မျက်နှာမူလျှင် (လက်ယာ)ဘက်ခြမ်း၊ အလျား(14'-3")၊ အနံ(40') အကျယ်အဝန်းရှိ နှစ်(၉၀)ဂရန် (သက်ကုန်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉)၊ ၉၇-လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဟုခေါ်တွင်သော မြေကွက်တစ်ခြမ်းပေါ်ရှိ သွပ်မိုး၊ ပျဉ်ကာ အုတ်ကာလုံးချင်းနှစ်ထပ်၊ ဥပစာအလွတ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူနေထိုင်သူ ဦးသိန်းမောင် ထံမှ ကျွန်ုပ်အမှုသည်၏ခင်ပွန်း ဦးလှရွှေ [၁၂/မဂတ(နိုင်)၀၅၄၄၄၀]ကိုင်ဆောင်သူက (၂၀-၉-၁၉၈၀)ခုနှစ်တွင် လက်ရောက်ဝယ်ယူခဲ့သည်ဆိုသည့်အချက် မမှန်ပါ။ မိဘများ၏ ကျန်ရစ်သော အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ အမွေပုံပစ္စည်းခွဲဝေပေးခြင်းမရှိပါ။ မည်သူ့ကိုမှ ပေးကမ်းထားခြင်းမရှိပါ။ အနှောင့်အယှက်ကင်းရှင်းစွာ နေထိုင်ပိုင်ဆိုင်ခဲ့သည်မှာ (၄၃)နှစ်ကြာမြင့်ခဲ့ပြီဆိုသည့်အချက်မမှန်ပါ။ ဝယ်စဉ်ကာလကတည်းက ဦးမောင်မောင် +ဒေါ်လှစိန်တို့၏ အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ ဝယ်စဉ်ကာလကတည်းက ဦးလှရွှေအပါအဝင် အမွေဆိုင်သားသမီး(၈)ဦးလုံးပိုင်ဖြစ်ပြီး ဦးလှရွှေသည်လည်း သားတစ်ဦးဖြစ်ပြီး ကျန်အမွေဆိုင်များရှိနေသည့်အတွက် အနှောင့်အယှက် ကင်းရှင်းစွာ နေထိုင်ပိုင်ဆိုင်ခဲ့သည်မှာ (၄၃)နှစ်ကြာမြင့်ခဲ့ပြီဆိုသည့်အချက်မမှန်ပါ။ ဦးလှရွှေ မကွယ်လွန်ခင် (၃-၈-၂၀၂၁)နေ့ထိ မိသားစုအားလုံး စုစုစည်းစည်းနေထိုင်ခဲ့ကြပါသည်။ အဆိုပါမြေကွက်တစ်ခြမ်း ဥပစာမြေနှင့်အိမ်ပေါ်တွင် ဒေါ်ခင်နန်းမွန်က သန်းခေါင်စာရင်းဖြင့် နေထိုင်ခြင်းနှင့်ပတ်သက်၍ သန်းခေါင်စာရင်းသည် အိမ်ပိုင်ဆိုင်မှုနှင့် မသက်ဆိုင်ပါ။ ကွယ်လွန်သူ ကျန်ခဲ့သည့်ပစ္စည်းအပေါ်ဆိုသည့် အချက်မမှန်ပါ။ အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ အမွေဆိုင်ပစ္စည်းအပေါ် ကျန်အမွေဆိုင်များကို ခွဲဝေခြင်းမရှိဘဲ အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခွင့်မရှိပါ။ အမွေဆိုင်ပစ္စည်းဖြစ်သည့်အတွက် လူကြီးမင်း၏ ခင်ပွန်းမဆုံးမီ (၃-၈-၂၀၂၁)ရက် မတိုင်မီကတည်းက အမွေဆိုင်ပစ္စည်းဖြစ်ကြောင်း သိရှိလက်ခံခဲ့ကြပြီး လူကြီးမင်း ခင်ပွန်းကွယ်လွန်သွားမှ ယခုကဲ့သို့ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် သတင်းစာတွင် ကြေညာခဲ့ခြင်းဖြစ်ပါသည်။ လူကြီးမင်းတို့၏ (၃၁-၈-၂၀၂၃)နေ့ စာ(၂၈)ပါ ကြေးမုံသတင်းစာ ကြေညာချက်နှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း အများသိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

အထူးသတိပေးလိုသည်မှာ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-N)၊ မြေကွက်အမှတ် (V-55)၊ မြေကွက်ကိုမျက်နှာမူလျှင် (လက်ယာ)ဘက်ခြမ်း၊ အလျား(14'-3")၊ အနံ(40') အကျယ်အဝန်းရှိ နှစ်(၉၀)ဂရန် (သက်ကုန်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉)၊ ၉၇-လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟုခေါ်တွင်သော မြေကွက်တစ်ခြမ်းပေါ်ရှိ သွပ်မိုး၊ ပျဉ်ကာ အုတ်ကာလုံးချင်းနှစ်ထပ်၊ ဥပစာအလွတ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အမွေဆိုင်မောင်နှမ(၈)ဦးလုံး၏ အမွေဆိုင်ပစ္စည်းဖြစ်ကြောင်းနှင့် အမွေဆိုင်ပစ္စည်းကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လျှုဒါန်း၊ ငှားရမ်းခြင်းအပါအဝင် မည်သည့်လွှဲပြောင်းပြုလုပ်မှုမျိုးကိုမျှ မပြုမလုပ်ရန် သက်ဆိုင်သူများနှင့် အများသိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးမောင်ဌေးနှင့် အမွေဆိုင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်တင်ချိုလတ်(အောင်လံ)** | **ဦးကျော်မြင့် (စဉ်-၆၁၇၂)** | **ဦးမြဇော် (စဉ်-၈၄၈၇)** |
| **LL.B (စဉ်-၁၇၁၁၀)** | **B.A (Law), LL.B.,D.B.L.,D.M.L.,D.I.L.,** | **LL.B.,D.B.L.,D.I.L., D.M.L** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံး-အမှတ်(၃၇)၊ ပထပ်၊ လမ်း(၃၀)အောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-421111320**

## အများသိစေရန်နှင့် အသိပေးကြေညာခြင်း

မရန်ကြီးချွင်(ခ)နန်းဥမ္မာခိုင်[၁၃/လကန(နိုင်)၀၀၆၄၄၇]ကိုင်ဆောင်သူသည် (၃၀-၁၂-၂၀၂၂)ရက်နေ့ကစပြီး ခင်ပွန်းဖြစ်သူ ကျော်ဝင်းနိုင်[၉/ခအဇ(နိုင်)၀၁၈၃၅၀]နှင့် အတူနေထိုင်ခြင်းမရှိဘဲ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ StarCity Condoရှိနေအိမ်သို့ ပြန်လည်ရောက်ရှိနေထိုင်ခဲ့ပါသဖြင့် ခင်ပွန်းဖြစ်သူ ကျော်ဝင်းနိုင်မှာ ကျွန်ုပ်၏မိတ်ဆွေနှင့်လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေးကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းသီတာမော် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၇၀၁၂)**
**ဖုန်း- ၀၉-၄၃၀၉၈၁၈၆**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၁)၊ မြေကွက်အမှတ် (၁၁)၊ မြေဧရိယာ (၀. ၀၅၅) ဧကရှိ ဦးကျော်တင့် (PAG-109220) [၁၀/မလမ(နိုင်)၀၂၅၀၄၉] အမည်ပေါက် နှစ် (၆၀) အငှားဂရန်မြေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မျက်နှာမူလျှင်ယာဘက်ရှိ အကျယ်အဝန်း (၂၀x၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၁)၊ မြိတ်လမ်း၊ (၂၁)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်စွဲကပ်တည်ရှိနေသော အရာများ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်က တရားဝင်ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံ ရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆိုပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော် (B.Sc, H.GP, D.B.L, D.A. Psy) အထက်တန်းရှေ့နေ(စဥ် – ၁၈၆၀၉)**
**အမှတ် (၁၂၄)၊ (၅၂)လမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## မြေကွက်များဝယ်ယူမည်ဖြစ်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ၁၄၄-ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၃၆၈/၃၆၉) ဟု ခေါ်တွင်သော (၈၀'x ၇၀') မြေကွက်နှစ်ကွက်တွဲနှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းငွေ [၁၂/ကမရ(နိုင်)၀၂၀၀၂၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဉာဏ်ပိုင်စိုး [၁၂/ကတတ(နိုင်)၀၂၆၆၉၄] က ဝယ်ယူရန် စရန်ငွေ တချို့တစ်ဝက် ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** | |
|---|---|---|
| **ဦးဉာဏ်ပိုင်စိုး** | **ဒေါ်အိမွန်ကျော်** | **ဦးရန်နိုင် (မြောင်းမြ)** |
| | **LL.B, D.I.L** | **LL.B(RASU); C.WIPO(Geneva)** |
| | **အထက်တန်းရှေ့နေ** | **C.Eng: Dip. Eng(U.K):** |
| | **(စဥ် – ၅၀၄၇၂/ ၂၀၁၈)** | **C.Arabic IV(Cairo)** |
| | **၅၂ – မြေညီ၊ ၁၅၇ လမ်း၊** | **တရားလွှတ်တော်ရှေ့နေ** |
| | **တာမွေမြို့နယ်။** | **(စဥ် – ၂၈၁၉/၈-၁၁-၁၉၈၄)** |

**Ph:09-250821486**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆) ရပ်ကွက်၊ ၃၈-လမ်း၊ အမှတ်-၁၃၉၊ ဒုတိယထပ်၊ အခန်းအမှတ်-၁၂၊ ဧရိယာ (၁၂ $\frac{၁}{၂}$ပေ x၅၀ ပေ) အကျယ်အဝန်းရှိ ရေ၊ မီးစုံ အပါအဝင် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဒေါ်ရီရီလွင် [၁၂/ကတတ (နိုင်) ၀၁၈၇၇၆] ကိုင်ဆောင်သူမှ မိမိကိုယ်တိုင်တရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံလျက် ၎င်းမှအပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်သဘောတူသည့်အတွက် ရောင်းချရန်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာကန့်ကွက်လိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ဤကြေညာပါသည့်နေ့မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကေခိုင်ဦး (LL.B, LLM)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၈၈၄၃)**
**အမှတ်-၁၄၃၊ ဒုတိယထပ်၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၂၀၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈) ရပ်ကွက်၊ ၃၉-လမ်း (အထက်)၊ အမှတ် (၂၄၄)၊ မြေညီထပ် (ယာ)၊ (တိုက်ကိုမျက်နှာမူလျှင်ညာဘက်)၊ အကျယ်အဝန်း (၁၂ $\frac{၁}{၂}$x ၅၀)ပေရှိ တိုက်ခန်း နှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်အေး [၁၂/ကတတ (နိုင်) ၀၁၉၀၁၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး**
**[LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဥ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ TTEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade(7)မှ မအိန္ဒြေအောင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇာဏီစိုး[၇/ပခန(နိုင်)၂၆၅၁၅၆]ဖြစ်ပါသည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၃၁)၊ ဦးပိုင်အမှတ်(၂၃-တ)၊ ၄၈လမ်းx၁၀၉.C လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်စန်းရီ ၏ [SP ရသူ ဦးသိန်းမင်းထက်(ခ) သက်ပိုင်ဝင်းလွင်]ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၁၃၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန္ဒာခေတ်[၉/အမရ(နိုင်)၀၈၇၆၉၇]က အမှုတွဲအမှတ်-၄၄၁၀/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၈)၊ ဦးပိုင်အမှတ်(၃၅-ခ)၊ လမ်း၃၀ x ၇၂ လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်လေးဆွေ[၉/မရမ(နိုင်)၀၃၀၆၃၈]၊ ဒေါ်ခင်လေးမေ[၉/မရမ(နိုင်)၀၃၀၅၇၂] တို့က အမှုတွဲအမှတ် ၄၄၂၁/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၁၁၁-စ)၊ ၂၁ လမ်းနှင့် ၆၄ လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးသန်း[၁၀/မဒန(နိုင်)၀၀၇၀၁၉]၏(SP ရသူ ဦးစန်းဝင်းမောင်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၂၄၃၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ဝင်းကြည်[၉/မနမ(နိုင်) ၀၉၆၅၉၂]က အမှုတွဲအမှတ် ၄၄၁၅/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈/သံခင်း)၊ မြေကွက်အမှတ်(၄၃-က)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ **ဒေါ်မြတ်မွန် [၁၂/ရပသ(နိုင်)၀၂၂၀၃၄]**အမည်ပေါက်မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၃-က)၊ ယုဇနလမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူမှ ရောင်းချခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဦးစိုးအောင် [၁၂/ရပသ(နိုင်)၀၇၀၂၆၅]**က ၎င်းလက်ဝယ်ရှိ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်း အဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်ရ –**
**ဒေါ်မင်းသူ့နှီးဖြိုး [LL.B,D.I.P.L,DL-101WIPO(Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၈၄၆)**
**ဖုန်း – ၀၉-၇၉၉၆၆၄၅၅၇၊ ၀၉-၇၉၉၆၆၄၅၅၆ ၊ ၀၉-၅၀၄၉၁၇၄**
**အမှတ်-၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်မိုးနွယ် [၁၁/မပတ(နိုင် ) ၀၆၇၂၅၄] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် (၂)လမ်း၊ တိုက်အမှတ်(၃၂)၊ A5ဒါဘာခန်း၊ အလျား (၁၁)ပေခွဲxအနံ (၄၇)ပေရှိလူနေတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော ရေ၊ လျှပ်စစ် မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် အဆိုပါတိုက်ခန်းအား ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစိုးဝင်း [၁၂/လမန(နိုင်)၀၃၅၅၆၅] ထံမှ အပြီးအပြတ် ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုကြေညာပါသည့် နေ့မှစ၍ ပိုင်ဆိုင်မှု မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုကေခိုင် (LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၄၃၁၄၉)**
**အမှတ်(၆)၊ ဒုတိယထပ်(A)၊ မြသီတာလမ်း၊ ကျွန်းမြောက်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၄၄၀၉၉၅၉၉**

## ဦးငြိမ်းချမ်းသူ(ခ)ဖိုးသား [၁၃/နစန(နိုင်) ၀၆၄၉၉၀] နှင့် အများသိစေရန်ကြေညာခြင်း

နမ့်စန်မြို့၊ အမှတ် (၄) ရပ်ကွက်တွင်နေထိုင်သူများဖြစ်ကြသော ကျွန်ုပ်တို့ အမှုသည်များဖြစ်ကြသည့် ဒေါ်ဇင်မာအောင် [၁၃/နစန (နိုင်) ၀၆၄၅၆၅] နှင့် ဒေါ်နှင်းနုနုနိုင် [၁၃/နစန(နိုင်)၀၇၈၁၅၇] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏အမှုသည်များသည် လွန်ခဲ့သော (၁) နှစ်ခန့်မှစ၍ တောင်ကြီးမြို့၊ ရှမ်းရိုးမတိုက်တန်း၊ ကျောက်ကြီးစုရပ်ကွက်တွင် Bunny Bar & Restaurant ဖွင့်လှစ်ပြီး အဆိုပါဆိုင်တွင် ဦးငြိမ်းချမ်းသူ (ခ) ဖိုးသား [၁၃/နစန (နိုင်) ၀၆၄၉၉၀] ကို ယုံကြည်စိတ်ချသဖြင့် စားသောက်ဆိုင်တစ်ခုလုံးအား လွှဲအပ်ထားခဲ့ပြီး မန်နေဂျာ ရာထူးခန့်အပ်ထားခဲ့ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေမှ ယုံကြည်စွာဖြင့် ခန့်အပ်ထားသူ ဆိုင်မန်နေဂျာ ဦးငြိမ်းချမ်းသူ (ခ) ဖိုးသားသည် ကျွန်ုပ်တို့ မိတ်ဆွေ၏စိတ်ချယုံကြည်မှုကို အလွဲသုံးစားပြုလုပ်ပြီး ဆိုင်၏ရောင်းရငွေများကို စာရင်းများ မရှင်းလင်းဘဲယူဆောင်ပြီး ဆိုင်မှ အကြောင်းမကြားဘဲထွက်သွားပြီး ယနေ့တိုင် ကျွန်ုပ်တို့မိတ်ဆွေထံသို့ ဆက်သွယ်ခြင်းမရှိပါသဖြင့် ဦးငြိမ်းချမ်းသူ (ခ) ဖိုးသားသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ဆိုင်မှ ယူဆောင်သွားသည့်ငွေများကို လာရောက်စာရင်းရှင်းလင်းပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဟန်စုကျော် LL.B, D.B.L, D.M.L** | **ဒေါ်အေးနန္ဒာအောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၈၂၀၁)** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၇၄၄၃)** |

**ဒေါ်ဝေဝေမွန် LL.B**
**အထက်တန်းရှေ့နေ (စဥ်-၅၀၄၅၇)**
**အမှတ်-၅၆၃၊ ၁၀၃ (G) ၊ MAC Tower I ၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၅၈၀၀၊ ၀၉-၇၇၄၄၀၉၁၆၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် (၂၁)၊ ပထမထပ် (ခေါင်းရင်းခန်း)၊ ( တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်)၊ အကျယ်အဝန်း (၁၂ $\frac{၁}{၂}$ x ၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရှင်ယုခင်(ခ)ခင်ခင်ဦး [၁၂/လသန(ဧည့်) ၀၀၁၀၃၅] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဥ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉-၉၇၅၀၂၁၈၄၁**

## (၂၀-၉-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ စာ( ၃၁ )ပါ ဒေါ်ခင်နန်းမွန် [၁၂/ပဇတ(နိုင်) ၀၁၈၁၈၈]နှင့် ဒေါ်နန်းကြည်မေ (LL.B, LLM)(တရားလွှတ်တော်ရှေ့နေ)စဉ်- ၇၃၂၁/၂၀၀၅ တို့၏ အများသိရှိစေရန် ကြေညာချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၆)လမ်း၊ အမှတ်(၂၉)နေ ဦးမောင်ငွေး [၁၂/မဂတ(နိုင်)၀၅၄၄၄၂]နှင့် အမွေဆိုင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၉)လမ်း၊ အမှတ်(၁၅)၊ (၂)ခန်းတွဲနှစ်ထပ်၊ (၁၅' x ၆၀')အကျယ်(၄)ခန်းပါ အဆောက်အဦအနက်မှ မြေညီထပ်နှစ်ခန်းနှင့် အဆောက်အဦကို မျက်နှာမူလျှင် (လက်ဝဲဘက်ပထမထပ်အခန်း)တစ်ခန်း၊ စုစုပေါင်း အခန်း(၃)ခန်းနှင့်ပတ်သက်၍ ဒေါ်ခင်နန်းမွန်၏ ခင်ပွန်း ကွယ်လွန်သူ ဦးလှရွှေ [၁၂/မဂတ(နိုင်) ၀၅၄၄၄၀]သည် တရားဝင်စာချုပ်စာတမ်းများဖြင့် ဥပဒေနှင့်အညီ ဝယ်ယူလက်ရောက်ရယူပိုင်ဆိုင်ခဲ့သည် ဆိုသည့်အချက် မမှန်ပါ။ အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ ၁၉၉၈ ခုနှစ်တွင် အဆောက်အဦကို ပြုပြင်မွမ်းမံ၍ ငှားရမ်းထားခြင်းကိစ္စမမှန်ပါ။ အဆိုပါပစ္စည်းများမှာ ဦးမောင်မောင်+ ဒေါ်လှစိန်တို့ပိုင်ပစ္စည်းဖြစ်ပါသည်။ ဦးမောင်မောင်+ဒေါ်လှစိန်တို့တွင် သားသမီး(၈)ဦးရှိပြီး ဒေါ်ခင်နန်းမွန်၏ ခင်ပွန်း ကွယ်လွန်သူ ဦးလှရွှေမှာ သားသမီး(၈)ဦးအနက် (၃)ဦးမြောက်သားတစ်ဦးသာ ဖြစ်ပါသည်။

၁၉၉၈ ခုနှစ်တွင် အဆောက်အဦကို ပြုပြင်မွမ်းမံသည်ဆိုသည့်ကိစ္စမမှန်ပါ။ မိဘများပိုင်ပစ္စည်းဖြစ်၍ ကျန် အမွေဆိုင်သားသမီးများကလည်း ဝိုင်းဝန်းပြုပြင်မွမ်းမံပြင်ဆင်ခဲ့ကြခြင်းဖြစ်ပါသည်။ စီမံခန့်ခွဲပြီး အကျိုးခံစားခဲ့သည်မှာ (၂၅)နှစ်ခန့်ကြာမြင့်ပြီဆိုသည့်အချက်မမှန်ပါ။ အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ အမွေဆိုင်ပစ္စည်းအပေါ် ဦးလှရွှေသည် အကျိုးခံစားခဲ့ခြင်းဖြစ်ပါသည်။ လူကြီးမင်းနှင့် လူကြီးမင်း၏ သား(၃)ဦးသည် ကွယ်လွန်သူ ဦးလှရွှေ၏ တစ်ဦးတည်းပိုင် ပစ္စည်းမဟုတ်သဖြင့် အစ္စလာမ် ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဦးလှရွှေ၏ အမွေကို ခံစားပိုင်ခွင့်မရှိပါ။ ဦးလှရွှေ အပါအဝင် အမွေဆိုင်ညီကိုမောင်နှမ(၈)ဦး၏ အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ အမွေဆိုင်ပစ္စည်းအပေါ် ကျန်အမွေဆိုင်များကို ခွဲဝေခြင်းမရှိဘဲ အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခွင့်မရှိပါ။ အမွေဆိုင်ပစ္စည်းဖြစ်သည့်အတွက် လူကြီးမင်း၏ ခင်ပွန်းမဆုံးမီ (၃-၈-၂၀၂၁)နေ့ မတိုင်မီကတည်းက အမွေဆိုင်ပစ္စည်းဖြစ်ကြောင်း သိရှိလက်ခံခဲ့ကြပြီး လူကြီးမင်းခင်ပွန်း ကွယ်လွန်သွားမှ ယခုကဲ့သို့ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် သတင်းစာတွင် ကြေညာခဲ့ခြင်းဖြစ်ပါသည်။ လူကြီးမင်းတို့၏ (၂၀- ၉-၂၀၂၃)နေ့ စာ(၃၁)ပါ ကြေးမုံသတင်းစာကြေညာချက်နှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း အများသိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

အထူးသတိပေးလိုသည်မှာ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၉)လမ်း၊ အမှတ်(၁၅)၊ (၂)ခန်းတွဲနှစ်ထပ်၊ (၁၅x၆၀)ပေအကျယ်၊ (၄)ခန်းပါ အဆောက်အဦ အနက်မှ မြေညီထပ်နှစ်ခန်းနှင့် အဆောက်အဦကို မျက်နှာမူလျှင် (လက်ဝဲဘက်ပထမထပ်အခန်း)တစ်ခန်း၊ စုစုပေါင်း အခန်း(၃)ခန်းနှင့်ပတ်သက်၍ အမွေဆိုင်မောင်နှမ(၈)ဦးလုံး၏ အမွေဆိုင်ပစ္စည်းဖြစ်ကြောင်းနှင့် အမွေဆိုင်ပစ္စည်းကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ ငှားရမ်းခြင်း အပါအဝင် မည်သည့်လွှဲပြောင်း ပြုလုပ်မှုမျိုးကိုမျှ မပြုမလုပ်ရန် သက်ဆိုင်သူများနှင့် အများသိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးမောင်ငွေးနှင့်အမွေဆိုင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်တင်ချိုလတ်(အောင်လံ)** | **ဦးကျော်မြင့် (စဥ်-၆၁၇၂)** | **ဦးမြဇော် (စဥ်-၈၄၈၇)** |
| **LL.B (စဥ်-၁၇၁၁၀)** | **B.A (Law), LL.B.,D.B.L.,D.M.L.,D.I.L.,** | **LL.B.,D.B.L, D.I.L., D.M.L.,** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံး-အမှတ်(၃၇)၊ ပထပ်၊ လမ်း(၃၀)အောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph-09-421111320**

## အယူခံမှုကို ဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၄၁၊ နည်းဥပဒေ- ၁၄)**

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၁၉ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ်- ၁၂၆**

ဦးညွန့်ရီ နှင့် ဦးအောင်ချို [၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမင်းခေါင်ရဲ(ခ)ဦးရဲဝင်း]

**(အယူခံတရားလို) အယူခံတရားပြိုင်)**

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှု အမှတ် ၅၃၉ /၂၀၁၄ အမှုတွင် ချမှတ်သော အမိန့်အပေါ် အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၁)ရပ်ကွက်၊ ယမုံနာ(၁) လမ်း၊ အမှတ်(၁၆၈)၊ (၄)လွှာနေ အယူခံတရားပြိုင် ဦးအောင်ချို (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ထိုအယူခံမှုကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက် (၁၃၈၄ ခုနှစ်၊ တော်သလင်းလဆုတ် ၁၄ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သူဟန်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်- ၅၁၃/၃၊ ဦးပိုင်အမှတ် (၉၁)၊ ၅၄.A လမ်း၊ ၂၇x၂၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အေးအေးမင်း [၉/မရမ(နိုင်)၀၇၂၂၃၁]၊ ဦးကျော်တင်လင်း [၉/မရမ(နိုင်)၀၉၂၄၄၉]၊ ဒေါ်မြနှင်းစု(ခ)ဖောင်းဖောင်း [၉/ခအဇ(နိုင်)၀၀၃၁၉၅]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၅၉၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးနေလင်းအောင် [၅/မမန(နိုင်)၀၄၂၂၃၅]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၅)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ မြေကွက်အမှတ် (၄၀၅)၊ မြေဧရိယာ (၄၀x၆၀)ပေ၏ ခေါင်းရင်းခြမ်း (၁၀x၆၀)ပေပေါ်ရှိ အိမ်နှင့်ခြံအား မြေချပါမစ်အမည်ပေါက်ဖြစ်သူ ဒေါ်သောင်းကြည် [၁၂/သဃက(နိုင်)၀၁၁၁၈၉] ကိုင်ဆောင်သူထံမှ အဆက်ဆက်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်ဝင်း [၁၂/သကတ(နိုင်)၀၀၂၇၃၀] ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်မ၏မိတ်ဆွေ ဒေါ်နွယ်နွယ်ဝင်း [၈/ရစက(နိုင်)၁၄၇၉၆၁] ကိုင်ဆောင်သူမှ ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက မူရင်းစာရွက်များ ကိုင်ဆောင်ပြီး (၂၁)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နွယ်နွယ်ဝင်း**
**[၈/ရစက(နိုင်)၁၄၇၉၆၁]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်မို့မို့ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၇၂၃၆) (၄-၁၀-၂၀၂၁)**
**အခန်းအမှတ် (၃၀၄)၊ တိုက်-၃၃ (လေးလွှာ)**
**ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်။**
**Ph: 09-420198878**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၂၂ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၁**

၁။ ဦးမြင့်လွင် နှင့် ဦးခင်မောင်သန်း
၂။ ဒေါ်ကြူကြူဝင်း(ခ)မမော်

**(လျှောက်ထားသူများ) (လျှောက်ထားခံရသူ)**

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်စွဲပါ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၀/၂၀၂၀ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဈေးသစ်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း (တာတူး ဒံပေါက်ဆိုင်ဘေး)၊ အမှတ်(၃၄)နေ လျှောက်ထားခံရသူ ဦးခင်မောင်သန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက် (၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အထူးကျေးဇူးတင်ရှိခြင်း

၂၀၂၂ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားခဲ့ပြီးဖြစ်သော ကျေးဇူးရှင်မိခင်ကြီး ဒေါ်သန်းသန်းဝင်း၏ နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ မျှဝေခံစားနှစ်သိမ့်အားပေးကူညီခဲ့ကြသော ဌာနဆိုင်ရာအကြီးအကဲများနှင့် လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်း မိသားစုအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**
**၂၄-၉-၂၀၂၂**

## ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်(၄၆၄)၊ ၇-လွှာ မျက်နှာမူလျက်(ညာ)ဟု ခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါတိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသော **ဒေါ်တင်စိန် [၁၂/တမန(နိုင်)၀၇၀၀၅၆]**၏ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- **၇၃၄၁/၂၀၁၇** အရ သားဖြစ်သူ **ဦးကျော်လွင် [၁၂/တမန(နိုင်)၀၆၈၄၂၅]**ထံက တိုက်ခန်းဝယ်ယူစဉ် စာချုပ်မူရင်းမှာပျောက်ဆုံးသွားကြောင်း ပြောဆို၍ မိမိတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ကြောင်း တရားရုံးကတိသစ္စာပြုလွှာတင်ပြပြီး ရောင်းချရန် ကမ်းလှမ်းချက်အရ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (စဉ်- ၄၀၃၅) LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇ ) B.Sc, Hon (IC), HGP R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B)(စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ (၁၅၃)ရပ်ကွက်၊ မြေကွက်အမှတ် (၂၈၂)၊ မြေအကျယ် (၄၀x၆၀)ပေ ပါမစ်မြေကို ပိုင်ဆိုင်သူ ဦးတင်မိုးဝင်း [၇/မညန(နိုင်)၀၇၆၄၆၅] ကိုင်ဆောင်သူမှ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံသည့်အတွက် ဒေါ်ဆုထားနိုင် [၉/မထလ(နိုင်) ၂၅၂၀၇၃]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါမြေကွက်အရောင်းအဝယ်ပြုမှုအတွက် ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုထားနိုင်**
**ဖုန်း- ၀၉-၅၀၆၈၄၀၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ မြေကွက်အမှတ်(၅၃)၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ မေခါဝီလမ်းမ၊ အမှတ်(၅၃) ဟုခေါ်တွင်သည့် (RC) (၂)ထပ်တိုက်နေအိမ်နှင့် နေအိမ်တွင် အခိုင်အမာစွဲကပ်တပ်ဆင်ပြီးဖြစ်သည့် ပစ္စည်းအရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်မျိုးညွန့် [၁၂/ဥကမ(နိုင်) ၀၃၉၁၃၅]၏ အထူးကိုယ်စားလှယ်စာရရှိသူ ဦးမင်းကောင်းစံ [၁၂/လမန(နိုင်)၁၅၄၅၈၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ်ချုပ်ဆို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် နေအိမ်တို့၏ ပိုင်ရေးဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးညီမင်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၈၅)**
**အမှတ်(၂၄)၊ ပထမထပ်၊ ရေကျော်၊ မြောင်းကြီးလမ်း၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၀၆၆၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့နယ်၊ ဝင်းပိုင်းရွာသစ်ကျေးရွာနေ ဦးကျော်ဦး (ဘ) ဦးလှကြည် [၁၂/ခရန(နိုင်)၁၀၂၀၁၇]နှင့် ဒေါ်အေးအေးမော် (ဘ) ဦးတင်ရွှေ [၁၂/ခရန(နိုင်)၀၇၆၇၉၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေများ၏ သားဖြစ်သူ မောင်ဇော်မင်းထွန်း (ဘ) ဦးကျော်ဦး [၁၂/ခရန(နိုင်)၁၄၀၆၆၈]သည် မိဘများအား စိတ်ဆင်းရဲမှုဖြစ်စေသည့် အပြောအဆို၊ အပြုအမူများ နေ့စဉ်ပြုမူပြီး၊ ၎င်း၏သဘောဆန္ဒအလျောက် လွန်ခဲ့သော (၃)နှစ်ခန့်က နေအိမ်မှဆင်းသွားသဖြင့် မောင်ဇော်မင်းထွန်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှ ငွေရေးကြေးရေးကိစ္စ၊ လူမှုရေးကိစ္စအပါအဝင် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းကြူကြူလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၇၄)**
**အမှတ်(၃၅၅)၊ ဇင်ယော်လမ်း၊ (၁)ရပ်ကွက်၊ ခရမ်းမြို့၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၀၂၃၀၇၄၃**

## မန်းသာစိန် (ခ) ဆရာ ဦးသာစိန်

**တွဲဖက်ပါမောက္ခ(BE.E.C)**

**GTI ပြည်၊ မအူပင်၊ သန်လျင်၊ ဟင်္သာတ၊ ဝါးခယ်မ၊ လပွတ္တာ**

**အသက် (၅၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ပေပင်တောင်ကျေးရွာအုပ်စု၊ သောင်တန်းကျေးရွာနေ အဖ(မန်းစံတင်)-အမိ(ဂွါအေးတင်)တို့၏ သား၊ မန်းကြီးရွှေ၊ ဂွါတင်လှိုင်၊ မန်းမောင်ကြန်၊ (မန်းမြရွှေ)တို့၏ ညီ၊ နမ့်မူမူဖောင်၏အစ်ကို မန်းသာစိန်(ခ)ဆရာဦးသာစိန်သည် ၂၃- ၉- ၂၀၂၂ (စနေနေ့) ညနေ ၃:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅- ၉- ၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၉-၂၀၂၂ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ (၁၂)၊ ရေကြည်ကန် (၂)လမ်း နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာယူမည် ဖြစ်ပါကြောင်းနှင့် ၂၉-၉-၂၀၂၂ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ပေပင်တောင်ကျေးရွာအုပ်စု၊ သောင်တန်းကျေးရွာနေအိမ်၌ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း တပည့်အပေါင်းနှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မြေအရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဥသျှောင်မြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ်(၄၄၄)၊ ဦးဇော်ထွန်းလင်း အမည်ပေါက်၊ နှစ်(၃၀) ဂရန်မြေ၊ (၆၀x၈၀)ပေ၊ ဧရိယာ(၀.၁၁၀)ဧက မြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်စာချုပ်ဖြင့် ပိုင်ဆိုင်လက်ဝယ်ရရှိထားသူ ဦးဇော်မျိုး [၇/ပခန(နိုင်)၁၈၈၉၇၃]မှ ကာလတန်ဖိုးနှင့်အညီ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေများမှ ဝယ်ယူရန်အတွက် စရန်ငွေအား ပေးအပ်ထားပြီးဖြစ်သဖြင့် အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုမောင်မောင်နှင့် မသင်းပပဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမွန်အောင် (LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၇၂)**
**အမှတ်(၁၀/မြေညီ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၉၉၉၁၁၁၆၄၊ ၀၉-၂၅၄၀၀၁၄၅၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ်- ၁၈၅/က၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတည်း (၃)ထပ်ခွဲတိုက်အဆောက်အဦ၏ မြေညီထပ်တိုက်ခန်းကို **ဦးခင်မောင်အေး [၁၂/တမန(နိုင်)၀၈၉၀၄၉]**က မိမိတရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဦးဝေဖြိုးဦးနှင့် ဒေါ်သူဇာခိုင်**တို့က အဆိုပါတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေဖြိုးဦး နှင့် ဒေါ်သူဇာခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအောင် (LL.B, D.B.A., D.B.L., D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၈၅)**
**အမှတ် (၃၈၃)၊ ၃-လွှာ/အေ၊ (၁၃)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၂၇၇၈၉၅၊ ၀၉-၇၉၉၂၉၄၈၉၄**

## TOYOTA WISH (4J/6620)မော်တော်ယာဉ်နှင့် ပတ်သက်၍အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ နာနတ်တောလမ်း၊ (ပြည်ရိပ်မွန်အိမ်ရာ)၊ တိုက်-၆၊ အခန်း (၂၄)နေ ဦးငွေအောင် [၁၂/မရက(နိုင်)၀၆၉၇၉၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အောက်ဖော်ပြပါအတိုင်း ကြေညာလိုက်သည်-

ဖော်ပြပါ TOYOTA WISH (4J/6620) မော်တော်ယာဉ်မှာ ဦးငွေအောင် အမည်ပေါက်ပိုင်ဆိုင်သည့် မော်တော်ယာဉ်ဖြစ်ပါသည်။ အဆိုပါယာဉ်မှာ ပျောက်ဆုံးနေသည့်အတွက် သက်ဆိုင်ရာမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ထားရှိပါသည်။ သို့ဖြစ်ပါ၍ TOYOTA WISH (4J/6620)ယာဉ်အား လက်ဝယ်ကိုင်ဆောင်ထားရှိသူ မည်သူမဆို အမည်ပေါက်ပိုင်ရှင် ဦးငွေအောင်ထံသို့ ပြန်လည်လာရောက်အပ်နှံရန်နှင့် လာရောက်အပ်နှံခြင်းမရှိဘဲ လက်ဝယ်ကိုင်ဆောင်ထားရှိပါက လက်ဝယ်ကိုင်ဆောင်ထားသူ မည်သူမဆို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ညိမ်းညိမ်းထွေး (LLB.DBL)** | **ဒေါ်တင်တင်ညို (LL.B)** | **ဒေါ်နန့်အိဆုမွန် (LLB)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၇၂)** | **အထက်တန်းရှေ့နေ (စဉ်-၄၉၄၀၁)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၇၉၃၉၆၇၂၈၄**

## ရေချွေတာရေး နည်းလမ်းများ

❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။

❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။

❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်...

❖ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကိုအဓိက တည်ဆောက်ကြရ...

❖ နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေး တိုးတက်မှုများသည် ပညာတတ်ပေါကြွယ်ဝမှုနှင့် တိုက်ရိုက်အချိုးကျနေ...

❖ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ ပေါကြွယ်ဝရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)


**ယနေ့ ဖတ်စရာ**


အာရှနှင့် ပစိဖိတ်ဒေသအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် သက်ရောက်နိုင်မှု အလားအလာများ
ဆောင်းပါး စာမျက်နှာ » ၆

အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ ၂၁ ဌာနသို့ ဒေသစာရီ ကြွချီအပူဇော်ခံမည်
စာမျက်နှာ » ၈

ရှမ်း(မြောက်)ကို လှမ်းပါလို့ ရွှေမန်းဆီသို့ ဝင်ခဲ့သည်
ဆောင်းပါး စာမျက်နှာ » ၁၀


## အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



ရန်ကုန် စက်တင်ဘာ ၂၃

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက်က ဟန်ကျိုးမြို့ရှိ Hangzhou Olympic Sports Centre Stadium ၌ ကျင်းပသည်။

တရုတ်နိုင်ငံအနေဖြင့် အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် သုံးကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်နိုင်ငံများ ကွင်းအတွင်း နေရာယူကြပြီး ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ခဲ့သည်။ (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံပေါင်း ၄၅ နိုင်ငံမှ အင်အားစုစုပေါင်း ၁၀၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင် လျက်ရှိသည်။ ပြိုင်ပွဲကို အောက်တိုဘာ ၇ ရက်အထိ စာမျက်နှာ ၂၃ ကော်လံ ၅ သို့ ❂

## ၂၀၂၃ ခုနှစ် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသား ဘောလုံးပြိုင်ပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂၃

(၁၉)ကြိမ်မြောက်အာရှအားကစားပွဲတော်ကို တရုတ်နိုင်ငံ ဟန်ကျိုးမြို့တွင် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကျင်းပလျက်ရှိရာ အုပ်စု(A)၏နောက်ဆုံးပွဲစဉ်အနေဖြင့် မြန်မာအမျိုးသား လက်ရွေးစင်အသင်းနှင့် အိန္ဒိယအသင်းတို့သည် စက်တင်ဘာ ၂၄ ရက် မြန်မာစံတော်ချိန် ညနေ ၆နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါပွဲစဉ် ယှဉ်ပြိုင်ကစားကြပုံကို ညနေ ၅ နာရီ ၄၅ မိနစ်တွင် မြန်မာ့ရုပ်မြင်သံကြား MRTV HD၊ MRTV Sports Channel၊ MRTV Farmer's Channel၊ MRTV Parliament Channel နှင့် မြန်မာ့အသံရေဒီယိုတို့တွင် တိုက်ရိုက်(Live)ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲအဖြစ် မြန်မာနှင့် အိန္ဒိယ ယနေ့ကစားမည်

ရန်ကုန် စက်တင်ဘာ ၂၃

(၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုတတိယနေ့ကို စက်တင်ဘာ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲအဖြစ် မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲများကို တစ်ချိန်တည်း ကစားမည်ဖြစ်ပြီး အုပ်စု (က) နောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၂၄ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် မြန်မာအသင်းနှင့် အိန္ဒိယအသင်း၊ အိမ်ရှင်တရုတ်အသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒုတိယနေ့အပြီးတွင် တရုတ်အသင်းက ခြောက်မှတ်ဖြင့် နောက်တစ်ဆင့်သို့ စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❖




မြန်မာအသင်း ကစားသမားများကို တွေ့ရစဉ်။